စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ ဧပြီလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် – ၁၄ မှ ၁၆/၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၄ / ၂၀၂၂)    ၂၀၂၂ ခုနှစ်၊ ဧပြီလ(၇) ရက်

| ၇-၄-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၂၀၁၂.၈ |
| စင်္ကာပူဒေါ်လာ | ၁၃၅၉.၆ |
| စတာလင်ပေါင် | ၂၄၂၀.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၄၉၄.၆ |
| တရုတ်ယွမ် | ၂၉၀.၇၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၆.၀၃ |
| အိန္ဒိယရူပီး | ၂၄.၃၆၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၆၇ |
| မလေးရှား ရင်းဂစ် | ၄၃၈.၅၇ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၉၈၉ |
| ထိုင်းဘတ် | ၅၅.၂၅၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၉၃၃ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- တောင်ကိုရီးယားနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများ၏ တင်သွင်းမှုဈေးနှုန်းများ (၃၀) ရာခိုင်နှုန်းကျော် မြင့်တက်မှုအခြေအနေ
- ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၅.၃ သန်းအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်း
- ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုမှ ပြောင်းစေ့တန်ချိန် ၁၁၈.၁၁၅ သန်းထွက်ရှိရန် ခန့်မှန်း
- ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံအရောင်းအဝယ်များ ပြန်လည်မြင့်တက်လာသဖြင့် ဘရာဇီးလ်သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ ပြန်လည် မြင့်တက်လာ
- ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုမှ ပြောင်းတန်ချိန် ၁၂၄ သန်း ထွက်ရှိနိုင်ရန် ခန့်မှန်း
- CPF ကုမ္ပဏီအနေဖြင့် ဆော်ဒီအာရေဗျသို့ ပထမဦးဆုံးအကြိမ်အဖြစ် ကြက်သား တင်ပို့ခြင်း (ထိုင်းနိုင်ငံ)
- စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်ခွင့် ကန့်သတ်သည့်ကာလ အိန္ဒိယအစိုးရက တိုးမြှင့်သတ်မှတ်ခြင်း
- တရုတ်နိုင်ငံက ကုန်သွယ်မှု ပိတ်ပင်တားဆီးလိုက်ခြင်းကြောင့် ဩစတြေးလျမုယောစပါး တင်ပို့သူများက ဘီယာထုတ်လုပ်သည့်နိုင်ငံဈေးကွက်များ ရှာဖွေလျက်ရှိခြင်း

- နယူးဆောက်ဝေးလ်ပြည်နယ်ရှိ ဆိတ်သားထုတ်လုပ်သူများ ထုတ်လုပ်မှု (၂) ဆ တိုးလာခြင်း
- ကောက်ပဲသီးနှံထုတ်လုပ်မှုကို ပံ့ပိုးရန် မူဝါဒများ ချမှတ်လိုက်သည့် တရုတ်နိုင်ငံ

## ▪ အထွေထွေသတင်းများ

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ
- ဟောင်ကောင်ဒေသ၏ စီးပွားရေးဆိုင်ရာ သတင်းများ
- ဩစတြေးလျနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ
- တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဆက်စပ်သတင်းများ တင်ပြခြင်း
- ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ကမ္ဘာ့သီးနှံဈေးကွက်များအပေါ် သက်ရောက်မှု လေ့လာသုံးသပ်
- ဘဏ္ဍာရေးဝန်ကြီး Arkhom က ၂၀၂၂ ခုနှစ်တွင် ပြည်ပပို့ကုန်တင်ပို့မှု (၁၀%) တိုးတက်မှုရရှိရန် မျှော်မှန်းထားခြင်း (ထိုင်းနိုင်ငံ)
- မော်တော်ကားထုတ်လုပ်သူများအနေဖြင့် မော်တော်ကားအစိတ်အပိုင်းများ ပြတ်လပ်မည်ကို စိုးရိမ်လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)
- အိန္ဒိယ-ဩစတေးလျ နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

## တောင်ကိုရီးယားနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများ၏ တင်သွင်းမှုဈေးနှုန်းများ (၃၀) ရာခိုင်နှုန်းကျော် မြင့်တက်မှုအခြေအနေ

တောင်ကိုရီးယားနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများ၏ သွင်းကုန်ဈေးနှုန်းများမြင့်တက်လာခြင်းဖြင့် နိုင်ငံ၏စားသုံးသူဈေးနှုန်း (Consumer Price) များသည်လည်း ယခု ရက်ပိုင်းအတွင်း သိသာစွာတိုးမြင့်လာခဲ့ကြောင်း၊ Korea Trade Statistics Promotion Institute ၏ အချက်အလက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ထုတ်ကုန်များ၏ သွင်းကုန်ဈေးနှုန်း ညွှန်းကိန်း(Import Price Index)သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၁၁၂.၆) သို့ရောက်ရှိခဲ့ပြီး ယခင်နှစ် ကထက် (၃၁.၇) ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

Import Price Index သည် ၂၀၁၅ ခုနှစ်တွင် (၁၀၀) အဆင့်တွင်ရှိခဲ့သည်ဟုယူဆ၍ တွက်ချက်ထားပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် (၃၃.၅) ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် (၃၁.၅) ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၃၁.၇) ရာခိုင်နှုန်း စသည်ဖြင့် (၃)လ ဆက်တိုက်ဆက်လက်တိုးမြင့်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လယ်ယာထွက်ကုန်များ၏ သွင်းကုန်ဈေးနှုန်းများသည် ယခင်နှစ်ကာလတူထက် (၃၃.၃) ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း၊ ကောက်ပဲသီးနှံများတွင် ပဲတီစိမ်း တင်သွင်းမှုဈေးနှုန်းသည် (၆၈.၁) ရာခိုင်နှုန်း၊ ဂျုံမှုန့်တင်သွင်းမှုဈေးနှုန်းသည် (၅၈.၄) ရာခိုင်နှုန်း၊ တိရစ္ဆာန် အစာအဖြစ်အသုံးပြုသည့် ပြောင်းတင်သွင်းမှုဈေးနှုန်းသည် (၅၂.၄) ရာခိုင်နှုန်း၊ စားသောက်ကုန်လုပ်ငန်း များအတွက်အသုံးပြုသည့် ပြောင်းတင်သွင်းမှုဈေးနှုန်းသည် (၄၂.၃) ရာခိုင်နှုန်း စသဖြင့် အသီးသီးမြင့်တက် လာခဲ့သည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ဂျုံနှင့် ပြောင်းတို့သည် ပြုပြင်ပြီးစားသောက်ကုန်အမျိုးမျိုး အတွက်ကုန်ကြမ်းအဖြစ် အသုံးပြုရသောကြောင့် ၎င်းတို့၏သွင်းကုန်ဈေးနှုန်း မြင့်တက်လာမှုသည် စားသုံးသူများ၏ဈေးနှုန်းကြီးမြင့်မှုကို တိုက်ရိုက်သက်ရောက်မှုရှိစေပါသည်။

ဟင်းသီးဟင်းရွက်များတွင် မုန်လာဥဖြူဈေး (၂၇၀.၆) ရာခိုင်နှုန်း၊ မုန်လာဥနီ (၆၁.၈) ရာခိုင်နှုန်း၊ ကြက်သွန်နီ (၅၇.၃) ရာခိုင်နှုန်းနှင့် ကြက်သွန်ဖြူ (၅၂.၃) ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ သစ်သီးများတွင် နာနတ်သီး (၂၀.၇) ရာခိုင်နှုန်း၊ စပျစ်သီး (၁၉.၁) ရာခိုင်နှုန်းနှင့် သံပုရာသီး (၁၃.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးထွက်ကုန် သွင်းကုန်ဈေးနှုန်းများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက (၃၆.၇) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ အမဲသားဈေးနှုန်းသည် (၄၇ မှ ၅၃) ရာခိုင်နှုန်း၊ ကြက်သား ဈေးနှုန်းသည် (၄၇.၅) ရာခိုင်နှုန်းနှင့် ဝက်သားဈေးနှုန်း

သည် (၆.၄) ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ရေထွက်ကုန်များ၏ဈေးနှုန်းများသည် ပျမ်းမျှအနေဖြင့် (၁၃.၅) ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး၊ ငါးအရှင်သည် (၃၈.၆) ရာခိုင်နှုန်း၊ လတ်ဆတ်သောငါး (၃၀) ရာခိုင်နှုန်းနှင့် အေးခဲငါး (၈.၈) ရာခိုင်နှုန်းခန့် အသီးသီးဈေးနှုန်းများ မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

ဤကဲ့သို့ ဈေးနှုန်းများမြင့်တက်လာမှုသည် အဓိကအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စီးပွားရေးပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်နေစဉ်တွင် ကမ္ဘာ့ဝယ်လိုအား သိသိသာသာ တိုးတက်လာခြင်းနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ရုရှား-ယူကရိန်းနယ်မြေ ပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်၊ မတ်လတွင် သွင်းကုန်ဈေးနှုန်းများသည် သိသိသာသာ တိုးမြင့်လာခြင်းတို့ကြောင့် ဈေးကွက်လေ့လာသူများကသုံးသပ်ကြပါသည်။ သွင်းကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်း၏ အခြားသောအကြောင်းရင်းတစ်ခုမှာ ငွေလဲနှုန်းဖြစ်ပါသည်။ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်လျှင် တောင်ကိုရီးယားငွေကြေး၏ ခိုင်မာမှုသည်အားနည်းသည့်အလျောက် ယခင်နှစ်(၁၅-၂-၂၀၂၁) ရက်နေ့တွင် အမေရိကန်ဒေါ်လာ(၁) ဒေါ်လာလျှင် (၁,၁၀၀.၄) ဝမ်ရှိခဲ့ရာမှ ယခုနှစ် (၁၅-၂-၂၀၂၂) ရက်နေ့တွင် (၁,၁၉၉.၈) ဝမ်သို့ မြင့်တက်လာခဲ့ကြောင်း၊ (၂၄-၂-၂၀၂၂) ရက်နေ့နောက်ပိုင်းတွင် (၁,၂၀၀) ဝမ်အထက်တွင်သာ ဆက်လက်ရပ်တည်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ကိုရီးယားဝမ်ငွေတန်ဖိုးကျဆင်းသဖြင့် တောင်ကိုရီးယားနိုင်ငံနေ အိမ်ထောင်စုများနှင့် လုပ်ငန်းလုပ်ကိုင်သူများ၏ ဝယ်ယူမှု၊ သုံးစွဲနိုင်မှုစွမ်းအားကို ကျဆင်းစေလျက်ရှိပါသည်။

သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံ၊ သမ္မတအသွင်ကူးပြောင်းရေးအဖွဲ့ (The Presidential Transition Team) ဥက္ကဋ္ဌ Ahn Cheol-soo က စီးပွားရေးကဏ္ဍ ဝန်ထုပ်ဝန်ပိုးများကိုဖြေလျှော့ရန် လျှပ်စစ်ဓာတ်အားခနှင့် ဓာတ်ငွေ့ခနှုန်းထားများကို မပြောင်းလဲစေရေး အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ကမ္ဘာ့ရေနံစိမ်းအပါအဝင် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိ၍ စားသုံးသူပြည်သူများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဈေးနှုန်းကြီးမြင့်မှု၏ ဝန်ထုပ်ဝန်ပိုးဒဏ် ကိုပိုမိုရင်ဆိုင်ခံစားနေကြရကြောင်း၊ ကမ္ဘာ့ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာမှုအပေါ် ကြိုတင်ကာကွယ်မှု အစီအမံများပြုလုပ်ရန် လက်ရှိအစိုးရနှင့် ၂၀၂၂ ခုနှစ်၊ မေလတွင် တာဝန်ယူမည့် အစိုးရ အသစ်နှစ်ရပ်လုံးတွင်တာဝန်ရှိကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ဘိလပ်မြေဈေးနှုန်းများသည် လည်းသိသာစွာမြင့်တက်လာရာ လက်ရှိအစိုးရသည် ဩစတြေးလျနိုင်ငံမှ Bituminous Coal ကျောက်မီး သွေးတင်သွင်းခြင်းမျိုးကဲ့သို့သော ကုန်သွယ်မှုလမ်းကြောင်းအသစ်များမှ သွင်းကုန်တင်သွင်းရန် နည်းလမ်းများရှာဖွေခြင်းမျိုးကို ဆက်

Agribusiness & Trade

လက်လုပ်ဆောင်သွားရန် လိုအပ်ကြောင်းဟု သမ္မတအသွင်ကူးပြောင်းရေး အဖွဲ့(The Presidential Transition Team) ဥက္ကဋ္ဌ Ahn Cheol-soo က သုံးသပ်ပြောကြားခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ တောင်ကိုရီးယားနိုင်ငံ၌(၁-၄-၂၀၂၂) ရက်နေ့မှစ၍ ဓါတ်ငွေ့ အသုံးပြုအငွေ့ဓါတ်အား၊ လျှပ်စစ်ဓါတ်အား၊ အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့် မုန့်ပဲသရေစာဈေးနှုန်းများသည် သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာမှုကိုအခြေပြု၍ အသီးသီး ဘက်စုံ/ ကဏ္ဍစုံမှ မြင့်တက်လျက် ရှိပါသည်။

Source – The Korea Herald

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

..............................................................................................................................

## ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၅.၃ သန်းအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်း

ဘရာဇီးလ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း ပဲပုတ်စေ့တန်ချိန် ၂.၆၆၇ သန်းတင်ပို့ခဲ့ပြီး မတ်လ ၂၇ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ ပဲပုတ်စေ့တန်ချိန် ၃.၅၆၁ သန်းတင်ပို့နိုင်ရန် မျှော်မှန်းထားသဖြင့်  မတ်လအတွင်း ပဲပုတ်စေ့တင်ပို့မှုသည် တန်ချိန် ၁၂.၉၅၇ သန်းအထိရောက်ရှိနိုင်ရန် မျှော်မှန်းထားကြောင်း၊ ဖေဖော်ဝါရီလတွင် ပဲပုတ်စေ့တန်ချိန် ၉.၁၁၃ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း National Association of Cereal Exporters (Anec) ၏ သတင်းတွင် ဖော်ပြထားသည်။ ဘရာဇီးလ်နိုင်ငံသည် ၂၀၂၁ ခုနှစ်၊ မတ်လတွင် ပဲပုတ်စေ့တန်ချိန် ၁၄.၉၁၅ သန်းတင်ပို့ခဲ့သဖြင့် ယခုနှစ်ကာလတူတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ၁၃.၁၃ ရာခိုင်နှုန်း လျော့ကျနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မတ်လအတွင်း ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့ထွက်ကုန်တင်ပို့မှုတွင် တန်ချိန် ၁.၅၃၇ သန်းအထိ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လတွင် တန်ချိန် ၁.၂၆၉ သန်း တင်ပို့ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ပါက ၂၁.၁၂ ရာခိုင်နှုန်း ပိုမိုတိုးတက်ရန်ခန့်မှန်းထားကြောင်း၊ ယခုနှစ်၊ ဖေဖော်ဝါရီလတွင် တန်ချိန် ၁.၅၇၂ သန်းတင်ပို့ထားကြောင်း Anec ၏ သတင်းတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၂၅.၃ သန်း ရှိနိုင်ကြောင်း၊ ယခုနှစ်ဇန်နဝါရီလတွင် တန်ချိန် ၁၃၅.၈ သန်း ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားခဲ့သော်လည်း ဘရာဇီးလ်နိုင်ငံ၏အချို့ပြည်နယ်များတွင် ရာသီဥတုဖောက်ပြန်မှုများကြုံတွေ့ရလျက်ရှိပြီး သီးနှံစိုက်ခင်းများ မိုးရေချိန်လုံလောက်စွာမရရှိသောကြောင့် ပဲပုတ်စေ့အထွက်နှုန်းများ လျော့ကျနိုင်သဖြင့် ခန့်မှန်းချက်အားပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း Brazilian Association of Vegetable Oil Industries (Abiove) က သတင်းတွင်ဖော်ပြထားသည်။ ထို့အပြင် ပဲပုတ်စေ့ အထွက်နှုန်းများ လျော့ကျနိုင်သော်လည်း ပဲပုတ်ခွံအပါအဝင် ပဲပုတ်စေ့ထွက်ကုန်နှင့် ပဲပုတ်ဆီတင်ပို့နိုင်မည့် ပမာဏ ခန့်မှန်းချက်အား ပြောင်းလဲခြင်းမရှိဘဲ တန်ချိန် ၄၈ သန်းအထိ တင်ပို့နိုင်ရန်ခန့်မှန်းထားကြောင်း Abiove ၏ သတင်းတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်တွင်းကြိတ်ခွဲမှု၌ ပဲပုတ်စေ့တန်ချိန် ၂.၆ သန်းကို အသုံးပြုခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူတွင် တန်ချိန် ၃.၁ သန်းကို အသုံးပြုခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပဲပုတ်ဆီ ပြည်တွင်းစားသုံးမှုသည် တန်ချိန် ၇.၉ သန်းအထိရှိနိုင်ကြောင်း၊၂၀၂၁ ခုနှစ်တွင် ဆီတန်ချိန် ၈.၀၁၇ သန်းစားသုံးခဲ့သဖြင့် နှိုင်းယှဉ်ပါက ၁.၅ ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုတ်စေ့တန်ချိန် ၁၃၈.၉ သန်းအထိထွက်ရှိနိုင်ရန် ခန့်မှန်းထားပြီး ၎င်းတို့အနက်မှ ပြည်ပတင်ပို့မှုသည် တန်ချိန် ၈၆.၁ သန်းရှိနိုင်ရန်နှင့် ပြည်တွင်းကြိတ်ခွဲမှုအတွက် ၄၇.၈ သန်းအားအသုံးပြုနိုင်ကြောင်း Abiove က ခန့်မှန်းထားသည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………

## ၂၀၂၁–၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုမှ ပြောင်းစေ့တန်ချိန်၁၁၈.၁၁၅ သန်းထွက်ရှိရန် ခန့်မှန်း

၂၀၂၁–၂၀၂၂ ခုနှစ်သီးနှံရာသီတွင် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုမှ ပြောင်းတန်ချိန် ၁၁၈.၁၁၅ သန်းခန့် ထွက်ရှိနိုင်ရန်ခန့်မှန်းထားပြီး ၂၀၂၀–၂၀၂၁ ခုနှစ်ရာသီတွင် ပြောင်းတန်ချိန် ၉၁.၉၆၄ သန်း စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးနှင့် အကြံပေး

ကုမ္ပဏီ  Safras & Mercado မှ သုတေသနပညာရှင် Paulo Molinar က သတင်းဌာနသို့ ပြောကြား ခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ပြောင်းစိုက်ပျိုးဧရိယာသည် ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံကာလတွင် ဟက်တာ ၂၁.၃၇၅ သန်းအထိ စိုက်ပျိုးနိုင်ရန်ခန့်မှန်းထားပြီး ၂၀၂၀-၂၀၂၁ ခုနှစ်ရာသီတွင် ဟက်တာ ၂၁.၁၀၈ သန်း စိုက်ပျိုးခဲ့ကြောင်း၊ သီးနှံအထွက်နှုန်းအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံရိတ်သိမ်း ချိန်တွင် ပြောင်းအထွက်နှုန်းသည် ၁ ဟက်တာလျှင်ပျမ်းမျှ ၅,၅၂၈ ကီလိုဂရမ်ထွက်ရှိရန်ခန့်မှန်း ထားပြီး ၂၀၂၀-၂၀၂၁ ခုနှစ်ကာလတွင် ၄.၃၃၃ ကီလိုဂရမ်ထွက်ရှိရန် ခန့်မှန်းခဲ့ကြောင်း Molinar က ပြောကြားခဲ့သည်။

နွေရာသီ သီးထပ်ပြောင်းစိုက်ပျိုးမှုတွင် ၂၀၂၁-၂၀၂၂ ခုနှစ်ရာသီချိန်၌ ပြောင်းတန်ချိန် ၂၁.၁၅၈ သန်းထွက်ရှိရန် ခန့်မှန်းထားကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် သီးနှံရာသီတွင် လာနီညိုဖြစ်ပေါ် ခဲ့မှုကြောင့် ပြောင်းစိုက်ခင်းများ မိုးရေချိန်လုံလောက်စွာမရရှိခဲ့သော်လည်း ပြောင်းတန်ချိန် ၂၁.၆၄၅ သန်းအထိ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ နွေရာသီ သီးထပ်ပြောင်းအထွက်နှုန်းသည် ၂၀၂၀-၂၀၂၁ ခုနှစ်ကာလတွင် ၁ ဟက်တာပျမ်းမျှ ၄,၉၇၃ ကီလိုဂရမ်ထွက်ရှိရန်ခန့်မှန်းခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၁ ဟက်တာပျမ်းမျှ ၄,၈၂၅ ကီလိုဂရမ်ထွက်ရှိရန် ခန့်မှန်းထားကြောင်း Molinar က ပြောကြားခဲ့ သည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………

## ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံအရောင်းအဝယ်များ ပြန်လည်မြင့်တက်လာသဖြင့် ဘရာဇီးလ် သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ ပြန်လည်မြင့်တက်လာ

အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် ကြိုပွဲဝင့်ရောင်းဝယ်မှုများ များပြားလာမှု နှင့် ဘရာဇီးလ်နိုင်ငံတွင် အမေရိကန်ဒေါ်လာငွေတန်ဖိုး အနည်းငယ်မြင့်တက်လာမှုတို့ကြောင့် မတ်လ ၅ ရက်နေ့၌ ဘရာဇီးလ်နိုင်ငံရှိသီးနှံဈေးကွက်များတွင် ပဲပုတ်စေ့သီးနှံဈေးနှုန်းများ ပြန်လည် တက်ရိပ်ပြလျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

အလေးချိန် ၆၀ ကီလိုဂရမ်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၁၈၄.၀၀ ဟဲရာမှ ၁၈၅.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၁၇၀.၀၀ ဟဲရာမှ ၁၇၄.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Paranaguá (PR) ဈေးကွက်တွင် ၁၇၆.၀၀ ဟဲရာမှ ၁၈၀.၀၀ ဟဲရာသို့လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ၁၅၉.၅၀ ဟဲရာမှ ၁၆၁.၅၀ ဟဲရာသို့လည်းကောင်း၊ Dourados (MS) ဈေးကွက်တွင် ၁၆၈.၀၀ ဟဲရာမှ ၁၇၃.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၆၀.၀၀ ဟဲရာမှ ၁၆၃.၀၀ ဟဲရာ သို့လည်းကောင်း အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ပြီး Passo Fundo (RS) ဈေးကွက်တွင် ၁၈၂.၀၀ ဟဲရာဖြင့်လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၈၁.၀၀ ဟဲရာဖြင့်လည်းကောင်း ဈေးနှုန်းများ တည်ငြိမ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ယခင်ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာငွေတန်ဖိုးများ ဆက်တိုက်ကျဆင်းခဲ့သဖြင့် သီးနှံဈေးနှုန်းများ ၇ ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT)၏ ကြိုပွဲငွေ့ရောင်းဝယ်မှုဈေးကွက်တွင် သီးနှံရောင်းချလိုမှုများ အေးစက်ခဲ့ကြောင်း၊ ယခင်ရက်သတ္တပတ်အတွင်း သီးနှံဈေးနှုန်းများကျဆင်းခဲ့သော်လည်း မတ်လ ၅ ရက်နေ့၌ ဈေးနှုန်းများပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ မတ်လအတွင်း ချီကာဂိုဈေးကွက်မှ ပဲပုတ်စေ့တန်ချိန် ၇၃၇,၃၇၂ တန်အား တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း၊ ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့ဈေးကွက်တွင် သီးနှံအပါအဝင်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း ဒေါ်လာငွေတန်ဖိုးများ ဆက်တိုက်ကျဆင်းနေမှုသည် အရောင်းအဝယ်ဖြစ်မှုအပေါ်တွင် အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ရုရှ-ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ နှစ်နိုင်ငံ အကြားသဘောတူညီမှုများမရမချင်း ကမ္ဘာ့ဈေးကွက်အပေါ် ရိုက်ခတ်မှုများဆက်လက်ဖြစ်ပေါ် နေမည်ဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန (U.S. Department of Agriculture – USDA) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မတ်လ ၅ ရက်နေ့တွင် ချီကာဂိုစတော့ဈေးကွက်၏ သီးနှံကြိုပွဲငွေ့ရောင်းဝယ်မှု ဈေးကွက်၌ မေလအတွက်ပဲပုတ်စေ့ ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၁၉.၅၀ ဆင့်ပိုမိုမြင့်တက်ခဲ့ပြီး ၁၆.၀၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဇူလိုင်လအတွက် ပဲပုတ်စေ့ ၁ စည်လျှင်အမေရိကန် ဒေါ်လာ ၂၂.၂၅ ဆင့်ပိုမိုမြင့်တက်ခဲ့ပြီး ၁၅.၈၉ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပဲပုတ်စေ့ထွက်ကုန်ဈေးကွက်တွင် ပဲပုတ်ခွဲ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၅.၁၀ ဒေါ်လာပိုမိုမြင့်တက်ခဲ့ပြီး ၄၅၅.၁၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပဲပုတ်ဆီ ၁ ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁.၁၄ ဆင့်ပိုမို

မြင့်တက်ခဲ့ပြီး ၇၂.၃၄ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၄.၆၆၁ဝ ဟဲရာဖြင့် အရောင်းအဝယ်များဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.............................................................

## ၂ဝ၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုမှ ပြောင်းတန်ချိန် ၁၂၄ သန်း ထွက်ရှိနိုင်ရန်ခန့်မှန်း

၂ဝ၂၂ ခုနှစ်သီးနှံရိတ်သိမ်းချိန်တွင် ဘရာဇီးလ်နိုင်ငံမှပြောင်းတန်ချိန် ၁၂၄.၁၈၅ သန်းထုပ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂ဝ၂၁ ခုနှစ်သီးနှံကာလတွင် ပြောင်းတန်ချိန် ၁ဝ၁.ဝ၇ဝ သန်းထုတ်လုပ်ခဲ့ကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးနှင့် အကြံပေးကုမ္ပဏီ Safras & Mercado က ပြောကြားခဲ့သည်။

၂ဝ၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပြောင်းတင်ပို့မှုသည် တန်ချိန် ၃၆ သန်းအထိ တင်ပို့နိုင်ရန်မျှော်မှန်းထားပြီး ၂ဝ၂၁ ခုနှစ်တွင်တန်ချိန် ၂ဝ.၇၆ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း၊ ပြည်ပမှပြောင်းဝယ်ယူတင်သွင်းမှုပမာဏသည် ၂ဝ၂၂ ခုနှစ်တွင် တန်ချိန် ၁.၈ သန်းအထိရှိနိုင်ပြီး ၂ဝ၂၁ ခုနှစ်တွင် တန်ချိန် ၃.ဝ၈၉ သန်း ဝယ်ယူတင်သွင်းခဲ့ကြောင်း Safras & Mercado က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ပြည်တွင်းစားသုံးမှုအနေဖြင့် ၂ဝ၂၂ ခုနှစ်တွင် ပြောင်းတန်ချိန် ၁၁၄.၅၅၇ သန်းအထိရှိနိုင်ရန် မျှော်မှန်းထားပြီး ၂ဝ၂၁ ခုနှစ်တွင် ပြောင်းတန်ချိန် ၉၆.၉၄၁ သန်းရှိနိုင်ကြောင်း၊ ၂ဝ၂၂ ခုနှစ်သီးနှံကာလတွင် ပြည်တွင်းပြောင်းလက်ကျန်ပမာဏသည် တန်ချိန် ၉.၆၂၈ သန်းရှိနိုင်ရန်ခန့်မှန်းထားပြီး ၂ဝ၂၁ ခုနှစ်တွင် တန်ချိန် ၄.၂၂၉ သန်းရှိနိုင်ကြောင်း ကုမ္ပဏီကပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

Agribusiness & Trade

## CPF ကုမ္ပဏီအနေဖြင့် ဆော်ဒီအာရေဗျသို့ ပထမဦးဆုံးအကြိမ်အဖြစ် ကြက်သားတင်ပို့ခြင်း (ထိုင်းနိုင်ငံ)

ဆော်ဒီအာရေဗျ အစားအစာနှင့် ဆေးဝါးအာဏာပိုင်များထံမှ သဘောတူညီမှုရရှိခဲ့ပြီး နောက်၂၀၁၄ ခုနှစ်နောက်ပိုင်း ဆော်ဒီအာရေဗျသို့ ကြက်သားထုတ်ကုန်များကို Charoen Pokphand Foods (CPF)မှ ပထမဦးဆုံးအကြိမ်အဖြစ်တင်ပို့ခဲ့ကြောင်း၊ ဆော်ဒီအာရေဗျက ထိုင်းကြက်သားနှင့် ကြက်ဥတင်ပို့မှုအပေါ် (၁၈) နှစ်ကြာပိတ်ပင်ထားခဲ့မှုကို ရုတ်သိမ်းခဲ့ပြီးနောက် နှစ်ပတ်အကြာတွင် အဆိုပါ သမိုင်းဝင်တင်ပို့မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ပြီး နောက်ထိုင်းနိုင်ငံ၏ ကြက်သားလုပ်ငန်းသည် အရှေ့အလယ်ပိုင်းတွင် သိသာထင်ရှားသော တိုးတက်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်က (၁၈-၃-၂၀၂၂) ရက်နေ့တွင် CPF ၏ မင်ဘူရီကြက်သားပြုပြင်ထုတ်လုပ်ရေးစက်ရုံ(၂) တွင် ဖွင့်လှစ်ခဲ့သည့် ဆော်ဒီအာရေဗျသို့ ထိုင်းကြက်သားများ ပထမဦးဆုံးအကြိမ် သင်္ဘောတင်ပို့ခြင်း အခမ်းအနားတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စဉ် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ကြက်သားတန်ချိန် (၁၀,၀၀၀) တင်ပို့ရန်ရည်မှန်းထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်ပြည်ပသို့ အသားစားကြက်(၉၈၀,၀၀၀) တန်ချိန် တင်ပို့လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကထက်(၇%) တိုးတက်လိမ့်မည်ဖြစ်ကြောင်းနှင့် တန်ဖိုးအားဖြင့်ဘတ်ငွေ(၁၀၀) ဘီလီယံကျော်ရှိကြောင်း သိရှိရပါသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင်ကြီးမားသော ဈေးကွက်ကြီးဖြစ်ပြီး အရေးကြီးသောဈေးကွက်ဖြစ်ကြောင်း၊ အထူးသဖြင့်ဟာလာထုတ်ကုန်များအတွက် ဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက ကဏ္ဍများနှင့် ပူးပေါင်း၍ပြုပြင်ထားသော အစားအစာများ၊ သစ်သီးဝလံများနှင့် မော်တော်ကား ထုတ်ကုန်များကို ဆော်ဒီအာရေဗျနိုင်ငံသို့ မေလအလယ်(သို့မဟုတ်) ဇွန်လတွင် တင်ပို့နိုင်ရေး စီစဉ် ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

CPF ၏အမှုဆောင်အရာရှိချုပ် Prasit Boondoungprasert ၏ ပြောကြားချက်အရ ၎င်း၏ကုမ္ပဏီအနေဖြင့် ဘတ်ငွေ(၄၇) သန်းတန်ဖိုးရှိ ကြက်သားထုတ်ကုန် တန်ချိန်(၆၀၀) ကို ဆော်ဒီအာရေဗျနိုင်ငံသို့ ယခုလအတွင်း တင်ပို့လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ကုမ္ပဏီအနေ

ဖြင့်စုစုပေါင်း ကြက်သားထုတ်ကုန်တန်ချိန် (၆,၀၀၀) ကို တင်ပို့လိမ့်မည်ဖြစ်ကြောင်း၊ စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုးအနေဖြင့် ဘတ်ငွေ(၄၇၃) သန်းဖြစ်ကြောင်း၊ နောက်ထပ်(၅) နှစ်အတွင်း ဘတ်ငွေ(၄.၂) ဘီလီယံတန်ဖိုးရှိ ကြက်သားထုတ်ကုန်တန်ချိန် (၆၀,၀၀၀) ကို တင်ပို့သွားရန် စီစဉ်ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

လူဦးရေ(၃၆.၅) သန်းရှိသည့် ဆော်ဒီအာရေဗျနိုင်ငံသည် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ နိုင်ငံများအနက် အစားအစာတင်သွင်းမှု အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။ အရှေ့အလယ်ပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံသည် ထိုင်းနိုင်ငံမှ ကြက်သားတင်သွင်းမှု အများဆုံး နိုင်ငံဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ ထိုင်းအသားစားမွေးမြူရေးလုပ်ငန်းသည် နိုင်ငံအတွင်း ဈေးကွက်ဝေစု(၁၀%-၁၅%) အထိရရှိရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

ယခုနှစ်အတွင်း ကုမ္ပဏီ၏စုစုပေါင်းကြက်သားတင်ပို့မှုသည် တန်ချိန်(၂၀၀,၀၀၀) ရှိလိမ့်မည်ဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့်ဘတ်ငွေ(၂၀) ဘီလီယံဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် အကြီးမားဆုံးပို့ကုန်ဈေးကွက်ဖြစ်ကြောင်းနှင့် ၎င်းနောက်တွင်ဂျပန်နှင့် ဂျာမနီတို့ ရှိကြောင်းသိရှိရပါသည်။ CPF အနေဖြင့် ယခုနှစ်အတွက်ဝင်ငွေအနည်းဆုံး(၁၀%) တိုးတက်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဘတ်ငွေ(၅၂၀) ဘီလီယံရရှိခဲ့ကြောင်း သိရှိရပါသည်။

တိရစ္ဆာန်အစာလုပ်ငန်းသည် ဝင်ငွေ(၅၀%) တိုးတက်လိမ့်မည်ဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းမှ(၃၀%) နှင့် ကျန်ရှိသည်များမှာ အစားအစာလုပ်ငန်းတို့မှ ရရှိလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ တိုးတက်မှုသည် ကမ္ဘာ့ဝယ်လိုအား တိုးတက်မှုကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့်ဥရောပ၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းဒေသများတွင် ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးကြောင်း သိရှိရပါသည်။

CPF ၏ ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်အသုံးစရိတ်သည် ယခုနှစ်တွင်ဘတ်ငွေ(၂၅) ဘီလီယံရှိပြီးထုတ်လုပ်မှုနှင့် စွမ်းဆောင်ရည်တိုးတက်စေရန် စက်ပစ္စည်းကရိယာများ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းအပေါ် အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.....................................................................................................

## စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်ခွင့် ကန့်သတ်သည့်ကာလ အိန္ဒိယအစိုးရက တိုးမြှင့်သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံတွင် ပြည်တွင်းဈေးကွက်တည်ငြိမ်မှုနှင့် ဈေးနှုန်းများလွန်စွာမြင့်တက်မှုတို့ကို ထိန်းချုပ်နိုင်ရန်အတွက် လုပ်ငန်းရှင်များလက်ဝယ်၌ စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်ထားရှိနိုင်မည့်ပမာဏကို ကန့်သတ်ကြပ်မတ်ရန် ဗဟိုအစိုးရက ၈-၁၀-၂၀၂၁ နေ့တွင် အမိန့်ကြော်ငြာစာအမှတ် S.O.4146(E) အား ထုတ်ပြန်လျက် ပြည်နယ်အစိုးရများသို့ အခွင့်အာဏာအပ်နှင်းခဲ့ပါသည်။ သို့သော် ဥတ္တာပရာဒေ့ရှ်၊ ဟီမာချယ်ပရာဒေ့ရှ်၊ ကာနာတကာ၊ ဘီဟာ၊ တဲလန်ဂါနာနှင့် ရာဂျပ်စတန် ပြည်နယ် ၆ ခုကသာ ကန့်သတ်သိုလှောင်ခွင့်ပြုသည့် ပမာဏများကို သတ်မှတ်ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ကြောင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အစိုးရများအားလုံးအနေဖြင့် စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်မှု ကန့်သတ်ခြင်းကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် မူလက အဆိုပါအမိန့်စာ၏ အကျိုးသက်ရောက်မှုရှိမည့် ကာလကို ၃၁-၃-၂၀၂၂ နေ့အထိ သတ်မှတ်ထားရာမှ ၃၀-၆-၂၀၂၂ နေ့အထိသို့ တိုးမြှင့်ကြောင်းဖော်ပြလျက် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနက ၃-၂-၂၀၂၂ နေ့တွင် ထပ်မံအမိန့်ထုတ်ပြန်ခဲ့သည်။

ယခုအခါ အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာနသည် ၃၀-၃-၂၀၂၂ နေ့၌ အမိန့်အမှတ် S.O. 1509(E) ကို ထပ်မံထုတ်ပြန်လျက် စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်ခွင့် ကန့်သတ်သည့်ကာလအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်ပါသည်။ ကုန်စည်များ လက်ဝယ်ထားရှိနိုင်သည့် ပမာဏသတ်မှတ်ချက်ကိုမူ ပြောင်းလဲခြင်းမပြုပဲ ဖေဖော်ဝါရီလ၌ ထုတ်ပြန်ထားသည့်အတိုင်း ဆက်လက်ထားရှိရာ စားသုံးဆီဖြစ်ပါက လက်လီအရောင်းဆိုင် သို့မဟုတ် စူပါမားကက်ကွင်းဆက်စနစ်ဖြင့် ရောင်းချသည့် လက်လီဆိုင်တွင် အများဆုံး ၃ တန်အထိကိုလည်းကောင်း၊ လက်ကားရောင်းချသူအား အများဆုံး တန် ၅၀ ကိုလည်းကောင်း၊ စူပါမားကက်ပင်ရင်းကုမ္ပဏီကြီး၌ အများဆုံး တန် ၁၀၀ အထိကိုလည်းကောင်း၊ စားသုံးဆီပြုပြင်ထုတ်လုပ်ရေးစက်ရုံများအား နေ့စဉ်လုပ်ငန်းလည်ပတ် လုပ်ကိုင်နိုင်စွမ်းအရ ရက်ပေါင်း ၉၀ အတွက် ကုန်စည်ပမာဏကိုလည်းကောင်း သိုလှောင်နိုင်ခွင့်ရှိမည်ဖြစ်သည်။

ဆီထွက်သီးနှံများ သိုလှောင်ခွင့်တွင် စားသုံးနိုင်သည့် အဆင့်ရှိသောသီးနှံကိုသာ ပမာဏကန့်သတ်ထားရှိခြင်းဖြစ်ပြီး လက်လီလုပ်ငန်းရှင်သည် အများဆုံး ၁၀ တန်အထိနှင့် လက်ကားလုပ်ငန်းရှင်သည် တန် ၁၀၀ အထိ လက်ဝယ်ထားရှိနိုင်မည်ဖြစ်သည်။ သီးနှံကိုင်တွယ် ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများကိုမူ နေ့စဉ်လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ၏ ရက်ပေါင်း ၉၀ စာ အထိ သိုလှောင်ခွင့်ပြုထားသည်။

အိန္ဒိယ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌ ပို့ကုန်/သွင်းကုန် မှတ်ပုံတင်လက်မှတ်ရယူလျက် စားသုံးဆီတင်ပို့လျက်ရှိသော ဆီကြိတ်ခွဲထုတ်လုပ်သူ၊ ပြန်လည်သန့်စင်သူ၊ လက်လီလက်ကားဖြန့်ဖြူးသူများသည် ပြည်ပတင်ပို့ရန်အတွက် စားသုံးဆီနှင့် ဆီထွက်သီးနှံများအား လက်ဝယ်ထားရှိကြောင်း ရှင်းလင်းပြသနိုင်ပါက ဤကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ရှိမည်ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းဆောင်ရွက်သည့် ကြိတ်ခွဲထုတ်လုပ်သူ၊ ပြန်လည်သန့်စင်သူ၊ လက်လီ လက်ကားဖြန့်ချီသူများသည်လည်း လက်ဝယ်ရှိ စားသုံးဆီနှင့် ဆီထွက်သီးနှံများအား ပြည်ပမှ တင်သွင်းလာခြင်းဖြစ်ကြောင်း ရှင်းလင်းနိုင်ပါက အလားတူ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း၊ အကယ်၍ မိမိလက်ဝယ်၌ သတ်မှတ်ပြဋ္ဌာန်းချက်ထက် ကုန်စည်များပိုမိုလျက်ရှိလျှင် လုပ်ငန်းရှင်များအနေဖြင့် စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုဦးစီးဌာန၏ ကုန်စည်အချက်အလက် အင်တာနက် စကြံန်၌ ထုတ်ဖော်ကြေညာရမည်ဖြစ်ပြီး ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ပမာဏသို့ လျှော့ချသိုလှောင်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းစကြံန်၌ စားသုံးဆီနှင့် ဆီထွက်သီးနှံများအား သိုလှောင်ထားရှိမှုကို ပုံမှန်စာရင်းရေးသွင်း တင်ပြရမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။

ယခုကဲ့သို့ စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်နိုင်ခွင့် ကန့်သတ်သည့် ကာလအား ဒီဇင်ဘာလကုန်အထိ တိုးမြှင့်လိုက်ခြင်းသည် ရှေ့လာမည့် မိုးသီးနှံရာသီ၌ စိုက်ပျိုးထုတ်လုပ်မည့် ဆီထွက်သီးနှံများ၏ ဈေးနှုန်းများကျဆင်းမှုမရှိအောင် ထိန်းသိမ်းလိုသည့် အစိုးရ၏ရည်ရွယ်ချက်ကို ဖော်ပြလျက်ရှိကြောင်း၊ အစိုးရအနေဖြင့် ၎င်းသတင်းစကားကို စိုက်ပျိုးရေးလုပ်ငန်းများ မစတင်မီကပင် တောင်သူလယ်သမားများထံ ရောက်ရှိ သိရှိစေလိုဟန်ရှိကြောင်းဖြင့် စားသုံးဆီလုပ်ငန်းနယ်ပယ်မှ အရာရှိတစ်ဦးက ပြောဆိုကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

Source: 1. Order No. S.O. 1509(E) dated 30th March 2022 of Ministry of Consumer Affairs, Food and Public Distribution of India

2. Govt extends stock limits on edible oils till December, 31–3–2022, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

## တရုတ်နိုင်ငံက ကုန်သွယ်မှု ပိတ်ပင်တားဆီးလိုက်ခြင်းကြောင့် ဩစတြေးလျ မုယောစပါး တင်ပို့သူများက ဘီယာထုတ်လုပ်သည့်နိုင်ငံဈေးကွက်များ ရှာဖွေလျက်ရှိခြင်း

ဩစတြေးလျ မုယောစပါးတင်ပို့သူများသည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိတ်ပင်မှုမှ နှစ်နှစ်ကြာပြီးနောက် ၎င်းတို့၏ မုယောစပါးအတွက် အလားအလာရှိသော ဈေးကွက်သစ်များအဖြစ် ဘီယာထုတ်လုပ်သည့် နိုင်ငံများကို ရှာဖွေလျက်ရှိကြောင်း ABC သတင်းက ရေးသားဖော်ပြထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ဩစတြေးလျမုယောစပါးအပေါ် တန်ပြန် စုပုံတင်သွင်းခွန် ၈၀ % စည်းကြပ်ရန် ချမှတ်ခဲ့ပြီး ကုန်သွယ်မှုကို ထိထိရောက်ရောက် အဆုံးသတ်ခဲ့သည်။

ကောက်ပဲသီးနှံစိုက်ပျိုးသူများအသင်း၏ ကုန်သွယ်မှုမူဝါဒမန်နေဂျာ Amelia Shaw က သီးနှံစိုက်ပျိုးသူများက တရုတ်နိုင်ငံသို့ဈေးကွက်ဝင်ရောက်ခွင့် ဆုံးရှုံးခဲ့သည့်အချိန်မှစ၍ မုယောစပါးကို တိရိစ္ဆာန်အစာဈေးကွက်များသို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ယခုအခါ ပရီမီယံဈေးနှုန်း ထပ်မံရှာဖွေနေကြောင်း၊ ဘီယာအတွက် သင့်တော်သည့် အရည်အသွေးကောင်းမွန်သော မုယောစပါးကို ထုတ်လုပ်ပြီး၊ အသုံးပြုလိုသည့် ဈေးကွက်များကို ရှာဖွေနေကြောင်း ပြောကြားခဲ့သည်။ Amelia Shaw က တရုတ်နိုင်ငံနှင့် ဈေးကွက်မှာ ညတွင်းချင်း ပြီးဆုံးခဲ့ရသော်လည်း ပို့ကုန်ဈေးကွက်အသစ်များထူထောင်ရန်အတွက် အချိန်ပေးရကြောင်း၊ တရုတ်ဘီယာ ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍမှာ ဩစတြေးလျမုယောစပါး၏ အရည်အသွေးကို သေချာသိရှိပြီးဖြစ်ရာ ဘီယာထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက်များစွာသင့်တော်သည်ကို သိရှိကြောင်းပြောကြားခဲ့သည်။

ယခုအခါ ဩစတြေးလျမုယောစပါး ထုတ်လုပ်မှုကဏ္ဍသည် အခြားဘီယာထုတ်လုပ်သည့်နိုင်ငံများသို့ ကူးပြောင်းနေပြီဖြစ်ပြီး၊ အာဖရိကနိုင်ငံအချို့သည် အလားအလာရှိသော အခွင့်အလမ်းများစွာရှိနေကြောင်း သိရှိရသည်။ ယမန်နှစ်မှ စတင်၍ မက္ကဆီကိုနိုင်ငံသို့ မုယောစပါးများတင်ပို့လျက်ရှိသော်လည်းဆုံးရှုံးသွားသည့် တရုတ်နိုင်ငံဈေးကွက် တင်ပို့မှုကို အစားထိုးနိုင်ရန် ဈေးကွက်များထပ်မံရှာဖွေရန် လိုအပ်နေသေးကြောင်း သိရှိရသည်။

အစဉ်အလာအားဖြင့် ဘီယာထုတ်လုပ်ရန်အတွက် မုယောစပါးမှာ ပရီမီယံဈေးနှုန်းရှိပြီး၊ တိရိစ္ဆာန်အစာအတွက် ဈေးနှုန်းမှာ လျော့နည်းသော်လည်း တိရိစ္ဆာန်အစာဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဈေးနှုန်းကွာဟချက် ကျဉ်းမြောင်းလာကြောင်း သိရှိရသည်။ ဈေးနှုန်းခြားနားချက်မရှိသည့်အတွက် မုယောစပါးစိုက်ပျိုးသူများအတွက် သတင်းကောင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အစားအစာနှင့် မုယောစပါးဈေးသည် တူညီနေသော်လည်း အနာဂတ်တွင် ပရီမီယံဈေးနှုန်းကို

မြှင့်တင်ရန်အတွက် လုပ်ငန်းကဏ္ဍအနေဖြင့် ဘီယာဈေးကွက်များကို ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ဩစတြေးလျမုယောစပါးတင်သွင်းမှုအပေါ် ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်သက်သာသော နှုန်းထားဖြင့် တင်သွင်းကြောင်း စွပ်စွဲချက်ဖြင့် တန်ပြန်စုပုံတင် သွင်းခွန်ကို ၂၀၂၀ ပြည့်နှစ်၊ မေလတွင် စတင်စည်းကြပ်ကောက်ခံခဲ့မှုအပေါ် ဩစတြေးလျနိုင်ငံက ငြင်းဆိုခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထံသို့ ဖြေရှင်းပေးရန် တင်ပြတောင်းဆိုခဲ့သည်။ (၂) နှစ်အကြာတွင် အငြင်းပွားမှုဖြေရှင်းရန်အတွက် ခုံရုံးတစ်ရပ်ဖွဲ့ စည်းခဲ့ပြီး၊ ပထမဆုံး အကြိမ်ကြားနာမှုပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………

## နယူးဆောက်ဝေးလ်ပြည်နယ်ရှိ ဆိတ်သားထုတ်လုပ်သူများ ထုတ်လုပ်မှု (၂) ဆ တိုးလာခြင်း

ပြည်ပနိုင်ငံများမှ ဆိတ်သားဝယ်ယူမှု များပြားလာသည့်အတွက် နယူးဆောက်ဝေးလ်ပြည်နယ်ရှိ ဆိတ်ပြုပြင်ထုတ်လုပ်သူများသည် ပြီးခဲ့သော (၅) လအတွင်း ၎င်းတို့၏ ထုတ်လုပ်မှုမှာ (၂) ဆ တိုးစေခဲ့ကြောင်း သိရှိရသည်။

Thomas Foods International သည် ဩစတြေးလျတောင်ပိုင်းတွင် ဆိတ်များကို အဓိက ပြုပြင်ထုတ်လုပ်လျက်ရှိပြီး၊ ဆိတ်အများစုမှာ ကွင်းစလန်ပြည်နယ် အနောက်ဘက်နှင့် နယူးဆောက်ဝေးလ်ပြည်နယ် အထူးသဖြင့် Bourke တို့မှ ပေါက်ဖွားလာသော တိရစ္ဆာန်များ ဖြစ်သည်။ ရာသီအလိုက် အခြေအနေကောင်းများနှင့် ဆိတ်သားပေါက်များ တိုးခြင်းနှင့်အတူ Thomas Foods အမျိုးသားမွေးမြူရေး မန်နေဂျာ Paul Leonard က စားသုံးသူများ၏ ဝယ်လိုအားတိုးလာခြင်းနှင့် ကိုက်ညီစေရန် ထုတ်လုပ်မှု သိသိသာသာတိုးလာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၄၊ ၅ လ ခန့်က ဆိတ်ထုတ်လုပ်မှုဟာ ယခင် (၂) နှစ်ကထက် (၂) ဆတိုးလာနိုင်ကြောင်း ပြောကြားခဲ့သည်။ Thomas Foods International သည် တစ်ပတ်လျှင် ဆိတ်ကောင်ရေ (၈,၀၀၀) မှ (၁၀,၀၀၀) ခန့်ကို ပြုပြင်ထုတ်လုပ်လျက်ရှိပြီး၊ ဗစ်တိုးရီးယားပြည်နယ်ရှိ စက်ရုံသည် ဆိတ်များကို ပြုပြင်ထုတ်လုပ်မှုလုပ်ငန်း စတင်

ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။ ဆိတ်များ၏ ၉၅ % ကို တင်ပို့လျက်ရှိပြီး၊ ၈၅ % မှာ မြောက်အမေရိကနှင့် ကာရေဘီယံ၊ အာရှသို့လည်း တင်ပို့လျက်ရှိသည်။

ကွင်းစလန်ပြည်နယ်၏ အကြီးဆုံး သိုးနှင့် ဆိတ် သားသတ်ရုံနှင့် ပြုပြင်ထုတ်လုပ်သူဖြစ်သော Western Meat Exporters သည် မေလတွင် ယင်း၏ အထွက်နှုန်းကို (၂) ဆတိုးရန် ဒေါ်လာ ၁၁ သန်းတိုးချဲ့လုပ်ဆောင်ရန်စီစဉ်နေကြောင်း ပြီးခဲ့သည့် သီတင်းပတ်က သတင်းများထွက်ပေါ်နေပါသည်။

သြစတြေးလျတွင် ထုတ်လုပ်သည့် ဆိတ်သားအများစုကို ပြည်ပသို့ တင်ပို့နေသော်လည်း ပြည်တွင်းဆိတ်ဈေးကွက်တွင် ကြီးမားသော အလားအလာရှိကြောင်းနှင့် ဆိတ်များကို အခြားပရိတင်းရင်းမြစ်အဖြစ် ပုံမှန်ဖြစ်လာစေရန် အခွင့်အရေးတစ်ခုဖြစ်ကြောင်း သိရှိရသည်။ သြစတြေးလျတွင်ပြည်တွင်းဝယ်လိုအားသည် အလွန်အမင်း ပြန့်ကျဲနေပြီး၊ ဝယ်လိုအားမှာ ဆိတ်သားစားခြင်းကို လက်ခံသော(သို့) ရင်းနှီးသော လူဦးရေရှိသည့် သီးခြားဒေသများနှင့်သာ ဆက်စပ်နေကြောင်း သိရှိရသည်။

ဆိတ်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် နယူးဆောက်ဝေးလ်ပြည်နယ် ကျေးလက်ရာဇဝတ်မှု တားဆီးကာကွယ်ရေးအဖွဲ့သည် ဆိတ်ခိုးဖမ်းသည့် အမှုများအပေါ် အာရုံစိုက်နေရလျက်ရှိကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………………………………

## ကောက်ပဲသီးနှံထုတ်လုပ်မှုကို ပံ့ပိုးရန် မူဝါဒများ ချမှတ်လိုက်သည့် တရုတ်နိုင်ငံ

ယခုနှစ်တွင် ကောက်ပဲသီးနှံထုတ်လုပ်မှုအား မြှင့်တင်မည့်မူဝါဒများကို စတင်မိတ်ဆက်လိုက်ကြောင်း တရုတ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ထုတ်ပြန်ချက်များအရ သိရပါသည်။ လယ်ယာစိုက်ပျိုးရေး သွင်းအားစုများ၏ ဈေးနှုန်းများမြင့်တက်လာမှုကြောင့် ကုန်ကျစရိတ်များကို ကာမိစေရန် တစ်ကြိမ်သာထုတ်ပေးသည့် အထောက်အပံ့များကို တရုတ်နိုင်ငံက ထုတ်ပေးသွားမည် ဖြစ်ပါသည်။ ထို့ပြင် အဆင့်မြင့်လယ်ယာမြေ ဟက်တာ

(၆.၆၇) သန်း ဖွံ့ဖြိုးလာရေးအတွက် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာစက်ယန္တရားများ ဝယ်ယူအသုံးပြုရေးအတွက်လည်း ထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

ပြောင်းနှင့် ပဲပုပ်စိုက်ပျိုးမှုများအတွက် အထောက်အပံ့များပေးခြင်း၊ ဆန်နှင့် ဂျုံ စိုက်ပျိုးသည့်တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် အနိမ့်ဆုံးဝယ်ယူမည့် ဈေးနှုန်းသတ်မှတ်ခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဟု သိရပါသည်။ ဤအတောအတွင်း စက်မှုဇုန်များတည်ဆောက်သွားရန်နှင့် ကောက်ပဲသီးနှံနှင့် ဆီထုတ်လုပ်ရေးအတွက် အစုအဖွဲ့များ တည်ထောင်သွားရန်ကိုလည်း ဝန်ကြီးဌာနများက တောင်းဆိုထားကြပါသည်။ သို့မှသာလျှင် ပေါင်းစည်းထားသည့် စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်း ကွင်းဆက်များကို ချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ရောဂါပိုးမွှားကျရောက်ခြင်းကို ကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် အသုံးပြုရန် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေး ရန်ပုံငွေများကို တိုးမြှင့်ပေးသွားမည်ဖြစ်ကာ၊ ဘဏ္ဍာရေးဆိုင်ရာအာမခံများကိုလည်း တိုးမြှင့်သွားမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.......................................................................................................................

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ**

**နိုင်ငံခြားနှင့် ကုန်သွယ်နေသည့်လုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှုကွင်းဆက်များ ချောမွေ့စေရေးဆောင်ရွက်ပေးနေသည့် တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းပြည်နယ်၏ မြို့တော်ကွမ်ကျိုးမြို့မှာ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၏ အရေးပါသောကုန်ထုတ်လုပ်မှု ကွင်းဆက်အချက်အချာမြို့ဖြစ်ပါသည်။ ယခုနှစ် ပထမ (၂) လအတွင်း ကွမ်ကျိုး၏ နိုင်ငံခြားကုန်သွယ်မှုမှာ ယခင်နှစ်ကထက် (၄.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

သို့ရာတွင် Covid-19 ကပ်ရောဂါအခြေအနေများကြောင့် နိုင်ငံခြားနှင့် ကုန်သွယ်မှုပြုလုပ်နေသည့် လုပ်ငန်းများမှာ ကုန်သေတ္တာရရှိမှု နည်းပါးခြင်း၊ ပစ္စည်းများသင်္ဘောတင်ရာတွင် အချိန်ကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်စကများ အလွန်မြင့်တက်လာခြင်းစသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။

ထို့ကြောင့် ကပ်ရောဂါကာကွယ်ရေး စီမံဆောင်ရွက်မှုများနှင့် ပူးပေါင်းကာ၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိန်းကျောင်းပေးသည့်အနေဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များ တစ်သမတ်တည်းစီးဆင်းနိုင်စေရန် စီမံဆောင်ရွက်မှုများကို ကွမ်ကျိုးက ကြေညာထားပါသည်။

အဆိုပါစီမံဆောင်ရွက်မှုများအရ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း ကုန်သေတ္တာသယ်ယူပို့ဆောင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ကုန်တင်လမ်းကြောင်းအသစ်များ စတင်ရေးအတွက် အဓိကဆောင်ရွက်မည့်လုပ်ငန်းများကို ဘဏ္ဍာရေးနှင့် မြေနေရာများ ပံ့ပိုးကူညီပေးရန် အပေါ် အလေးထားအကောင်အထည်ဖော်သွားမည်ဟု သိရပါသည်။

အထောက်အပံ့ပေးမည့်မူဝါဒသစ်အရ ကွမ်ကျိုး၏ လေကြောင်းကုန်တင်ဈေးကွက် အသစ်များကို မကြာမီ စတင်တော့မည်ဖြစ်ရာ၊ ကုန်တင်လေယာဉ်များနှင့် လေကြောင်းလိုင်းအသစ်များ ပိုမိုထွက်ပေါ်လာတော့မည် ဖြစ်ပါသည်။ Baiyun လေဆိပ်သို့ ကုန်စည်သယ်ယူပို့ဆောင်သော အရည်အသွေးမြင့်ကုမ္ပဏီများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက်လည်း ကွမ်ကျိုးမြို့က ရည်မှန်းထားပါသည်။

ထို့ပြင် ဧပြီလမှစ၍ ကွမ်ကျိုးဆိပ်ကမ်း၌ ဆိပ်ကမ်းကုန်ကျစရိတ်များကို ထပ်မံလျှော့ချသွားမည်ဖြစ်ပါသည်။ ဤဆိပ်ကမ်းမှ ကုန်တင်လမ်းကြောင်းအသစ်များကို စတင်ရန် ဆုံးဖြတ်သည့် ကမ္ဘာ့တစ်ဝှမ်းမှ ကုန်သေတ္တာတင် ကုမ္ပဏီများကိုလည်း ဘဏ္ဍာရေးဆိုင်ရာ ချီးမြှင့်မှုများ (သို့မဟုတ်) အခြားချီးမြှင့်မှုများကို ပေးအပ်သွားမည်ဟုလည်း သိရပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများအတွက် ကုန်တင်ရထားများ ပိုမိုပြေးဆွဲသွားရန်ကိုလည်း ကွမ်ကျိုးက စီမံဆောင်ရွက်နေပြီး၊ ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်တွင် တရုတ်-ဥရောပ ကုန်တင်ရထားများမှာ အရေးပါသည့်အစိတ်အပိုင်းတစ်ရပ် ဖြစ်လာပြီ ဖြစ်ပါသည်။

တစ်ပြိုင်နက်တည်းမှာပင် ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကပ်ရောဂါကာကွယ်ရေးစီမံဆောင်ရွက်မှုများကို ပိုမိုသတိပြု၍ အကောင်အထည်ဖော်သွားမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ newsgd.com

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

## PetroChina ၏ ကွမ်ရှီးရုံးခွဲက ဗီယက်နမ်သို့ polypropylene ကုန်ပစ္စည်းများကို ရထားဖြင့် ပထမဆုံးအကြိမ်တင်ပို့ခဲ့

တရုတ်နိုင်ငံ၊ PetroChina ၏ ကွမ်ရှီးရုံးခွဲက မတ်လ (၂၅)ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသို့ polypropylene ကုန်ပစ္စည်းတန်ချိန် (၁၅၀) ကို မီးရထားဖြင့် ပထမဆုံးအကြိမ် တင်ပို့ခဲ့ပါသည်။ ယခုတင်ပို့မှုမှာ PetroChina က ၎င်း၏ polypropylene ကုန်ပစ္စည်းများကို တရုတ်-ဗီယက်နမ် မီးရထားကို အသုံးပြု၍ အာဆီယံသို့ကုန်သွယ်သည့် နိုင်ငံခြားကုန်သွယ်မှုလမ်းကြောင်းအသစ်ကို စတင်ဖွင့်လှစ်လိုက်ခြင်း ဖြစ်ပါသည်။

PetroChina ၏ ကွမ်ရှီးရုံးခွဲကထုတ်လုပ်ထားသည့် L5E89 အမျိုးအစား polypro-pylene resin များကို သိုးမွေးအိတ်များနှင့် တစ်ခါသုံးပလပ်စတစ်ခွက်များ ထုတ်လုပ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြပါသည်။

ယခုကဲ့သို့တင်ပို့နိုင်ခြင်းမှာ PetroChina ၏ နိုင်ငံခြားဈေးကွက်အခွင့်အလမ်းများကို ချဲ့ထွင်လာခြင်းဖြစ်ကာ၊ ထုတ်လုပ်မှု၊ ရောင်းချမှု၊ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်မှုများတွင် အကျိုးကျေးဇူးများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် အခြားကုမ္ပဏီများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ်၊ chinadaily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................

## ၂၀၂၂ ခုနှစ်အတွက် စွမ်းအင်လျာထားချက်များ သတ်မှတ်လိုက်သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၏ အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးက ၂၀၂၂ ခုနှစ်အတွက် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပြီး၊ စွမ်းအင်ရရှိမှုများ စိတ်ချလုံခြုံမှုရှိစေရေးနှင့် စွမ်းအင်ထိရောက်မှုမြှင့်တင်ရေးတို့အတွက် အသေးစိတ်လျာထားချက်များကို ဖော်ပြခဲ့ပါသည်။

၂၀၂၂ ခုနှစ်အတွင်း နှစ်စဉ်ပြည်တွင်းစွမ်းအင်ထုတ်လုပ်မှုစွမ်းရည်အဖြစ် ပုံမှန် ကျောက်မီးသွေးတန်ချိန် (၄.၄၁) ဘီလီယံတန်နှင့် ရေနံစိမ်းတန်ချိန်သန်း (၂၀၀) ထုတ်လုပ်သွားမည်ဟု သိရပါသည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ ကုဗမီတာ (၂၁၄) ဘီလီယံအထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။

တရုတ်နိုင်ငံ၏ ကျောက်မီးသွေးအပေါ် အားထားမှီခိုနေရမှုကို တဖြည်းဖြည်းလျှော့ချသွားကာ၊ တစ်နိုင်ငံလုံးစွမ်းအင်အသုံးပြုမှုတွင် ရုပ်ကြွင်းလောင်စာမဟုတ်သည့် လောင်စာများ၏ ပါဝင်မှုကို (၁၇.၃) ရာခိုင်နှုန်းဝန်းကျင် တိုးမြှင့်သွားမည်ဟုလည်း လမ်းညွှန်ချက်တွင် ဖော်ပြထားပါသည်။

တရုတ်နိုင်ငံ၏ စွမ်းအင်အသုံးပြုမှု၌ လေအားလျှပ်စစ်နှင့် photovoltaic စွမ်းအင်ထုတ်လုပ်မှုများက (၁၂.၂) ရာခိုင်နှုန်းဝန်းကျင် ပါဝင်ဖြည့်ဆည်းနေကြောင်း သိရှိရပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................

## ရပ်ဝန်းနှင့်ပိုးလမ်းမ ရင်းနှီးမြှုပ်နှံသူ အပတ်စဉ်သတင်း

### တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ တောင်အာရှသို့ ခရီးစဉ်

တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ အစ္စလမ်မာဘတ်၊ ကဘူးလ်၊ နယူးဒေလီနှင့် ကတ္တမန္ဒူးသို့ သံတမန်အလည်အပတ်ခရီးစဉ်တွင် သိသာထင်ရှားသည့် ဆွေးနွေးမှုများဖြစ်ပေါ်ခဲ့ပါသည်။

နီပေါသို့ ရောက်ရှိခဲ့သော (၃) ရက်တာခရီးစဉ်အတွင်း လွတ်လပ်သော ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံစီမံကိန်းများနှင့် နိုင်ငံဖြတ်ကျော် စွမ်းအင်ကွန်ယက်များအပေါ် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

ရုရှားနိုင်ငံဘက်၌ ပဋိပက္ခများဖြစ်ပေါ်လာချိန်တွင် အိန္ဒိယနိုင်ငံမှာ အာရှပထဝီနိုင်ငံရေးပူးပေါင်းမှုအသစ်အဖြစ် စတင်လာသဖြင့် တရုတ်နိုင်ငံဘက်မှ မိတ်ဖက်ပြုဆွေးနွေးမှုများ ပိုမိုပြုလုပ်လာဖွယ်ရှိပါသည်။

BRICS အုပ်စုမှာ ကမ္ဘာတစ်ဝှမ်းရှိ အမေရိကန်နှင့် အကျိုးစီးပွားတူနိုင်ငံများသို့ အင်အားချင်းအပြိုင် စိန်ခေါ်နိုင်မည့် အရှေ့ဘက်ခြမ်းမှအုပ်စု ဖြစ်လာနိုင်ဖွယ် ရှိပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် ကဘူးလ်သို့ သွားရောက်၍ တာလီဘန်အစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့ဆွေးနွေးရာ၌ သတ္တုတွင်းကဏ္ဍတွင် စတင်ဆောင်ရွက်ရေးနှင့် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမ အခြေခံအဆောက်အအုံစီမံကိန်းတွင် အာဖဂန်နစ္စတန်၏ အနာဂတ်အခန်းကဏ္ဍတို့အပါအဝင် နိုင်ငံရေးနှင့် စီးပွားရေးကိစ္စများကို ဆွေးနွေးခဲ့သည်ဟု သိရပါသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် Organization Of Islamic Cooperation နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တရုတ်နိုင်ငံသည် မူဆလင် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း (Muslim Belt And Road Initiative Projects) တွင် အမေရိကန်ဒေါ်လာ (၄၀၀) ဘီလီယံ ရင်းနှီးမြှုပ်နှံထားပါသည်။ OIC အုပ်စုတွင် ကမ္ဘာ့တိုက်ကြီး (၄) တိုက်မှ နိုင်ငံ (၅၇) နိုင်ငံ ပါဝင်ကြကာ၊ စုစုပေါင်းလူဦးရေ (၁.၉) ဘီလီယံ ရှိပါသည်။

## ရပ်ဝန်းနှင့် ပိုးလမ်းမတောင်ပိုင်း ကုန်ထုတ်လုပ်မှုကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုများ ကာဇက်စတန်နိုင်ငံ၏ ကတ်စ်ပီယန်ပင်လယ်ဆိပ်ကမ်း ကုန်သွယ်မှု တိုးတက်လာ

ကာဇက်စတန်နိုင်ငံ၏ ဆိပ်ကမ်းကြီး (၃) ခုဖြစ်သည့် Aqtau ၊ Bautino နှင့် Kuryk တို့၏ ကုန်သွယ်မှုမှာ (၅.၄) ရာခိုင်နှုန်း မြင့်တက်လာပါသည်။

ဇန်နဝါရီလအတွင်း ကာဇက်စတန်နှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union– EAEU) တို့၏ ကုန်သွယ်ရေးမှာ (၂၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ကာဇက်စတန်နှင့် EAEU ၏ အခြားအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အာမေးနီးယား၊ ဘဲလာ ရပ်စ်၊ ခိရုကစ္စတန်နှင့် ရုရှားတို့၏ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ (၁.၇) ဘီလီယံအထိ ရောက်ရှိခဲ့ပါသည်။

ဂျော်ဂျီယာ–ဥဇဘက်ကစ္စတန်တို့၏ နှစ်နိုင်ငံကုန်သွယ်ရေး (၈) ရာခိုင်နှုန်း မြင့်တက်လာပါသည်။

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှာ Shanghai Cooperation Organization လေ့လာသူနိုင်ငံများဖြစ်လာရေးအတွက် စတင်၍ စဉ်းစားနေကြပါသည်။ ၎င်းနိုင်ငံများကို လေ့လာသူအဖြစ် ခွင့်ပြုပေးရာတွင် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို Shanghai Cooperation Organiz–ation (SCO)၏ အဖွဲ့ဝင်နိုင်ငံများက စဉ်းစားလျက်ရှိကြပါသည်။

ရင်းမြစ်၊ China Briefing
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

Agribusiness & Trade

## မြေရှားသတ္တုများနှင့် စပ်လျဉ်းသည့် ကမ္ဘာ့နိုင်ငံများ၏ အခြေနှင့် သုံးသပ်ချက်

လက်ရှိ တရုတ်နိုင်ငံက လွှမ်းမိုးထားသည့် နိုင်ငံတကာ မြေရှားသတ္တုလုပ်ငန်း ကွင်းဆက်တွင် ဩစတြေးလျနိုင်ငံမှာ ကမ္ဘာပေါ်တွင် ရေရှည်မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုကြီးများ ပြုလုပ်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မကြာသေးမီနှစ်များအတွင်း မြေရှားသတ္တုများ ရှာဖွေခြင်းနှင့် ပြန်လည်သန့်စင်ခြင်းတို့တွင် တရုတ်နိုင်ငံက လွှမ်းမိုးလာခြင်းမှာ နိုင်ငံတကာနှင့်ဆက်စပ်နေသည့် လုံခြုံရေးရာကိစ္စရပ်အသစ်ဖြစ်လာပါသည်။ မြေရှားသတ္တုကို smartphone မှသည် ကာကွယ်ရေးနည်းပညာများ ထုတ်လုပ်သည်အထိ ကုန်ပစ္စည်းအမျိုးမျိုးအတွက် အသုံးပြုနိုင်ပါသည်။ US Geological Survey အရ ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံက မြေရှားသတ္တုတင်သွင်းမှုများ၏ (၈၀) ရာခိုင်နှုန်း ပါဝင်ခဲ့ပြီး၊ ထို့အတွက်ကြောင့် ဈေးကွက်ထိန်းချုပ်မှုကို အလေးထားဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။

### ကမ္ဘာလုံးဆိုင်ရာ စက်မှုကုန်ထုတ်လုပ်မှုတွင် မြေရှားသတ္တု၏ အရေးပါပုံနှင့် အဖိုးတန်ပုံ

Rare earth elements (REE) (သို့မဟုတ်) မြေရှားသတ္တုဟု လူသိများသည့်သတ္တုမှာ ဓာတ်သတ္တု (၁၇) မျိုး၏ အမျိုးအစားဖြစ်ပြီး၊ (၁၅) မျိုးမှာ lanthanide အုပ်စုဝင်ဖြစ်ကာ၊ ကျန် scandium နှင့် yttrium တို့မှာ အလားတူဂုဏ်သတ္တိမျိုး ရှိကြပါသည်။

မြေရှားသတ္တုမှာ သံလိုက်များ၊ ဓာတ်ပြောင်းအကူပစ္စည်းများနှင့် ဘက်ထရီများကဲ့သို့ လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်။ ထို့ပြင် smartphone များ၊ ကွန်ပျူတာများ၊ လျှပ်စစ်ယာဉ်များ၊ မော်တာများ၊ နည်းပညာအဆင့်မြင့် ဘက်ထရီများ၊ လေအားပေးရဟတ်ဘီးများ၊ ဆေးဘက်ဆိုင်ရာ ကိရိယာတန်ဆာပလာများ အပါအဝင် မြေရှားသတ္တုများဖြင့် ထုတ်လုပ်ထားသည့် အစိတ်အပိုင်းများပါဝင်သည့် ပစ္စည်းအမယ်ပေါင်း များစွာရှိပါသည်။

မြေရှားသတ္တုမှာ ကမ္ဘာ့အပေါ်ယံလွှာတွင် များစွာရှိသော်လည်း၊ အခြားသတ္တုများနှင့် မတူညီသည်မှာ တူးဖော်နိုင်လောက်အောင် ဒြပ်ပစ္စည်းပါဝင်မှု ပိုမိုနည်းပါးတတ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဈေးကြီးပြီး၊ ထုတ်ယူ၊ သန့်စင်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်စေတတ်ပါသည်။

## မြေရှားသတ္တု ထုတ်လုပ်ရောင်းချရေး ကွင်းဆက်တွင်ပါဝင်သည့် တရုတ်နိုင်ငံ၏နေရာ

တရုတ်နိုင်ငံမှာ ကမ္ဘာပေါ်တွင် မြေရှားသတ္တုအများဆုံးထုတ်လုပ်သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း မြေရှားသတ္တုတန်ချိန် (၁၄၀,၀၀၀) ထုတ်လုပ်ခဲ့ပြီး၊ ကမ္ဘာ့စုစုပေါင်းထုတ်လုပ်မှု၏ (၆၀) ရာခိုင်နှုန်းခန့် ရှိပါသည်။

ထိုသို့ ပါဝင်နေခြင်းမှာ မြေရှားသတ္တုသန့်စင်ရေးအသုံးအဆောင်များတွင် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေခြင်း၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်ရှိသည့် သန့်စင်မှုများနှင့် ထုတ်လုပ်မှုများရှိခြင်း၊ ဈေးယခင်ကတည်းက ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာခြင်းနှင့် သဘာဝပတ်ဝန်းကျင်စံချိန်စံညွှန်းများ နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်များတွင် တရုတ်နိုင်ငံက ဤကဏ္ဍအတွင်း အကြီးအကျယ်ရင်းနှီးမြှုပ်နှံမှုပြုလုပ်လာချိန်၌ အမေရိကန်က ကမ္ဘာပေါ်တွင် မြေရှားသတ္တုအများဆုံးထုတ်လုပ် နေသည့်နိုင်ငံဖြစ်ခဲ့သည်။ တရုတ်နိုင်ငံက ယခုကဲ့သို့ မြေရှားသတ္တုထုတ်လုပ်သည့် နိုင်ငံကြီးဖြစ်လာခဲ့ခြင်းမှာ နိုင်ငံ၏ စက်မှုဆိုင်ရာမူဝါဒကြောင့် ဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာမြေရှားသတ္တုရောင်းလိုအားတွင် ပါဝင်မှုမှာ (၉၂) ရာခိုင်နှုန်းခန့်ရှိခဲ့ကာ၊ ၂၀၁၂ ခုနှစ်တိုင်အောင် တစ်ကမ္ဘာလုံးရှိ မြေရှားသတ္တုရောင်းလိုအား အားလုံးနီးပါးကို တရုတ်နိုင်ငံက ထုတ်လုပ်ခဲ့ပါသည်။ ထိုအချိန်ကာလ နောက်ပိုင်း၌ ကမ္ဘာ့မြေရှားသတ္တုထုတ်လုပ်မှုတွင် တရုတ်နိုင်ငံ၏ပါဝင်မှုဝေစုမှာ လျော့နည်းလာခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် (၅၈) ရာခိုင်နှုန်းသာရှိတော့သည်ကို တွေ့ရပါသည်။

တရုတ်နိုင်ငံရှိ မြေရှားသတ္တုထုတ်လုပ်ရာ၌ အောက်ဖော်ပြပါ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းကြီး (၆) ခုကနေရာယူထားကြပြီး၊ “Big Six” ဟု ကိုးကားကြပါသည် –

- China Minmetals Rare Earth Co.
- Aluminum Corporation of China (CHALCO)
- Guangdong Rising Nonferrous
- China Northern Rare Earth Group
- China Southern Rare Earth Group
- Xiamen Tungsten

တရုတ်နိုင်ငံက ဈေးနှုန်းထိန်းချုပ်နိုင်ရန် ၎င်း၏မြေရှားသတ္တုလုပ်ငန်းကို ကျစ်လျစ်တောင့်တင်းခိုင်မာစေရန် ဖွဲ့စည်းထားပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် “Big Six” ၏ လုပ်ငန်း (၃)ခုဖြစ်သည့် Aluminum Corporation of China (CHALCO) ၊ China Minmetals Rare Earth Co., နှင့် Ganzhou Rare Earth Group Co., Ltd တို့ကို တရုတ်နိုင်ငံအရှေ့ပိုင်း Jiangxi ပြည်နယ်တွင် တရားဝင်ပေါင်းစည်းခဲ့ပါသည်။

တရုတ်နိုင်ငံက မြေရှားသတ္တုကဏ္ဍတွင် ခိုင်မာစွာ ဦးဆောင်ပါဝင်နေသော်လည်း မြေရှားသတ္တုအရန်သိုလှောင်ထားရှိမှု အများအပြားရှိသည့် အခြားနိုင်ငံများလည်း ရှိနေပါသေးသည်။ မြေရှားသတ္တုထုတ်လုပ်ရန် ရင်းမြစ်အမြောက်အမြားလိုအပ်ပြီး၊ ရရှိရန် ခက်ခဲသောကြောင့် ပြည်တွင်း၌သန့်စင်သည့်စက်များ မရှိသောနိုင်ငံများက သန့်စင်ရန်အတွက် ပြည်ပနိုင်ငံများသို့ တင်ပို့လေ့ရှိကြပါသည်။

ဩစတြေးလျအပါအဝင် Quad အဖွဲ့ဝင်နိုင်ငံများက မြေရှားသတ္တုထုတ်လုပ်ရေး စွမ်းရည်များတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံကြပါသည်။ ဩစတြေးလျအစိုးရသည် အမေရိကန်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ အားပေးထောက်ခံမှုဖြင့် မြေရှားသတ္တုထုတ်လုပ်ရန် မဟာဗျူဟာမြောက်လုပ်ငန်းအဖြစ်သတ်မှတ်၍ ရင်းနှီးမြှုပ်နှံလျက် ရှိပါသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း Quad အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးကျင်းပခဲ့စဉ်က မြေရှားသတ္တုအတွက် စိတ်ချရသောကုန်ထုတ်လုပ်မှုကွင်းဆက်တိုးမြှင့်ရန် သဘောတူညီခဲ့ကြပါသည်။ ၎င်းသဘောတူညီချက်အတိုင်း Quad အဖွဲ့ဝင်နိုင်ငံများ၏ ပြင်ပနိုင်ငံများ (ဥပမာ ဥရောပနိုင်ငံများနှင့် တောင်ကိုရီးယား၌)၊ တရုတ်နိုင်ငံ၏ ပြင်ပနိုင်ငံများတွင် မြေရှားသတ္တုထုတ်ယူခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အပံ့များ၊ ဆွဲဆောင်မှုများနှင့် အံ့ဝင်ခွင်ကျဖြစ်သည့် လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ အားပေးမြှင့်တင်သွားဖွယ်ရှိပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ဩစတြေးလျဝန်ကြီးချုပ် Scott Morrison က မြေရှားသတ္တုအပါအဝင် အရေးကြီးသည့်သတ္တုများအတွက် ရန်ပုံငွေ ဩစတြေးလျ ဒေါ်လာသန်း (၅၀၀) (အမေရိကန်ဒေါ်လာ သန်း ၃၆၀) ရှိကြောင်း၊ ၎င်းရန်ပုံငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် တရုတ်နိုင်ငံပြင်ပတွင် ဒုတိယမြောက် မြေရှားသတ္တုခွဲထုတ်သည့်စက်ရုံ၊ ဘက်ထရီပစ္စည်းသန့်စင်သည့်စက်ရုံ၊ သံမဏိပြုလုပ်ရာတွင် အသုံးပြုသည့် ဗနေဒီယံ အဖြူရောင်သတ္တုပြုပြင်ထုတ်လုပ်သည့် စက်ရုံတို့ကို တည်ဆောက်သွားမည်ဖြစ်ကာ အစိုးရသုတေသနပြုဆောင်ရွက်မှုကို စီးပွားဖြစ်ဆောင်

ရှက်နိုင်စေရန် ပံ့ပိုးကူညီပေး၍၊ ဈေးကွက်သို့ ကုမ္ပဏီအသစ်များ ခေါ်ဆောင်လာမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ ခြုံငုံကြည့်ရလျှင် ဩစတြေးလျအနေဖြင့် မြေရှားသတ္တုလုပ်ငန်းအတွက် ဘဏ္ဍာငွေဩစတြေးလျဒေါ်လာ (၂)ဘီလီယံ အသုံးပြုသွားရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း တွေ့ရပါသည်။ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင်လည်း ဩစတြေးလျအနောက်ပိုင်း Gasgoyne ဒေသရှိ Hastings Technology Metals ၏ Yangibana မြေရှားသတ္တုတွင်းသို့ စီမံကိန်းချေးငွေ ဩစတြေးလျဒေါ်လာ သန်း (၁၄၀) (အမေရိကန်ဒေါ်လာ သန်း ၁၀၀) ချပေးရန် ဩစတြေးလျအစိုးရက သဘောတူညီထားပြီး ဖြစ်ပါသည်။

ဩစတြေးလျ၏ အရွေ့ကို လေ့လာကြည့်ပါက ၎င်း၏ သတ္တုတူးဖော်မှုကို အားကောင်းခိုင်မာစေရုံမျှသာမက ၎င်း၏ စီးပွားရေးနှင့် လုံခြုံရေးစိုးရိမ်မှုများအတွက်ပါ အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ဩစတြေးလျ၏ ကြိုးပမ်းမှုမှာ အမေရိကန်၊ ဥရောပ၊ အိန္ဒိယ၊ တောင်ကိုရီးယားနိုင်ငံများရှိ မြေရှားသတ္တုကွင်းဆက်များ တည်ဆောက်ရန် အားထုတ်ကြိုးပမ်းမှုကဲ့သို့ပင် ကမ္ဘာ့နိုင်ငံများက မြေရှားသတ္တုကွင်းဆက် များကို တရုတ်နိုင်ငံ၏ပြင်ပတွင် ခွဲဖြာဖြစ်ပေါ်လာစေရန် အားထုတ်ကြိုးပမ်းနေခြင်း၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

မြေရှားသတ္တုကွင်းဆက်များ ခွဲဖြာဖြစ်ပေါ်လာစေရေးမှာ လွန်ခဲ့သည့်ဆယ်စုနှစ် ကျော်ကပင် ဦးစားပေးဆောင်ရွက်လာခဲ့သည့် ကိစ္စတစ်ရပ် ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ်အတွင်း သံခင်းတမန်ခင်း အငြင်းပွားမှုကြားဝယ် မြေရှားသတ္တုသယ်ဆောင်မှုများကို တရုတ်နိုင်ငံက ပိတ်ဆို့ထားသည်ဟု ဂျပန်အစိုးရက စွပ်စွဲခဲ့ဖူးပါသည်။ ၎င်းဖြစ်ရပ်ဖြစ်ပွားပြီးနောက် မြေရှားသတ္တုအားလုံးကို တရုတ်နိုင်ငံက ထိန်းချုပ်ထားမှုအပေါ် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများက စိုးရိမ်မှုများ တိုးပွားလာခဲ့ပါသည်။ အထူးသဖြင့် မကြာသေးမီ နှစ်များအတွင်း တရုတ်နိုင်ငံက ဩစတြေးလျ၊ ကနေဒါ၊ အမေရိကန်နှင့် တောင်ကိုရီး ယားတို့နှင့် ကုန်သွယ်ရေးအငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ရာ မြေရှားသတ္တုများကို နိုင်ငံရေးအကြောင်းပြချက်ဖြင့် ကိုင်စွဲထားမည်ကို စိတ်ပူလာကြပါသည်။

နည်းပညာအဆင့်မြင့် ကုန်ပစ္စည်းများကို နေရာအနှံ့တွင် အသုံးပြုနေကြရာ မြေရှားသတ္တုဝယ်လိုအားမှာ ဆက်လက်မြင့်တက်လာရန်သာ ရှိပါသည်။ တစ်ကမ္ဘာလုံးအဆင့်၌ ထုတ်လုပ်မှုပိုများလာခြင်းမှာ ရောင်းလိုအားပိုမိုလာရန်၊ ဈေးနှုန်းများ ပိုမိုကျဆင်းလာရန်၊ သယ်ယူပို့ဆောင်ခများ ပိုမိုသက်သာလာရန်၊ စက်မှုကုန်ထုတ်လုပ်သူများအတွက် ဆုံးရှုံးနိုင်ခြေပိုမိုနည်းပါးလာရန်တို့အတွက်သာ ဦးတည်သွားသင့်ပါသည်။

Agribusiness & Trade

သို့ရာတွင် မြေရှားသတ္တုကွင်းဆက်အသစ်တည်ဆောက်ရန် ကြိုးစားနေကြသော်လည်း စရိတ်စကကြီးမြင့်နေခြင်း၊ သယံဇာတအလွန်လိုအပ်ခြင်း၊ မြေရှားသတ္တု ထုတ်လုပ်နိုင်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရန် ဆယ်စုနှစ်တစ်ခုကြာမျှ ကာလကြာရှည်ခြင်းတို့ဖြင့် ကြုံတွေ့နေပါသည်။ သို့ဖြစ်ရာ နောက်လာမည့်နှစ်အနည်းငယ် ကြာမြင့်သည်အထိ တရုတ်နိုင်ငံမှာ ကမ္ဘာ့မြေရှားသတ္တုကဏ္ဍတွင် လွှမ်းမိုးထားသော နိုင်ငံအဖြစ် ဆက်လက်ပါဝင်နေဦးမည် ဖြစ်ပါသည်။

ရင်းမြစ်၊ China–Briefing
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………...................................................

## မတ်လ (၂၈) ရက်နေ့တွင် တရုတ်နိုင်ငံ ပြည်တွင်းဈေးကွက်၌ သဘာဝရာဘာဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့

မတ်လ (၂၈) ရက်နေ့တွင် ရှန်ဟိုင်းရာဘာဈေးကွက်တွင် သဘာဝရာဘာဈေးနှုန်း အတက်အကျအနည်းငယ်ဖြစ်ပေါ်ခဲ့ကာ၊ မတ်လ (၂၅) ရက်နေ့ရှိ ဈေးကွက်ပေါက်ဈေးထက် တစ်တန်လျှင် ယွမ် (၇၀) ကျဆင်းပြီး၊ (၁၃,၄၁၀) ယွမ်ဖြင့် ဈေးပိတ်ခဲ့ပါသည်။ တရုတ်နိုင်ငံ အရှေ့ပိုင်းရှိ လက်ငင်းအရောင်းအဝယ်ဈေးမှာလည်း အနည်းငယ်ကျဆင်းခဲ့ပြီး၊ ပြည်တွင်းထုတ် ပထမတန်းစား သဘာဝရာဘာဈေးနှုန်းမှာ ယခင်နေ့ကထက် (၀.၃၄) ရာခိုင်နှုန်း ကျဆင်းခဲ့ကာ တစ်တန်လျှင် (၁၂,၉၁၄)ယွမ်ဖြစ်ခဲ့ပါသည်။ ၎င်းဈေးနှုန်းမှာ ယခင်နှစ်ကထက် (၃.၉) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

**ရောင်းလိုအားဘက်**

မတ်လအတွင်း အရှေ့တောင်အာရှနိုင်ငံများမှ ထုတ်လုပ်မှုရပ်နားခဲ့သဖြင့် တစ်ကမ္ဘာလုံးမှ သဘာဝရာဘာရောင်းလိုအားမှာ တစ်နှစ်ပတ်လုံးတွင် အနိမ့်ဆုံးအမှတ်သို့ ရောက်ရှိခဲ့ပါသည်။ တရုတ်နိုင်ငံ၌မူ ယူနန်ပြည်နယ်၊ စစ်ဆောင်ပနားရှိ Menghan ၊ Menglun ၊ Mengpeng ၊ Mengman နှင့် အခြားဒေသများတွင် ရာသီဥတုအခြေအနေများ ကောင်းမွန်နေသောကြောင့်၊ ယခုနှစ် ရာဘာစေးထုတ်သည့်ရက် (၂၀) ရက်ခန့် ပိုမိုစောပြီး၊ မတ်လ (၁၇) ရက်နေ့တွင် စတင်၍ ရာဘာစေးထုတ်ယူနေကြပြီ ဖြစ်ပါသည်။ ဟိုင်နန်ကျွန်းတွင်လည်း ရာသီဥတုပုံမှန်ဖြစ်နေသဖြင့် ဧပြီလလယ်ခန့်တွင် စတင်၍ ရာဘာစေးထုတ်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

## ဝယ်လိုအားဘက်

တရုတ်အမျိုးသားစာရင်းအင်းဌာနမှ စာရင်းများအရ ယခုနှစ် ပထမ (၂) လအတွင်း တရုတ်နိုင်ငံ၏ တာယာထုတ်လုပ်မှုမှာ ယခင်နှစ်အလားတူကာလကထက် (၅.၂) ရာခိုင်နှုန်း ကျော်ကျဆင်းခဲ့ကာ၊ တာယာအလုံးရေ (၁၂၄.၁၈) သန်းခန့်သာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ တရုတ်တစ်နိုင်ငံလုံးတွင်လည်း ကပ်ရောဂါဖြစ်ပွားမှုနှုန်းများ ထပ်မံမြင့်မားလာသောကြောင့် ရှန်တုန်းရှိ လုပ်ငန်းများမှာ ထုတ်လုပ်မှုကို ရပ်နားထားရန် စီစဉ်ထားကြရာ၊ ထုတ်လုပ်မှု အကန့်အသတ်ရှိနေပြီး၊ ကုန်လက်ကျန်ထားရှိမှုများအပေါ် ထိန်းချုပ်ဆောင်ရွက် နေကြပါသည်။

လက်ရှိစီးပွားရေးအခြေအနေများမှာ ရှုပ်ထွေးနေပြီး၊ ကမ္ဘာတစ်ဝှမ်းမှ မော်တော်ယာဉ်လုပ်ငန်းများမှာလည်း ထိုင်းမှိုင်းနေပြီး၊ auto chip များ ကာလကြာရှည် လိုအပ်နေဆဲဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာရေနံစိမ်းဈေးနှုန်းများ ရုတ်ချည်းမြင့်တက်လာမှု၏ သက်ရောက်မှုကြောင့် တရုတ်ပြည်တွင်းမှ သန့်စင်ပြီးလောင်စာဆီဈေးနှုန်းများ မြင့်တက်နေခြင်းနှင့် လောင်စာဆီသုံးယာဉ်များအစား လျှပ်စစ်ယာဉ်များကို ဝယ်လိုအားမြင့်လာခြင်းတို့ ဖြစ်ပေါ်နေပါသည်။ တစ်နည်းအားဖြင့် ဝယ်လိုအား ကျဆင်းနေပါသည်။

## ကုန်ပစ္စည်းသိုလှောင်ထားရှိမှု စစ်တမ်း

ချင်းတောင်တွင် လက်ရှိရာဘာလက်ကျန်မှာ နည်းပါးနေသော်လည်း မကြာမီအချိန်အတွင်း ယူနန်ပြည်နယ်ဘက်မှ ရာဘာအသစ်များ ထွက်ရှိတော့မည်ဖြစ်သောကြောင့် ကုန်လက်ကျန်အဟောင်းများကို စတင်ရှင်းထုတ်နေပြီဟု သိရှိရပါသည်။ ယခုနှစ်၊ ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံမှ ရာဘာတင်ပို့မှုမှာ တန်ချိန် (၅၉၁,၇၀၀) တန်ရှိခဲ့သော်လည်း ဖေဖော်ဝါရီလတွင် တန်ချိန်(၄၁၄,၆၀၀) တန်သာ ရှိခဲ့ပါသည်။ ဤနှစ်လအတွင်း တရုတ်နိုင်ငံမှ ရာဘာတုထုတ်လုပ်မှုမှာ တန်ချိန် (၁.၁၆၂) သန်းရှိခဲ့ပြီး၊ ယခင်နှစ်ကထက် (၅.၁) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

## ခန့်မှန်းချက်

ကပ်ရောဂါကူးစက်မှု အခြေအနေများ ပြန်လည်ဖြစ်ပေါ်လာခြင်း၊ စီးပွားရေးဖောင်းပွနေခြင်း၊ ရေနံစိမ်းဈေးနှုန်းများ မြင့်မားနေဆဲဖြစ်ခြင်း၊ ပထဝီနိုင်ငံရေးပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ ကုန်ချောဝယ်လိုအား ကျဆင်းနေခြင်း၊ မကြာမီအချိန်အတွင်း ပြည်တွင်းမှ ရာဘာများထွက်ပေါ်လာတော့မည်ဖြစ်ခြင်းတို့ကြောင့် သဘာဝရာဘာဈေးကွက်မှာ ရေတိုကာလတွင် အားနည်းနေမည်ဖြစ်

Agribusiness & Trade

ပါသည်။ အလယ်အလတ်ကာလတွင် ရုရှားနှင့် ယူကရိန်းအခြေအနေတိုးတက်မှု၊ ကပ်ရောဂါအခြေအနေ ကာကွယ်ထိန်းချုပ်နိုင်မှုနှင့် လျှပ်စစ်ယာဉ်များ ဝယ်လိုအားလျင်မြန်စွာမြင့်တက်လာမှုကြောင့် ၎င်းယာဉ်များအတွက် တာယာဝယ်လိုအား များလာမှုတို့မှာ သဘာဝရာဘာ ဝယ်လိုအားအပေါ် သက်ရောက်မည့်အချက်များ ဖြစ်ပါသည်။

ရင်းမြစ်၊ Sunsirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..........................................................................................................................

**ဟောင်ကောင်ဒေသ စီးပွားရေးဆိုင်ရာ သတင်းများ**

## ဟောင်ကောင်ဒေသရှိ စားသောက်ဆိုင်များ၏ရောင်းချမှု ပြန်လည်ကောင်းမွန်လာနိုင်သော်လည်း ရုပ်ရှင်ရုံများနှင့် အလှပြင်ခန်းမများအတွက်

ဟောင်ကောင်ဒေသ၌ ၂၁-၄-၂၀၂၂ ရက်နေ့မှ စတင်၍ စားသောက်ဆိုင်များအား ညပိုင်းတွင် ရောင်းချခွင့် ပြန်လည်ခွင့်ပြုလျှင် စားသောက်ဆိုင်များ၏ ရောင်းချမှုများ (၇၀) ရာခိုင်နှုန်း မြင့်တက်လာနိုင်သော်လည်း ရုပ်ရှင်ရုံများနှင့်အလှပြင်ခန်းမများအတွက် သေချာမှုမရှိသေးကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Restaurants starting to feel the rush, but cinemas and beauty parlors not so much” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကန့်သတ်ချက်များအား ပထမအဆင့်အနေဖြင့် ဖြေလျှော့ပေးခြင်းဖြင့် လုပ်ငန်းများတိုးတက်စေနိုင်ကြောင်း၊ သို့သော် စားသောက်ဆိုင်များ၌ စားပွဲဝိုင်းများ၌ လူ (၄) ဦးအထိသာ ခွင့်ပြုထားပြီး လူများစွာစုဝေးခြင်းအား ခွင့်ပြုထားခြင်းမရှိကြောင်း၊ အချို့သော စားသောက်ဆိုင်များမှာ ပိတ်ထားပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ မတိုင်မီ စီးပွားရေးလုပ်ဆောင်မှု၏ (၃၀) ရာခိုင်နှုန်းမှ (၄၀) ရာခိုင်နှုန်း အကြားသာရှိကြောင်း၊ သို့သော် ၂၁-၄-၂၀၂၂ ရက်နေ့မှစတင်၍ စားသောက်ဆိုင်များအား ညပိုင်းရောင်းချခွင့်ပြန်လည်ခွင့်ပြုလျှင် စားသောက်ဆိုင်များ၏ ရောင်းချမှုများ (၇၀) ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်ဟု မျှော်လင့်ထားကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း တွင် Consumption Voucher (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းအထိ ထောက်ပံ့

ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံအများစုမှာ စားသောက်ဆိုင်များနှင့် လက်လီအရောင်းဆိုင်များတွင် အသုံးပြုခြင်းသာမက စူပါမားကတ်များတွင် နေ့စဉ်လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများကို ဝယ်ယူကြမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသို့ကုန်ပစ္စည်းများ အချိန်မှန် မရောက်ရှိလာခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးစရိတ်များမှာ အများအပြား မြင့်တက်လျက်ရှိရာ ကုန်ပစ္စည်းဖြည့်ဆည်းမှုကွင်းဆက်မှာ ချောမွေ့မှုမရှိကြောင်း ရေးသား ဖော်ပြထားပါသည်။

ယခင်ကဟောင်ကောင်ဒေသသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် ယွမ်(၈,၀၀၀) ဟောင်ကောင် ဒေါ်လာအားဖြင့် (၉,၃၈၀) ကုန်ကျခဲ့သော်လည်း ယခုအခါယွမ် (၁၃,၀၀၀) မှ (၁၅,၀၀၀) ကြား ကုန်ကျပြီး အမြင့်ဆုံးအနေဖြင့် ယွမ် (၂၀,၀၀၀) အထိ ကုန်ကျကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးမှုကို အဆင့် (၃) ဆင့်ဖြင့် ဖြေလျှော့ပေးသွားမည်ဖြစ်ပြီး ပထမအဆင့်တွင် ၂၁–၄–၂၀၂၂ ရက်နေ့မှ စတင်၍ စားသောက်ဆိုင်များအား ည (၂၂:၀၀) နာရီအထိ ဖွင့်လှစ်ခွင့်ပြုပြီး စားပွဲဝိုင်းတစ်ခုလျှင် ယခင်က (၂) ဦးသာ ခွင့်ပြုထားရာမှ (၄) ဦးအထိ တိုးမြှင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သတ်မှတ်ထားသော အဆောက်အအုံများဖြစ်သည့် အားကစားခန်းမများ၊ ရုပ်ရှင်ရုံများ၊ အလှပြင်စင်တာများနှင့် Leisure and Cultural Services Department မှ စီမံခန့်ခွဲသောအားကစား အဆောက်အအုံများကိုလည်း ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ သို့သော် ဟောင်ကောင်ဒေသစီးပွားရေးမှာ ပြင်းထန်စွာ ရိုက်ခတ်ခံရလျက်ရှိပြီး ဒေသခံများအနေဖြင့် အလှပြင်လုပ်ငန်းများတွင် ငွေသုံးစွဲရန်မှာ သေချာမှုမရှိသဖြင့် အလှပြင်လုပ်ငန်းမှာ ပြန်လည်ကောင်းမွန်လာနိုင်ခြင်း မရှိသေးကြောင်း၊ လွန်ခဲ့သော (၃) လအတွင်း လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း မရှိခဲ့သဖြင့် အလှပြင်ဆိုင်များ ပြန်လည်ဖွင့်လှစ်လျှင် အသစ်ထပ်မံဝင်လာမည့်ဝင်ငွေ မရရှိမီ ယခင်က package ဝယ်ယူထားသူများအတွက် ဝန်ဆောင်မှုပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် အလှပြင်ဆိုင်များ၌ စုဝေးခွင့်ပြုမည့် လူအရေအတွက်ကို သိရှိရလျှင် ပိုမိုကောင်းမွန်မည်ဖြစ်သဖြင့် ဒေသအစိုးရမှ ကြေညာချက် ထုတ်ပြန်မှုကိုလည်း မျှော်လင့်လျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………

## စစ်တမ်းကောက်ယူမှုများအရ ဥရောပကုမ္ပဏီ ထက်ဝက်ခန့်မှာ ဟောင်ကောင် ဒေသမှ ပြန်လည်ထွက်ခွာရန် စီစဉ်လျက်ရှိခြင်း

ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ခက်ခဲမှုများရှိသဖြင့် နောက်ဆုံးအခြေအနေ စစ်တမ်းကောက်ယူမှုများအရ ဥရောပကုမ္ပဏီ ထက်ဝက်ခန့်မှာ ၂၀၂၃ ခုနှစ်တွင် ဟောင်ကောင်ဒေသမှ ပြန်လည်ထွက်ခွာရန် စီစဉ်လျက်ရှိသည်ဟု ၂၀၂၂ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Half of European companies have plans to leave Hong Kong survey" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးမှူးချုပ်၊ Mrs. Carrie Lam မှ ကိုဗစ်-၁၉ ရောဂါကန့်သတ်ချက်များ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် စီမံကိန်းမထုတ်ပြန်မီ ဟောင်ကောင်ဒေသရှိ ဥရောပကုန်သည်ကြီးများအသင်း (European Chamber of Commerce) မှ စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။ အကြံပေး ဝန်ဆောင်မှုလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ တယ်လီဖုန်းဆက်သွယ်ရေးနှင့် လက်လီရောင်းချမှု အစရှိသည့် လုပ်ငန်းများမှ စုစုပေါင်းကိုယ်စားလှယ် (၂၆၀) အား အွန်လိုင်း စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီများမှ(၇၀) ရာခိုင်နှုန်းမှာ ဝန်ထမ်းအရေအတွက် (၁၀၀) အောက်တွင်ရှိကြောင်း၊ လာမည့် (၁၂) လအတွင်း ဟောင်ကောင်ဒေသမှ အပြည့်အဝ ပြန်လည်ထွက်ခွာနိုင်သည့် ကုမ္ပဏီ (၂၅) ရာခိုင်နှုန်း၊ တစ်စိတ်တစ်ဒေသ ပြန်လည်ထွက်ခွာနိုင်သည့် ကုမ္ပဏီ (၂၄) ရာခိုင်နှုန်း၊ အခြားဒေသ၌ ခွဲဝေရင်းနှီးမြှုပ်နှံရန် စီစဉ်ထားခြင်းမရှိသော ကုမ္ပဏီ (၁၇) ရာခိုင်နှုန်းနှင့် ထွက်ခွာရန် မသေချာသေးသော ကုမ္ပဏီ (၃၄) ရာခိုင်နှုန်း တွေ့ရှိရကြောင်း ရေးသားဖော်ပြထားပါသည်။

အဆိုပါ စစ်တမ်းကောက်ယူမှုများအရ ကုမ္ပဏီ (၅၈) ရာခိုင်နှုန်းမှာ ဟောင်ကောင်ဒေသအစိုးရ၏ငွေကြေးထောက်ပံ့မှုကို လက်ခံရရှိထားသော်လည်း ကုမ္ပဏီ (၂) ရာခိုင်နှုန်းသာလျှင် အစိုးရထောက်ပံ့မှု (၅) ခုမှ (၅) ခုလုံး၏ အကျိုးသက်ရောက်မှုများ ရရှိကြောင်း အသိအမှတ်ပြုခဲ့ပြီး ပျမ်းမျှအမှတ် (၂.၂) သာ ပေးခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ ကိုဗစ် - ၁၉ ကန့်သတ်ချက်များတွင် ပါဝင်သည့်နိုင်ငံတကာမှ လာရောက်သူများအတွက် Quarantine နေထိုင်ရန် လိုအပ်မှုများ၊ ခရီးသွားလာမှုကန့်သတ်ချက်များ၊ မိသားစုများနှင့် ခွဲခွာနေထိုင်ရမှု (၄၀) ရာခိုင်နှုန်း၊ ကျောင်းများပိတ်ထားရမှု (၁၂) ရာခိုင်နှုန်း အစရှိသည်တို့ ပါဝင်သည့် အချက်များကြောင့် လုပ်ငန်းကျွမ်းကျင် ထူးချွန်သူများကို

Agribusiness & Trade

ဟောင်ကောင်ဒေသသို့ ခေါ်ယူရန် အခက်အခဲများရှိသည်ဟု တုံ့ပြန်သူများမှ ခွဲခြားပြောကြားထားကြောင်း၊ တစ်ကမ္ဘာလုံးနှင့် ချိတ်ဆက်ပေးလျက်ရှိသည့် အထူးသဖြင့် တရုတ်ပြည်မကြီးနှင့် ကမ္ဘာတစ်ဝန်းအား ချိတ်ဆက်ပေးလျက်ရှိပြီး ဟောင်ကောင်ဒေသအတွက် ကြီးမားသည့် အကျိုးအမြတ်များစွာရရှိသည့် အချက်အချာကျသည့် ဒေသအနေဖြင့် ရပ်တည်နိုင်မှုအား မလုပ်ဆောင်နိုင်အောင်ဖြစ်စေကြောင်း၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ လုံးဝကင်းစင်ရေး (Zero-Covid strategy) သည် ဟောင်ကောင်ဒေသစီးပွားရေး အသိုက်အဝန်းအတွက် ကုန်ကျစရိတ်မြင့်မားစေလျက်ရှိသည်ဟု European Chamber of Commerce မှ ပြောကြားခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝ ထိုးနှံထားပြီး ကိုဗစ်-၁၉ ဆေးစစ်မှုခံယူခဲ့သည့် ဟောင်ကောင်ဒေသသို့ ဝင်ရောက်လာသည့် ခရီးသွားများအား နေအိမ်များ၌သီးသန့်ခွဲ နေထိုင်ခွင့်ပြုရန်နှင့် StayHomeSafe Scheme အရ အစိုးရ၏ နောက်ဆုံးအခြေအနေ လမ်းညွှန်ချက်နှင့် ကိုက်ညီဆောင်ရွက်ပြီး ခရီးသွားလာမှုစနစ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးမှုအား အရှိန်မြှင့်တင် ဆောင်ရွက်ရန် အကြံပြုပြောကြားခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..............................................................

**ဟောင်ကောင်ဒေသခံ (၆.၃) သန်းအား ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် consumption vouchers ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း**

ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ်အတွက် ပထမအဆင့် electronic consumption vouchers အား ဟောင်ကောင်ဒေသခံ (၆.၃) သန်းအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် ဖြန့်ဝေပေးသွားမည်ဟု ဟောင်ကောင်ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ပြောကြားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ "About 6.3 million Hongkongers to receive consumption vouchers on April 7" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ electronic consumption vouchers များမှာ ၃၁-၁၀-၂၀၂၂ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပြီး (၇)လကြာ အသုံးပြုခွင့် ပေးထားမည် ဖြစ်သောကြောင့် အလောတကြီးသုံးစွဲရန် မလိုအပ်ဟု ပြည်သူလူထုအား သတိပေးပြောကြားထားကြောင်း၊ AlipayHK, Tap &

Go (သို့မဟုတ်) WeChat Pay HK အသုံးပြုသူများ အနေဖြင့် ၃၁-၁၀-၂၀၂၂ ရက်နေ့အထိ ဟောင်ကောင်ဒေါ်လာ (၅,၀၀၀) သုံးစွဲနိုင်မည့် consumption voucher များ ရရှိမည်ဖြစ်ကြောင်း၊ Octopus အသုံးပြု၍ consumption vouchers ရယူသူများအနေဖြင့်(၂) ကြိမ်ခွဲ၍ ရရှိမည်ဖြစ်ကြောင်း၊ Public Transport Fare Subsidy Scheme အရ Subsidy Collection Points များဖြစ်သည့် သတ်မှတ်ထားသော convenience stores ၊ supermarkets ၊ Octopus Service Points (သို့မဟုတ်) Octopus mobile app အသုံးပြု၍ ပထမအကြိမ် ဟောင်ကောင်ဒေါ်လာ (၄,၀၀၀) ရရှိမည်ဖြစ်ကြောင်း ရေးသား ဖော်ပြထားပါသည်။

လက်ရှိကာလတွင် Octopus card အသုံးပြုနိုင်သည့် တန်ဖိုးပမာဏကန့်သတ်ချက်ကြောင့် ပထမအကြိမ်တွင် ဟောင်ကောင်ဒေါ်လာ (၃,၀၀၀) ကျော်ထက် ပိုမိုရရှိနိုင်ခြင်း မရှိကြောင်းနှင့် Octopus card ၌ လက်ကျန်ပမာဏ လျော့နည်းချိန်မှသာလျှင် နောက်တစ်ကြိမ် ထပ်မံရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ Octopus အသုံးပြုသူများအနေဖြင့် Octopus card အား အကြိမ်ပေါင်းများစွာ ဖြည့်မှသာလျှင် ဟောင်ကောင်ဒေါ်လာ(၄,၀၀၀) အပြည့်အဝ ရရှိမည်ဖြစ်ကြောင်း၊ Octopus card အသုံးပြုသူများအနေဖြင့် ၂၀၂၂ ခုနှစ်၊ မေလမှ အောက်တိုဘာလအတွင်း စုစုပေါင်း ဟောင်ကောင်ဒေါ်လာ (၄,၀၀၀) အထိ အသုံးပြုခဲ့ပါက consumption vouchers သုံးစွဲရန် သတ်မှတ်ထားသည့် နောက်ဆုံးလ အောက်တိုဘာလကုန်ပြီး (၁၆) ရက် အကြာဖြစ်သည့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် Octopus card ဖြင့် ကျန်ရှိသည့် ဟောင်ကောင်ဒေါ်လာ (၁၀၀၀) အား ထပ်မံဖြည့်ဆည်းရရှိနိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………

## ဟောင်ကောင်ဒေသ၌ လက်လီရောင်းချမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၁၄ ရာခိုင်နှုန်း လျော့ကျခဲ့ခြင်း

ဟောင်ကောင်ဒေသ၌ လက်လီရောင်းချမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၁၄.၆ ရာခိုင်နှုန်း ၊ ဟောင်ကောင်ဒေါ်လာအားဖြင့် (၂၅.၂) ဘီလီယံ လျော့ကျခဲ့ကြောင်း

Agribusiness & Trade

၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် The Standard သတင်းစာ ၌“Hong Kong's retail sales in February drop 14pc year–on–year” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဒေသအစိုးရ ပြောရေးဆိုခွင့်ရှိသူမှ ပြောကြားခဲ့ရာတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ဖြစ်ပွားမှု မြင့်တက်ခဲ့မှုနှင့် ကိုဗစ်–၁၉ ကန့်သတ်ချက်များ တင်းကျပ်ခဲ့မှုကြောင့် မြို့ထဲတွင်သွားလာသူများနှင့် စားသုံးမှုများလျော့ကျခဲ့သဖြင့် လက်လီရောင်းချမှုများ သိသာစွာလျော့ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်၊ ပထမ (၂) လ အတွင်း လက်လီရောင်းချမှုမှာ (၄.၉) ရာခိုင်နှုန်း၊ ဟောင်ကောင်ဒေါ်လာအားဖြင့် (၅၉) ဘီလီယံ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ ရောင်းချမှုမှာ (၂၃.၁) ရာခိုင်နှုန်း၊ ဟောင်ကောင်ဒေါ်လာအားဖြင့် (၂.၁) ဘီလီယံ၊ မျက်မှန်အရောင်းဆိုင်များ၏ ရောင်းချမှုမှာ (၁၅.၆) ရာခိုင်နှုန်း၊ ကျောက်မျက်လက်ဝတ်ရတနာနှင့် နာရီနှင့် အဝတ်အထည်များ ရောင်းချမှု (၁၃.၁) ရာခိုင်နှုန်း၊ တန်ဖိုးမြင့် လက်ဆောင်ပစ္စည်းများ ရောင်းချမှု (၁၃.၁) ရာခိုင်နှုန်း၊ အဝတ်အထည်နှင့် ဖိနပ်များရောင်းချမှု (၁၅.၅) ရာခိုင်နှုန်း အစရှိသဖြင့် အသီးသီးလျော့ကျခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အွန်လိုင်းမှ ရောင်းချမှုမှာ (၁၀.၈) ရာခိုင်နှုန်း၊ ဟောင်ကောင်ဒေါ်လာအားဖြင့် (၂.၇) ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် (၅၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အဆိုပါ မြင့်တက်မှုမှာ ဟောင်ကောင်ဒေသ၌ ကိုဗစ်–၁၉ ပဥ္စမလှိုင်း ဖြစ်ပွားမှုမြင့်မားခဲ့မှုကြောင့် ဝယ်ယူအများစုမှာ ကုန်ပစ္စည်းများနှင့် နေ့စဉ်သုံးပစ္စည်းများကို အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲဝယ်ယူမှု မြင့်တက်ခဲ့မှုကြောင့် ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုလျော့ကျလာပြီ ဖြစ်သော်လည်း လက်လီရောင်းချမှုအပေါ် ဖိအားများဆက်လက် ဖြစ်ပေါ်စေနိုင်ကြောင်း၊ Electrononic Consumption Voucher အပါအဝင် ထပ်မံပံ့ပိုးပေးမည့် သက်သာခွင့် အစီအစဉ်ကြောင့် လက်လီရောင်းချမှုအား အထောက်အပံ့ ဖြစ်စေနိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..........................................................................

## ဟောင်ကောင်ဒေသခံများအား ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် consumption vouchers ဖြန့်ဝေပေးသွားမည်ဖြစ်ရာ ဈေးဝယ်စင်တာများမှလည်း ပိုမိုရောင်းချနိုင်ရန်

ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ်အတွက် ပထမအဆင့် electronic consumption vouchers များအား ၂၀၂၂ ခုနှစ်၊ ဧပြီလ(၇) ရက်နေ့တွင်ဖြန့်ဝေပေးသွားမည်ပြီး AlipayHK ၊ Tap & Go (သို့မဟုတ်) WeChat Pay HK အသုံးပြုသူများအနေဖြင့် ၃၁-၁၀-၂၀၂၂ ရက်နေ့အထိ ဟောင်ကောင်ဒေါ်လာ (၅,၀၀၀) သုံးစွဲနိုင်မည့် consumption voucher များနှင့် Octopus card အသုံးပြုသူများအနေဖြင့် MTR ရထားဘူတာရုံများရှိ Subsidy Collection Points Subsidy Collection Points များနှင့် သတ်မှတ်ထားသော convenience stores ၊ supermarkets ၊ Octopus Service Points (သို့မဟုတ်) Octopus mobile app တို့ဖြင့်ရရှိနိုင်မည်ဟု ဟောင်ကောင်ဘဏ္ဍာရေး အတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ၃-၄-၂၀၂၂ ရက်နေ့ (တနင်္ဂနွေ) တွင် ပြောကြားခဲ့ပြီးနောက် ဈေးဝယ်စင်တာများသည်လည်း ပိုမိုရောင်းချနိုင်ရန် အရောင်းမြှင့်တင်ရေးနှင့် ပတ်သက်၍ ကြေညာခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Malls race to cash in as vouchers set for April 7” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ Sun Hung Kai အိမ်ခြံမြေလုပ်ငန်း အဖွဲ့ဝင်မှလည်း AlipayHK ၊ Tap & Go ၊ WeChat Pay HK နှင့် Octopus အစရှိသည့် သတ်မှတ်ထားသော ငွေပေးချေသည့်စနစ်များဖြင့် consumption vouchers များအသုံးပြုနိုင်ရန် ဝယ်ယူသူများအတွက် အစီအစဉ်တစ်ခုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အရောင်းမြှင့်တင်သည့် ကာလအတွင်း East Point City, Landmark North, Harbor North, Park Central, Mikiki, Chelsea Heights, or K-Point အစရှိသည့်ဈေးဝယ်စင်တာများ၌ တစ်ရက်ထဲတွင် ဟောင်ကောင်ဒေါ်လာ ၁၀,၀၀၀ သုံးစွဲသူများအနေဖြင့် ဟောင်ကောင် ဒေါ်လာ(၁၀,၀၀၀) တန်ဖိုးရှိ လက်ဆောင်(သို့မဟုတ်) ဈေးဝယ်ကူပွန်များ ပြန်လည်ထုတ်ယူနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

MegaBox မှလည်း ဈေးဝယ်စင်တာရှိ ဆိုင်များတွင် Octopus ဖြင့် ဟောင်ကောင်ဒေါ်လာ (၂၀၀) နှင့် အထက် အသုံးပြုသူများအနေဖြင့် cash coupon နှင့် discount coupon တို့ကို (၁၀၀) ရာခိုင်နှုန်းအထိ ပြန်လည်ရရှိမည်ဖြစ်ကြောင်း၊ AlipayHK ၊ Tap & Go နှင့် WeChat Pay HK ဖြင့် ဟောင်ကောင် ဒေါ်လာ (၆၀၀) သုံးစွဲပါက cash coupon နှင့် discount coupon တို့ကို ပြန်လည်ထုတ်ယူနိုင်ကြောင်း၊ ပရိဘောဂများ (သို့မဟုတ်) နေ့စဉ်သုံးပစ္စည်းများအား ဟောင်ကောင်ဒေါ်လာ (၆,၀၀၀)နှင့် (၁၂,၀၀၀) အကြား ဝယ်ယူသူများအနေဖြင့် သယ်ရလွယ်ကူသော ခရီးဆောင် ကော်ဖီ

ဖျော်စက်နှင့် ကြိုးမဲ့ရေနွေးကရားအား German Pool မှ ပြန်လည်ထုတ်ယူနိုင်ကြောင်း၊ Yata Department Stores မှလည်း electronic consumption coupon အသုံးပြုသူများအတွက် (၇၀) ရာခိုင်နှုန်းအထိဈေးလျှော့ ပေးမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေါ်လာ (၁,၀၀၀) သုံးစွဲသူတိုင်း အတွက် ဟောင်ကောင်ဒေါ်လာ (၁၀၀) တန်ဖိုးရှိ Spermarket Cash Coupon ပြန်လည် ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ WeChat Pay HK အသုံးပြုသူများအတွက် စုစုပေါင်းကူပွန်(၆၀,၀၀၀) တန်ဖိုးအား ဖြင့် ဟောင်ကောင်ဒေါ်လာ (၁.၅) သန်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………………………………………………

## ဩစတြေးလျနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ

### ဩစတြေးလျနိုင်ငံက ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သွင်းကုန်အားလုံးကို အကောက်ခွန်နှုန်းထား တိုးမြှင့်ကောက်ခံမည်

ဩစတြေးလျအစိုးရသည် ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ တင်သွင်းသော သွင်းကုန်အား လုံး၏ အကောက်ခွန်နှုန်းထားများကို ၃၅ % ထပ်တိုးကောက်ခံမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ ခရီး သွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၃၁-၃-၂၀၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ထား သည်။

သတင်းထုတ်ပြန်ချက်အရ ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့အတွက် ပုံမှန်အကောက်ခွန်နှုန်း (MFN Rate) ဖြင့် စည်းကြပ်ကောက်ခံမှုကို ရုပ်သိမ်း၍ အဆိုပါနှစ်နိုင်ငံမှ သွင်းကုန်အားလုံးအတွက် ထပ်တိုးအကောက်ခွန်နှုန်း ၃၅ % ကောက်ခံမည်ဖြစ်ကြောင်းကို ၁-၄-၂၀၂၂ ရက်နေ့တွင် တရားဝင် အသိပေးကြေညာချက် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းသည် ၂၅-၄-၂၀၂၂ ရက်နေ့မှ စတင်၍အသက်ဝင်မည်ဖြစ်ပြီး၊ လက်ရှိကျင့်သုံးနေသော ယေဘုယျအကောက်ခွန်နှုန်းထားများ အပြင် ထပ်တိုးအကျုံးဝင်မည် ဖြစ်သည်။

သတင်းထုတ်ပြန်ချက်တွင် ယခုလုပ်ဆောင်ချက်သည် WTO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မရှိ မဖြစ်လုံခြုံရေးအကျိုးစီးပွားများကို ကာကွယ်ရန်အလို့ငှာ ရုရှား၏လုပ်ရပ်များကို ပြင်းပြင်းထန်ထန်

ရှုတ်ချပြီး၊ လိုအပ်သည်ဟုယူဆသည့် လုပ်ဆောင်ချက်အားလုံးကို လုပ်ဆောင်ရန် ကတိကဝတ်ပြု လျက် အခြားခံယူချက်သဘောထားတူညီသည့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဩစတြေးလျ၏ ပူးတွဲ ထုတ်ပြန်ချက်အပြီး ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဩစတြေးလျအစိုးရသည် ယူကရိန်းနိုင်ငံအတွက် စစ်ရေးအကူအညီ ဩစတြေးလျ ဒေါ်လာ ၉၁ သန်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီ ဩစတြေးလျဒေါ်လာ ၆၅ သန်းနှင့် စွမ်းအင် လုံခြုံမှုအတွက် အပူကျောက်မီးသွေး တန်ချိန် ၇၀,၀၀၀ တို့ကို ကူညီခဲ့ပြီး၊ ဩစတြေးလျရှိ ယူကရိန်း အသိုက်အဝန်းအဖွဲ့များအား ယာယီကာကွယ်ရေးဗီဇာများနှင့် အကူအညီများကို ပေးအပ်ထား ကြောင်း ဖော်ပြထားသည်။

ဩစတြေးလျအစိုးရသည် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများအပေါ် ပစ်မှတ်ထား ပိတ်ဆို့ အရေးယူမှုများ၊ ရုရှားနိုင်ငံထုတ် စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ကုန်များကို တားမြစ်ခြင်း နှင့် ရုရှားနိုင်ငံသို့ အလူမီနာနှင့် အလူမီနီယံသတ္တုရိုင်းများ (bauxite အပါအဝင်) တင်ပို့မှုတားမြစ် ခြင်းများမှတစ်ဆင့် ရုရှားနိုင်ငံအပေါ် အမြင့်ဆုံးကုန်ကျစရိတ်များကို ချမှတ်ရန် မိတ်ဖက်များနှင့် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရေနံနှင့် အခြားသော စွမ်းအင်ထွက်ကုန်များ တင်သွင်းမှု တားမြစ်ချက်ကို ဧပြီလ ၂၅ ရက် နေ့တွင်စတင်မည်ဖြစ်ကြောင်းနှင့် အမျိုးသားရေးလုပ်ငန်းစဉ်များနှင့်အညီ ရုရှားနှင့် ဘယ်လာရုစ် နိုင်ငံတို့နှင့် MFN ကုန်သွယ်မှုအစီအစဉ်များကို ရုပ်သိမ်းရန် နိုင်ငံတကာမိတ်ဖက်နိုင်ငံများ၏ အလား တူလုပ်ဆောင်မှုကို ဩစတြေးလျက အခိုင်အမာထောက်ခံကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………..

Agribusiness & Trade

## ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုနှင့် အမျိုးသားလောင်စာဆီ လုံခြုံမှုကိုမြှင့်တင်ရန် ဇီဝဒီဇယ်လုပ်ငန်းကဏ္ဍက တောင်းဆိုလိုက်ခြင်း

အမျိုးသားစွမ်းအင်လုံခြုံရေး တိုးတက်ကောင်းမွန်လာစေခြင်းကို အထောက်အပံ့ဖြစ်စေရေး အတွက်ပြည်နယ်နှင့် ဗဟိုအစိုးရ မူဝါဒများကို အသစ်ပြန်လည်ရေးဆွဲရန် သြစတြေးလျ၏ ဇီဝဒီဇယ် လုပ်ငန်းကဏ္ဍက တောင်းဆိုလိုက်သည်။

ယူကရိန်းစစ်ပွဲကြောင့် လောင်စာဆီတစ်လီတာလျှင် သြစတြေးလျ ဒေါ်လာ၂.၂၀ အထိပေး ဆောင်ခဲ့ရပြီးနောက် လောင်စာဆီခွန်ကို လာမည့် (၆) လအတွက် လျှော့ချမည်ဟု ဗဟိုအစိုးရက ယခုသီတင်းပတ်ဘတ်ဂျက်တွင်ကြေညာခဲ့သည်။ ဇီဝဒီဇယ်ထုတ်လုပ်သူများက သြစတြေးလျနိုင်ငံ သည် နိုင်ငံခြားလောင်စာဈေးကွက်အပေါ် အလွန်အမင်းမှီခိုနေရကြောင်း သတိပေးခဲ့ပြီး၊ ပိုမိုကောင်း မွန်သောရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းဇီဝဒီဇယ်ဆီထုတ်လုပ်မှုအတွက် အပြုသဘောဆောင်သည့်မူ ဝါဒများ ပြောင်းလဲပေးရန် တောင်းဆိုခဲ့သည်။

Refueling Solutions Future Fuels မန်နေဂျာ Simon Roycroft က ယခုအချိန်တွင် လောင်စာဆီလုံခြုံရေးအတွက် အာရုံစိုက်မှုအများအပြားရှိနေပုံရပြီး၊ ပြည်တွင်းပြန်လည်ပြည့်ဖြိုး မြဲလောင်စာဆီလုပ်ငန်းကဏ္ဍကို ပံ့ပိုးပေးရန်ချက်ချင်းလုပ်ဆောင်နိုင်သည့် အရာများရှိပါကြောင်း၊ ဒေသဆိုင်ရာနှင့် စီးပွားရေးတိုးတက်မှုအခွင့်အလမ်းများနှင့် ပေါင်းစပ်လိုက်ပါက စင်စစ်အားဖြင့် ဒေါ်လာ ၃၀ ဘီလီယံရှိသော လုပ်ငန်းကဏ္ဍရှိပါကြောင်း ပြောကြားခဲ့သည်။

အခြားနိုင်ငံများက လောင်စာကုန်ကြမ်းများမှ ထုတ်လုပ်ထားသည် သြစတြေးလျ ဇီဝ ဒီဇယ်မှ အကျိုးအမြတ်များရရှိနေကြောင်း၊ ဇီဝဒီဇယ်လုပ်ငန်းကဏ္ဍ၏ အကြီးမားဆုံးသော စိန်ခေါ်မှု မှာလောင်စာကုန်ကြမ်း ရေရှည်တည်တံ့ကာ စဉ်ဆက်မပြတ်ရရှိမှုဖြစ်ကြောင်း သိရှိရသည်။ မူဝါဒအ ပြောင်းအလဲအတွက် တွန်းအားပေးရာတွင် ပြည်တွင်းဇီဝဒီဇယ်အတွက် လက်ရှိကောက်ခံနေသော အခွန် ၁၉ % ကျော်အတွက် ပါဝင်ပြီး၊ ယင်းသည် ၂၀၃၀ ပြည့်နှစ်နှင့် ယင်းအလွန်တွင် ၅၀ % အထိ တဖြည်းဖြည်းရောက်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဇီဝဒီဇယ်ထုတ်လုပ်သူများက ယခုအခါ ပုဂ္ဂလိကကုမ္ပဏီများသည် အစိုးရ၏အစပျိုးဆောင် ရွက်မှုကို စောင့်ဆိုင်းရမည့်အစား ၎င်းတို့ကိုယ်တိုင်ဇီဝဒီဇယ်သို့ ပြောင်းလဲဆောင်ရွက်နေကြသည် ဟုဆိုသည်။ ကမ္ဘာလုံးဆိုင်ရာ အိမ်ခြံမြေနှင့် ရင်းနှီးမြှုပ်နှံမှုအုပ်စုကြီးတစ်ခုဖြစ်သည့် Lendlease သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး မီးစက်များနှင့် ဒီဇယ်စက်များကို လျှပ်စစ်ဓာတ်အားပေးနိုင်

Agribusiness & Trade

ရန်အတွက် ၂၀၁၆ ခုနှစ်တွင် ဇီဝဒီဇယ်ကို စတင်အသုံးပြုခဲ့သည်။ Caboolture ဆေးရုံပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းခွင်နှင့် ၂၀ % ဇီဝဒီဇယ်ရောစပ်ကာ စမ်းသပ်အသုံးပြုလျက်ရှိပြီး၊ အခြားသြစတြေးလျစီမံကိန်းများစွာတွင် ကရိန်းများ၊ မီးစက်များ၊ ဝန်ချီစက်များ၊ မြေတူးစက်များ၌ ၅ % ဇီဝဒီဇယ်ရောစပ်ကာ အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

ကုမ္ပဏီ၏ အစီရင်ခံချက်အရ ဇီဝဒီဇယ်သို့ ကူးပြောင်းခြင်း၏ အကျိုးကျေးဇူးများတွင် သန့်စင်ပြီးလောင်စာဆီ တင်သွင်းမှုအတွက် ကမ္ဘာလုံးဆိုင်ရာ ရေနံထောက်ပံ့မှုအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်သည့်အတွက် လောင်စာလုံခြုံရေးကို တိုးတက်စေခြင်း၊ ဒေသဆိုင်ရာစက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းတို့ပါဝင်ကြောင်း သိရှိရသည်။

ဇီဝဒီဇယ်လုပ်ငန်းကဏ္ဍက ၂၀၂၀-၂၀၂၁ ဘဏ္ဍာခုနှစ်အတွင်း အခွန်ထမ်းသူများကို သြစတြေးလျဒေါ်လာ ၇ ဘီလီယံကုန်ကျစေပြီး၊ သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးရေးကဲ့သို့သော လုပ်ငန်းများတွင် အကျိုးရှိစေမည့် ဒီဇယ်ပြန်အမ်းငွေအစီအစဉ်ကို လျှော့ချခြင်းဖြင့် ဗဟိုအစိုးရအား အခြားဒီဇယ်သုံးကဏ္ဍများကို ဇီဝဒီဇယ်သို့ကူးပြောင်းရန် တွန်းအားပေးစေလို ကြောင်းပြောကြားခဲ့သည်။

ဇီဝဒီဇယ်သည် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းနှင့်ပုဂ္ဂလိက ကုမ္ပဏီများသည် အစိုးရ၏ မက်လုံးများကို စောင့်ဆိုင်းမည့်အစား လောင်စာဆီလုံခြုံရေး အကြောင်းပြချက်ဖြင့် ဇီဝဒီဇယ်သို့ တစ်စိတ်တစ်ပိုင်း ကူးပြောင်းလာကြပြီဖြစ်ကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………..

## သြစတြေးလျနိုင်ငံက ဒစ်ဂျစ်တယ်ကုန်သွယ်မှု မဟာဗျူဟာ (Digital Trade Strategy) ထုတ်ပြန်လိုက်ခြင်း

သြစတြေးလျအစိုးရသည် ဒစ်ဂျစ်တယ် ကုန်သွယ်မှုမဟာဗျူဟာ (Digital Trade Strategy) ကို ၁-၄-၂၀၂၂ ရက်နေ့တွင် ချမှတ်လိုက်ကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ၁-၄-၂၀၂၂ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ အစိုးရသည် ယင်းမဟာဗျူဟာမှတစ်ဆင့် ကြိုးနီစနစ်ကိုလျှော့ချကာ နိုင်ငံတကာဈေးကွက်များသို့ ဝင်ရောက်မှုတိုးတက်

စေခြင်းဖြင့် ကုန်သွယ်မှုအခွင့်အလမ်းသစ်များနှင့် အလုပ်အကိုင်များကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ ရှင်းလင်းပြီး၊ အရည်အသွေးမြင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှု စည်းမျဉ်းများသည် ကုန်သွယ်မှုအတွက် အတားအဆီးများကို သိသိသာသာ လျှော့ချနိုင်ပြီး၊ ကုန်သွယ်ရေးအကျိုးအမြတ်ဖြစ်ထွန်းမှုများ (Trade Efficiencies) ကို တိုးတက်ကောင်းမွန်စေရန်နှင့် ဈေးကွက်ဝင်ရောက်ခွင့် လွယ်ကူချောမွေ့စေကာ ဩစတြေးလျနှင့် ဒေသတွင်းအတွက်ကုန်သွယ်မှု အလားအလာအသစ်များ ဖန်တီးပေးနိုင်ကြောင်း သိရှိရသည်။

ဒစ်ဂျစ်တယ်ကုန်သွယ်မှုနှင့် နည်းပညာများသည် ဩစတြေးလျစီးပွားရေးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်ပြီး၊ အစိုးရက ဩစတြေးလျနိုင်ငံကို ၂၀၃၀ ပြည့်နှစ်တွင် ထိပ်တန်း ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဖြစ်ရန် မျှော်မှန်းကာ ဒစ်ဂျစ်တယ်စီးပွားရေး မဟာဗျူဟာ ၂၀၃၀ (Digital Economy Strategy 2030) ကို ချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

ဒစ်ဂျစ်တယ်ကုန်သွယ်မှုသည် ၂၀၃၀ ပြည့်နှစ်တွင် ဩစတြေးလျဒေါ်လာ ၁၉၂ ဘီလီယံအထိ တိုးလာနိုင်မည်ဟု ခန့်မှန်းထားပြီး၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို မြှင့်တင်ခြင်းဖြင့် ဩစတြေးလျစီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ရာ ခိုင်မာသောဒစ်ဂျစ်တယ်ကုန်သွယ်မှုစည်းမျဉ်းများသည် ဩစတြေးလျနိုင်ငံ၏ ဆက်လက်စီးပွားရေးပြန်လည် နာလန်ထူမှုအတွက် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရှိရသည်။ ဒစ်ဂျစ်တယ်ကုန်သွယ်မှုမ ဟာဗျူဟာ (Digital Trade Strategy) ကို https://www.dfat.gov.au/ publications/ trade-and-investment/digital-trade-strategy တွင် Download ရယူနိုင် ကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………..

## ဩစတြေးလျနှင့် အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးလိုက်ခြင်း

ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့သည် သမိုင်းဝင် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုသဘောတူစာချုပ် (The Australia–India Economic Co–operation and Trade Agreement) ကို ၂–၄–၂၀၂၂ ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ၂–၄–၂၀၂၂ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းထုတ်ပြန်ချက်တွင် အဆိုပါသဘောတူစာချုပ်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေကာ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် ဩစတြေးလျပို့ကုန်များကို စျေးသက်သာစေပြီး၊ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအတွက် ကြီးမားပြီး၊ များပြားသော အခွင့်အလမ်း အသစ်များကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိသည့် ဩစတြေးလျပို့ကုန် ၈၅ % (တစ်နှစ်လျှင် ဩစတြေးလျဒေါ်လာ ၁၂.၆ ဘီလီယံတန်ဖိုး) ကျော်၏ အကောက်ခွန်နှုန်းများကို ပယ်ဖျက်ပေးမည်ဖြစ်ပြီး၊ (၁၀) နှစ်အတွင်း ပို့ကုန် ၉၁ % ကျော် (ဩစတြေးလျဒေါ်လာ ၁၃.၄ ဘီလီယံတန်ဖိုး)၏ အကောက်ခွန်နှုန်းများကို ပယ်ဖျက်ပေးမည်ဖြစ်ပြီး၊ ဩစတြေးလျ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများမှာ သဘောတူစာချုပ် စတင်သက်ဝင်သည်နှင့် အိန္ဒိယနိုင်ငံမှ တင်သွင်းလာမည့်ကုန်စည်စုစုပေါင်း၏ ၉၆ % အတွက် အကောက်ခွန်ကင်းလွတ်ခွင့်များ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

သဘောတူစာချုပ် စတင်သက်ဝင်သည်နှင့် သိုးသား၊ သိုးမွေး၊ ဓာတ်သတ္တုများ၊ သဘာဝဓာတ်ငွေ့ရည်စသည့် ကုန်စည်တို့အတွက် အကောက်ခွန်နှုန်းများ ပယ်ဖျက်ပေးမည်ဖြစ်ရာ အိန္ဒိယနိုင်ငံ၌ စျေးကွက်ရရှိပြီးသားဖြစ်သည့် အဆိုပါဩစတြေးလျပို့ကုန်များအတွက် စျေးကွက်ဝင်အခွင့်အလမ်းကို ပိုမိုမြှင့်တင်ပေးနိုင်ကြောင်းနှင့် ဩစတြေးလျဝိုင်တင်ပို့မှုများအတွက် အကောက်ခွန်နှုန်းထားများကို သတ်မှတ်နှစ်များအတွင်း လျှော့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် အကောက်ခွန်နှုန်း ၃၀ % သည့် သစ်သီးဝလံပန်းမာန်များအတွက် (၇) နှစ်တာ ကာလအတွင်းပယ်ဖျက်ပေးသွားမည်ဖြစ်ပြီး၊ ဆေးဝါးထုတ်ကုန်များနှင့် အချို့သော ဆေးဘက်ဆိုင်ရာပစ္စည်းများ၏ အကောက်ခွန်စည်းကြပ်မှုများကို (၅) နှစ်နှင့် (၇) နှစ်အတွင်း ဖယ်ရှားပေးမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံသည် ဩစတြေးလျနိုင်ငံ၏ သတ္တမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး၊ အပြန်အလှန် ကုန်သွယ်မှုတန်ဖိုး ဩစတြေးလျဒေါ်လာ ၂၄.၃ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံဈေးကွက်သည် ဩစတြေးလျနိုင်ငံ၏ ဆဋ္ဌမမြောက် အကြီးဆုံးကုန်စည်နှင့် ဝန်ဆောင်မှုပို့ကုန်ဈေးကွက်ဖြစ်ပြီး၊ တန်ဖိုးအားဖြင့်မှာ ဒေါ်လာ ၁၆.၉ ဘီလီယံခန့်ဖြစ်သည်။ ဩစတြေးလျအစိုးရသည် အိန္ဒိယနိုင်ငံအား ၂၀၃၅ ခုနှစ်တွင် ထိပ်တန်း ပို့ကုန်ဈေးကွက် (၃) ခုအတွင်း ရောက်ရှိစေရန်နှင့် အိန္ဒိယအား ဩစတြေးလျ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အာရှတွင် တတိယအကြီးဆုံးနေရာဖြစ်လာရန် ရည်မှန်းထားသည်။

ဩစတြေးလျနှင့် အိန္ဒိယတို့သည် သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် စိုက်ပျိုးရေးကုန်သွယ်မှုမြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး၊ ယခုအခါ စိုက်ပျိုးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုနှစ်နိုင်ငံလက်မှတ်ရေးထိုးလိုက်သည့် ဩစတြေးလျ-အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုသဘောတူစာချုပ်မှာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများအပြီးမသတ်မီ ကြားဖြတ်သဘောတူစာချုပ်တစ်ရပ်အဖြစ် လက်မှတ်ရေးထိုးထားခြင်းဖြစ်ပြီး၊ ဘက်စုံသဘောတူစာချုပ် တစ်ခုလုံးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၂၂ ခုနှစ်အကုန်တွင် အပြီးသတ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.........................................................................................................

**တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဆက်စပ်သတင်းများ တင်ပြခြင်း**

**တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကုန်သွယ်မှု တိုးတက်သော်လည်း သွင်းကုန် ကုန်စည်များ၏ဈေးနှုန်းမြင့်တက်မှုကြောင့် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ (၀.၁၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိ**

၂၀၂၂ ခုနှစ်၊ မတ်လတွင် ကိုရီးယားသမ္မတနိုင်ငံ၏ကုန်သွယ်မှုအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ (၆၃.၄၇၈) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၆၃.၆၁၈) ဘီလီယံ၊ စုစုပေါင်းကုန်

Agribusiness & Trade

သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁၂၇.၀၉၆) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ရာ၊ ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် (၁၈.၂) ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် (၂၇.၉) ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ကုန်သွယ်မှုလိုငွေ (၀.၁၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိတွင် ပို့ကုန် အမေရိကန်ဒေါ်လာ(၁၇၂.၈၁၇) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၁၇၆.၈၅၇) ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၃၄၉.၆၇၄) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ ကုန်သွယ်မှုလိုငွေအနေဖြင့် အမေရိကန်ဒေါ်လာ (၄.၀၄) ဘီလီယံဖြစ်ပေါ်လျက်ရှိပါသည်။

ယခု ၂၀၂၂ ခုနှစ်၊ မတ်လသည် ကိုဗစ်-၁၉ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ (၁၇) လမြောက်အဖြစ် ပို့ကုန်တိုးတက်တင်ပို့နိုင်သည့်လ ဖြစ်သည့်အပြင် ၁၉၅၆ ခုနှစ်နောက်ပိုင်း (၆၆)နှစ်တာအတွင်းအမြင့်ဆုံးပမာဏအဖြစ် ကုန်သွယ်မှုသမိုင်းတွင် စံချိန်တင်နိုင်ခဲ့သည့်လလည်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း သမ္မတအသစ်ရွေးကောက်ပွဲအတွက် (၁)ရက် ရုံးပိတ်ခဲ့ခြင်းနှင့် ရုရှား-ယူကရိန်း ပဋိပက္ခတို့၏ ရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းလည်ပတ်မှုကာလသည် ယခင်နှစ်ကာလတူထက်လျော့ကျခဲ့သည့်တိုင် နေ့စဉ်ပျမ်းမျှပို့ကုန်တင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ(၂.၈) ဘီလီယံဖြင့် စံချိန်တင်နိုင်ခဲ့ပါသည်။

သွင်းကုန်တွင်မူ စွမ်းအင်ဈေးနှုန်းကြီးမြင့်မှုနှင့် Intermediate goods ကုန်စည်များ ပိုမိုဝယ်ယူမှုများကြောင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၆၃.၆၁၈) ဘီလီယံဖြင့် ယခင်နှစ် ကာလတူထက် (၂၇.၉) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် စွမ်းအင်တင်သွင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၁၆.၂) ဘီလီယံအထိ မကြုံစဖူးရောက်ရှိခဲ့ပြီး၊ ယင်းမှာ ၂၀၂၁ ခုနှစ်၊ မတ်လထက် အမေရိကန်ဒေါ်လာ (၈.၅) ဘီလီယံခန့် ပိုမိုကြောင်းနှင့် သွင်းကုန်တန်ဖိုးမြင့်မားနေသဖြင့် ကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ (၀.၁၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

အဓိကပို့ကုန်ပစ္စည်း (၁၅) မျိုးအနက် (၁၃) မျိုးသည် တင်ပို့မှုတိုးတက်ခဲ့ပါသည်။ Chip များတင်ပို့ရောင်းချမှု (၃၈) ရာခိုင်နှုန်းဖြင့် (၂၁) လ ဆက်တိုက်တိုးတက်လျက်ရှိကာ AI နှင့် Big Data ဝယ်လိုအားမြင့်မားလာမှုတို့ကြောင့် Chip ပြတ်လပ်မှုကို ဖြစ်ပေါ်စေပြီး ဈေးနှုန်းများကို ပိုမိုမြင့်မားလာစေခဲ့ပါသည်။ စမတ်ဖုန်းအသစ်များထွက်ရှိလာမှုနှင့် တောင်ကိုရီးယားနိုင်ငံလုပ် စမတ်ဖုန်းအစိတ်အပိုင်းများကို ပိုမိုနှစ်သက်လာကြမှုကြောင့် ကြိုးမဲ့ဆက်သွယ်ရေးကိရိယာများကဲ့သို့သော

အိုင်တီထုတ်ကုန်များသည် (၄၄.၅) ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ Wireless ပို့ကုန် ကုန်စည်များ တင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ (၁.၉) ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်းနှင့် OLED Panels များ၏ ဝယ်လိုအားမြင့်မားလာမှုကြောင့် Display တင်ပို့နိုင်မှု (၄၈.၄) ရာခိုင်နှုန်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် မြောက်အမေရိကနှင့် တရုတ်နိုင်ငံတို့တွင် Data Center ရင်းနှီးမြှုပ်နှံမှုများအတွက် SSD တင်ပို့ရမှု ပိုမိုလာသောကြောင့် ကွန်ပျူတာများတင်ပို့နိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁.၇) ဘီလီယံဖြင့် အမြင့်ဆုံးတိုး တက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

စက်မှုလုပ်ငန်းထုတ်ကုန်များသည် ဝယ်လိုအားမြင့်တက်လာသည်ကို တွေ့ရှိရပြီး၊ ရေနံဓာတုပစ္စည်းများကဲ့သို့ Intermediate goods ကုန်စည်များသည် (၁၄.၈) ရာခိုင်နှုန်း၊ ရေနံထွက်ကုန်များ (၉၁.၁) ရာခိုင်နှုန်းနှင့် အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်နေသဖြင့် သံမဏိ လိုအပ်ချက်မြင့်မားမှုကြောင့် သံမဏိ(Steel) တင်ပို့နိုင်မှုသည် (၂၆.၈) ရာခိုင်နှုန်းခန့် အသီးသီးတိုးမြင့် တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ချစ်ပ်ပြတ်လပ်မှု၊ တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု အရှိန်ပြန်တက်လာခြင်းနှင့် ဂျပန်နိုင်ငံ၏လတ်တလော လျှော်လှုတ်ခတ်ခဲ့မှုများကြောင့် မော်တော်ယာဉ်တင်ပို့နိုင်မှုသည် (၉.၇) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ (၅) လအတွင်း ပထမဆုံးအကြိမ်အဖြစ် အနုတ်လက္ခဏာပြခဲ့ပါသည်။ သို့ရာတွင်လျှပ်စစ်ကား များတင်ပို့နိုင်မှုသည် (၇၂.၂) ရာခိုင်နှုန်းခန့်ဖြင့် အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေဆဲဖြစ်ပြီး စုစုပေါင်းမော်တော်ကားတင်ပို့နိုင်မှု၏ (၁၉.၉) ရာခိုင်နှုန်းကို နေရာယူထားသည်ကို လေ့လာတွေ့ရှိရပါ သည်။ စက်မှုလုပ်ငန်းသစ်များလည်း ပိုမိုအားကောင်းလာသည်ကိုတွေ့ရှိရပြီး၊ တစ်ကမ္ဘာလုံးမှ Test Kit များနှင့် ဆေးဘက်ဆိုင်ရာထုတ်ကုန်များအပေါ် ဝယ်လိုအားမြင့်တက်နေမှုကြောင့် ဇီဝကျန်းမာရေး ထုတ်ကုန်များသည် (၂၄.၂) ရာခိုင်နှုန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

ဒေသအလိုက်တင်ပို့နိုင်မှုအနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် လွတ်လပ်သောနေသဟာယဒေသနိုင်ငံများ(The Commonwealth of Independent States-CIS)သို့တင်ပို့နိုင်မှု (၃၇.၇) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ဥရောပသမဂ္ဂနိုင်ငံများသို့တင်ပို့နိုင်မှု (၂) ရာခိုင်နှုန်း လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းမှလွဲ၍ အဓိကကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့နိုင်မှု တိုးတက်ခဲ့ပြီး၊ တရုတ်နိုင်ငံသို့တင်ပို့မှု (၁၆.၆ ရာခိုင်နှုန်း)၊ အမေရိကန်သို့ (၁၉.၉ ရာခိုင်နှုန်း)နှင့် အာဆီယံနိုင်ငံများသို့ (၄၄.၄ ရာခိုင်နှုန်း) ဖြင့် အသီးသီးတိုးတက်တင်ပို့နိုင်ခဲ့၍ လစဉ်တင်ပို့နိုင်မှုတန်ဖိုးတွင် သမိုင်းဝင်အမြင့်ဆုံးပမာဏသို့ ရောက်ရှိခဲ့ကြောင်း၊ ကုန်သွယ်ဖက်/ ဈေးကွက်အသစ်ဒေသများဖြစ်သော Gulf

Cooperation Council (GCC) သို့ (၁၇.၄ ရာခိုင်နှုန်း)နှင့် လက်တင်အမေရိကသို့(၂၅.၆ ရာခိုင်နှုန်း) ဖြင့် အသီးသီးတိုးတက်တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်မှုနှင့်အတူ တောင်ကိုရီးယားနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်၊ မတ်လ အစောပိုင်းကာလတွင် ၂၀၀၈ ခုနှစ်၊ နောက်ပိုင်းကာလ၌ အမြင့်ဆုံးသော အခြေအနေအဖြစ်သို့ ထပ်မံရောက်ရှိလာခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ရုရှားရေနံစိမ်းအပေါ် အလွန်အမင်းမှီခိုနေရပြီး၊ နိုင်ငံ၏ရေနံဓာတုစက်မှုလုပ်ငန်းတွင် အဓိကကုန်ကြမ်းများထဲမှ တစ်ခုဖြစ်သည့် Naphtha လေးပုံတစ်ပုံနီးပါး၏အရင်းအမြစ်သည် ရုရှားနိုင်ငံမှဖြစ်သောကြောင့် ရုရှား-ယူကရိန်းပဋိပက္ခသည် ရေနံဓါတုလုပ်ငန်းလုပ်ကိုင်သော တောင်ကိုရီးယားကုမ္ပဏီများအပေါ် ကြီးမားသောသက် ရောက်မှုဖြစ်ပေါ်လျက်ရှိပါသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခနှင့် ရုရှား-ယူကရိန်း နယ်မြေပဋိပက္ခတို့၏ ရိုက်ခတ်မှုများကြောင့် ကမ္ဘာ့ကုန်စည်ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်အား ပြန်လည်တည်ဆောက်ရန် လိုအပ်နေသည့်နည်းတူ ကုန်သွယ်မှု၏အခန်းကဏ္ဍသည် တောင်ကိုရီးယားနိုင်ငံ၏အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအရေးပါလာပါသည်။ ယခုနှစ်သည် Korea-US FTA ၏ (၁၀) နှစ်မြောက်နှစ်ဖြစ်သည့် အားလျော်စွာ အဆိုပါ FTA မှပိုမိုထိရောက်ကောင်းမွန်သည့်ရလဒ်များ ဆောင်ရွက်ရရှိနိုင်ရေး အနာဂတ်အစီအစဉ်များကို ကုန်သွယ်ရေးပညာရှင်အသိုက်အဝန်းက ဆွေးနွေးလျက်ရှိကြပါသည်။

တောင်ကိုရီးယားနိုင်ငံ၌ The Regional Comprehensive Economic Partnership (RCEP) စတင်အသက်ခဲ့ပြီးဖြစ်သည့်အပြင် The Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) အဖွဲ့ဝင်အဖြစ် ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်းတွင် တရားဝင်လျှောက်လွှာ ပေးပို့တင်သွင်းနိုင်ရေးအတွက် လိုအပ်သည်များကို တောင်ကိုရီးယား၊ ကုန်သွယ်ရေးဝန်ကြီးဌာနက အသင့်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ နှင့်အတူယှဉ်တွဲနေထိုင် သည့်လမ်းစဉ်ကိုကျင့်သုံးလျက် Social Distancing စည်းကမ်းများကိုလည်း အခြေအနေပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ လိုတိုး/ ပိုလျှော့ ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့ကို ဟန်ချက်ညီစွာ တိုးတက်စေရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

Source: Ministry of Trade, Industry and Energy၊ Ministry of Health & Welfare

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

## တောင်ကိုရီးယားနိုင်ငံ၌ (၁-၄-၂၀၂၂) မှစ၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ ဆိုက်ရောက်ခရီးသည် များအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးပါက Self Quarantine ကင်းလွတ်ခွင့်ပြုလိုက်ပြီ

တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း လုပ်ငန်းများအတွက် Business Hours များကို တိုးမြှင့်ခွင့်ပြု၍ Social Distancing စည်းကမ်းများ ဖြေလျှော့ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်၊ မတ်လဆန်းပိုင်းတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းသည် (၆၀၀,၀၀၀) ဦးအထိသို့ရောက်ရှိ၍ အမြင့်ဆုံးစံချိန် တင်ခဲ့ပါသည်။ ထို့နောက် Social Distancing စည်းကမ်းများကို လိုအပ်သကဲ့သို့ အနည်းငယ်ပြင်ဆင် သတ်မှတ်လိုက်နာစေခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်၊ မတ်လနောက်ဆုံးပတ်တွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း သည် (၃၀၀,၀၀၀) ဦးအောက်သို့ ပြန်လည်ကျဆင်းလာသဖြင့် စည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာန၏ (၂-၄-၂၀၂၂) ရက်နေ့၊ (၀၀:၀၀)နာရီအချိန် စာရင်းအရ ကိုဗစ်-၁၉ ကူးစက်မှုအတည်ပြုလူနာ (၂၆၄,၁၇၁) ဦး၊ သေဆုံးသူ (၃၃၉) ဦး၊ ပြင်းထန်လူနာ (၁,၁၆၅) ဦး ဖြစ်ကြောင်း သိရှိရပါသည်။

ကိုဗစ်-၁၉ ကြောင့် များစွာထိခိုက်ခဲ့ရသော တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်း/ ပြည်ပ ခရီးသွားနှင့် ပို့ဆောင်ရေးကဏ္ဍ ပြန်လည်ပွင့်လန်းတိုးတက်စေရန်ရည်ရွယ်လျက် (၂၁-၃-၂၀၂၂) ရက်နေ့မှစ၍ ကန့်သတ်နိုင်ငံအချို့မှအပ တောင်ကိုရီးယားနိုင်ငံသို့ နိုင်ငံတကာဆိုက်ရောက်ခရီးသည်များအား ကာကွယ်ဆေးထိုးပြီးပါက Self Quarantine ကင်းလွတ်ခွင့်ပြုခဲ့ပါသည်။ အဆိုပါအစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း မူလစတင်ကြေညာခဲ့စဉ်က ကိုဗစ်-၁၉ ရောဂါကူးစက်မှု အနေအထားများအရ ယူကရိန်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံမှ ခရီးသွားများအတွက် အကျုံးမဝင်ခဲ့သော်လည်း နောက်ဆုံးတွင်ဖြေလျှော့၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာဆိုက်ရောက်ခရီးသည်များအားလုံးအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးခဲ့ပါက Self Quarantine ဖြေလျှော့ ကင်းလွတ်ခြင်းကို (၁-၄-၂၀၂၂) ရက်နေ့မှစတင် ခွင့်ပြုလိုက်ပြီဖြစ်ပါသည်။ သို့ပါ၍ ဆိုက်ရောက်ခရီးသည်များအနေဖြင့် World Health Organization (WHO) အသိအမှတ်ပြု ကိုဗစ်ကာကွယ်ဆေးများကို အကြိမ်ရေပြည့်မီစွာထိုးထားရန်လိုအပ်ပြီး၊ တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလျှင် ကိုဗစ်-၁၉ ရောဂါပိုးကို PCR Test ပြန်လည်စစ်ဆေးကာ ရလဒ် Negative ဖြစ်ပါက Self Quarantine ဝင်ရောက်ရန် မလိုအပ်တော့ပါ။ သို့ရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးထားရသေးသော ဆိုက်ရောက်ခရီးသည်များအနေဖြင့် Self Quarantine (၇) ရက်နေ့ထိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

Agribusiness & Trade

ထိုကဲ့သို့ တောင်ကိုရီးယားအစိုးရ၏ ဖြေလျှော့ပေးမှုကြောင့် ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ပြည်တွင်း/ ပြည်ပခရီးစဉ် Booking တင်မှုများသည် သိသာစွာတိုးတက်လာခဲ့ကြောင်း တောင်ကိုရီးယားခရီးသွားအေဂျင်စီအသိုက်အဝန်းထံမှ သိရှိရပြီး၊ တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်း/ ပြည်ပခရီးသွားနှင့် ပို့ဆောင်ရေးကဏ္ဍ ပြန်လည်ပွင့်လန်းတိုးတက်၍ နိုင်ငံ့စီးပွားတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်တော့မည့် အလားအလာကောင်းတစ်ခုပင်ဖြစ်ပါသည်။ သို့ပါ၍ တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ နှင့် အတူယှဉ်တွဲနေထိုင်ရေး New Normal Life ကို အကောင်အထည်ဖော်သည့်လမ်းစဉ်ကိုကျင့်သုံးလျက် Social Distancing စည်းကမ်းများကိုလည်း ဖြစ်ပေါ်လာသည့် အခြေအနေပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ လိုတိုး/ ပိုလျှော့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့ကို ဟန်ချက်ညီစွာ တိုးတက်စေရန် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက် ရှိပါကြောင်း စာဖတ်သူများဖတ်ရှုလေ့လာနိုင်ရန် တင်ပြလိုက်ရပါသည်။

Source: Ministry of Health & Welfare of Korea၊ Korea Disease Control and Prevention Agency

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

......................................................................

## တောင်ကိုရီးယားနိုင်ငံ၌ (၁-၄-၂၀၂၂) ရက်နေ့မှစ၍ အနွေးဓါတ်အားအသုံးပြုခများ(၃) ရာခိုင်နှုန်းထိ မြင့်တက်မည်

ရုရှား-ယူကရိန်း ပဋိပက္ခအပေါ် အခြေပြု၍ နိုင်ငံတကာ သဘာဝဓါတ်ငွေ့ဈေးနှုန်းများ ကြီးမြင့်လာမှုကြောင့် တောင်ကိုရီးယားနိုင်ငံ၌ Liquefied Natural Gas (LNG) ဓါတ်ငွေ့ဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်၊ ဧပြီလမှစ၍ (၂) ရာခိုင်နှုန်း မြင့်တက်မည်ဖြစ်ပြီး၊ (၁-၄-၂၀၂၂) ရက်နေ့မှစ၍ အနွေး ဓါတ်အားအသုံးပြုခများကိုလည်း အိမ်တွင်းသုံးအတွက် (၃) ရာခိုင်နှုန်း၊ လုပ်ငန်းသုံးအတွက် (၁.၃) ရာ ခိုင်နှုန်းခန့် စတင်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။

အနွေးဓါတ်အားခအား အိမ်တွင်းသုံးအတွက် 1 Megajoule လျှင် (၀.၄၃)ဝမ်မှ (၁၄.၆၅) ဝမ် အထိနှင့် လုပ်ငန်းသုံးအတွက် 1 Megajoule လျှင် (၀.၁၇) ဝမ်မှ (၁၄.၆၅) ဝမ်အထိ မြင့်တက်လာမည်ဖြစ်ပါသည်။ ဥပမာ- ပျှမ်းမျှ တစ်လလျှင် (၂၈,၄၄၀) ဝမ်ခန့် ပေးဆောင်ရလေ့ရှိသည့် အိမ်ထောင်

စုတစ်ခုအတွက်ဆိုလျှင် ဝမ် (၈၆၀) ခန့် (အမေရိကန်ဒေါ်လာ ၀.၇) မြင့်တက်၍ (၂၉,၃၀၀) ဝမ်ခန့် ပေးဆောင်ရမည်ဖြစ်ပါသည်။ တောင်ကိုရီးယားအစိုးရသည် ယခင်နှစ်၏ ကုန်ကြမ်းယူနစ်ပြန်လည် ပြင်ဆင်ထားသည့် ကုန်ကျစရိတ်အရ ၂၀၂၂ ခုနှစ်၊ မေလ၊ ဇူလိုင်လနှင့် အောက်တိုဘာလတို့တွင် ဓါတ်အားခများအား နောက်ထပ်(၃) ကြိမ် ထပ်မံတိုးမြှင့်သွားရန်စီစဉ်ထားကြောင်းသိရှိရပါသည်။

ထို့အတူ ရာသီဥတုဖောက်ပြန်မှုနှင့် အခြားကုန်ကျစရိတ်များနှင့် ဆက်စပ်သောဈေးနှုန်း များတိုးမြှင့်ရန် အစိုးရကဆုံးဖြတ်ခဲ့သောကြောင့် တောင်ကိုရီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားခနှုန်း ထားများသည်လည်း ၂၀၂၂ ခုနှစ်၊ ဧပြီလ အသုံးပြုမှုမှစ၍ 1 kWh လျှင် (၆.၉) ဝမ်အထိ ပိုမိုမြင့်တက် လာတော့မည် ဖြစ်ပါသည်။

Source: Ministry of Trade, Industry and Energy of Korea၊ Arirang News

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

………………………………………………………………

**ရုရှား-ယူကရိန်း ပဋိပက္ခ၏ ရိုက်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် စားနပ်ရိက္ခာ ကျပ်တည်းမှုဖြစ်ပေါ်လာနိုင်သဖြင့် ပြည်ပနိုင်ငံများတွင် စိုက်ပျိုးရေးများ နယ်ပယ်ချဲ့ထွင် ဆောင်ရွက်ကြရန် ပညာရှင်များက သုံးသပ်တိုက်တွန်းလျက်ရှိ**

ရုရှား-ယူကရိန်း ပဋိပက္ခ၏ ရိုက်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် စားနပ်ရိက္ခာ ကျပ်တည်းမှုဖြစ်ပေါ်လာနိုင်ကြောင်း၊ ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ဂျုံတင်ပို့မှုသည် ကမ္ဘာ့ဂျုံ ရောင်းဝယ် မှု၏ (၃၀) ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသဖြင့် ၎င်းတို့၏ပဋိပက္ခကြောင့် ဂျုံ၊ ပြောင်းနှင့် ပဲပုပ်ဈေးများ မြင့်တက်လာလျှင် တောင်ကိုရီးယားနိုင်ငံ၏ အနာဂတ် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်ရဖွယ် ရှိကြောင်း၊ ဂျုံ/ ပြောင်း ကောက်ပဲသီးနှံဈေးနှုန်းများ မြင့်တက်လာလျှင် အစားအစာနှင့် မွေးမြူရေးအစာ ဈေးနှုန်းများပါ မြင့်တက်လာမည်ဖြစ်ရာ အလုံးစုံငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေ နိုင်ကြောင်း၊ သို့ဖြစ်၍ စားနပ်ရိက္ခာဖူလုံမှုနှုန်း နည်းပါးသော တောင်ကိုရီးယားနိုင်ငံသည် ရုရှား-ယူကရိန်းပဋိပက္ခနှင့် ပုံမှန်မဟုတ်သော ရာသီဥတုဆိုင်ရာအခြေအနေများအရ ကောက်ပဲသီးနှံ ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် နောက်ဆုံးတွင် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်ရ ဖွယ်ရှိနိုင်ကြောင်း စားနပ်ရိက္ခာဆိုင်ရာကျွမ်းကျင်သူများက သုံးသပ်ထားကြပါသည်။

ကမ္ဘာ့ဂျုံတင်ပို့မှုတွင် ယူကရိန်းနိုင်ငံသည် (၁၂) ရာခိုင်နှုန်းနှင့် ရုရှားနိုင်ငံသည် (၁၈) ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်စဉ်များကြောင့် ဂျုံ/ ပြောင်း ကောက်ပဲသီးနှံဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ Korea Customs Service တွင် ဖော်ပြထားသော အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီတွင် တောင်ကိုရီးယားနိုင်ငံ၏ ဂျုံ/ ပြောင်း တင်သွင်းမှုတစ်တန်ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ (၃၈၆) ဒေါ်လာဖြစ်သဖြင့် ၂၀၂၁ ခုနှစ် အလားတူကာလထက် (၂၆) ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကိုတွေ့ရှိရပြီး၊ ကိုဗစ်-၁၉ အကျပ်အတည်း မစတင်မီ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်၏ ယင်းကိန်းဂဏန်းမှာ (၄၇.၄) ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

မကြာသေးမီက ရေနံဈေးများတက်ခြင်းကြောင့် ဂျုံ/ ပြောင်း ကောက်ပဲသီးနှံ ဈေးနှုန်းများသည်လည်း ဆက်လက်မြင့်တက်နိုင်ကြောင်း၊ ကမ္ဘာ့စိုက်ပျိုးရေးဈေးကွက်သည် ၂၀၀၇- ၂၀၀၈ ခုနှစ်မှ ၂၀၁၀- ၂၀၁၁ ခုနှစ်အတွင်း ဇီဝစွမ်းအင်လိုအပ်ချက် တိုးမြင့်လာခဲ့ရာ၊ ပဲပုပ်နှင့် ပြောင်းတို့သည် ဇီဝစွမ်းအင်အတွက် အဓိကအရင်းအမြစ်ဖြစ်သည်နှင့်အညီ ၎င်းတို့၏ဈေးနှုန်းမြင့်တက်သည်နှင့် အခြားသော ကောက်ပဲသီးနှံဈေးနှုန်းများသည်လည်း ဆက်လက်မြင့်တက်လာမည်ဖြစ်ကြောင်း Sunchon University ၏ College of Life Science and Natural Resources ပါမောက္ခ Lee Choon-soo က သုံးသပ်ခန့်မှန်း ထားပါသည်။

ဂျုံ/ ပြောင်း ကောက်ပဲသီးနှံဈေးနှုန်းများ မြင့်တက်လာခြင်းသည် တောင်ကိုရီးယားနိုင်ငံအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုပင်ဖြစ်ပါသည်။ တောင်ကိုရီးယားကျေးလက်စီးပွားရေး အင်စတီကျူ (Korea Rural Economic Institute) ၏အချက်အလက်များအရ တောင်ကိုရီးယားနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှုန်းသည် ၂၀၁၅ ခုနှစ်တွင် (၅၀.၂) ရာခိုင်နှုန်းမှ၂၀၁၇ ခုနှစ်တွင် (၄၈.၇) ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်တွင် (၄၅.၈) ရာခိုင်နှုန်းအထိ ဆက်တိုက်ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ထို့အတူ တောင်ကိုရီးယားနိုင်ငံ၏ ကောက်ပဲသီးနှံဖူလုံမှုနှုန်းသည် ၂၀၁၅ ခုနှစ်တွင် (၂၃.၉) ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် (၂၁) ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်ကို လေ့လာတွေ့ရှိရပါသည်။

ဂျုံ/ ပြောင်း ကောက်ပဲသီးနှံဈေးနှုန်းများ မြင့်မားလာမှုကြောင့် Nongshim၊ Orion နှင့် Samyang Foods ကဲ့သို့သော မုန့်ပဲသွားရည်စာနှင့် ခေါက်ဆွဲထုတ်လုပ်သူများ၏ အစုရှယ်ယာများ အပေါ်လျှော့ချသင့်ကြောင်း Daishin Securities မှ Analyst ဖြစ်သူ Han Yoo-jung က အကြံပြုခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ယူကရိန်းနိုင်ငံထံမှ

Agribusiness & Trade

ဂျုံအများ ဆုံးတင်သွင်းခဲ့သည့် ထိပ်တန်း (၈) နိုင်ငံနှင့် ရုရှားထံမှ ပြောင်းအများဆုံးတင်သွင်းခဲ့သည့် ထိပ်တန်း (၃) နိုင်ငံစာရင်းတွင် ပါဝင်ခဲ့ကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခကို တည်ငြိမ်စေခြင်း (သို့မဟုတ်) ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့မှလွဲ၍ အခြားနိုင်ငံများတွင် ထုတ်လုပ်မှုနယ်ပယ် ချဲ့ထွင်ခြင်းတို့ကို တောင်ကိုရီးယားနိုင်ငံအနေဖြင့် လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိပြီး၊ ကောက်ပဲသီးနှံဈေးကွက်သည် မကြုံစဖူးမသေချာ မရေရာမှုများစွာဖြင့် စိုးရိမ်စရာများစွာဖြစ်ပေါ်နေကြောင်း ပညာရှင်များနှင့် ဈေးကွက်လေ့လာသူများက သုံးသပ်လျက် ရှိကြပါသည်။

ဈေးနှုန်းများမြင့်တက်ခြင်းများကို အနာဂတ်တွင် ဖြေရှင်းနိုင်မည့် ကာလရှည်အစီအမံတစ်ခုအနေဖြင့် တောင်ကိုရီးယားကုမ္ပဏီများသည် နိုင်ငံရပ်ခြားဒေသများတွင် သီးနှံမျိုးစုံသွားရောက် စိုက်ပျိုးကြရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရေး ပြည်တွင်းကုမ္ပဏီများကို တောင်ကိုရီးယားအစိုးရက ပိုမိုတက်ကြွစွာ ပံ့ပိုးကူညီပေးရန်၊ ကာလတိုအစီအမံအနေဖြင့် အစိုးရ၏ အရန်ကောက်ပဲသီးနှံများကို ပိုမိုဝယ်ယူ၍ လိုအပ်ချိန်တွင် ဈေးနှုန်းချိုသာစွာဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးပေးရန် နည်းလမ်းများကို Sunchon တက္ကသိုလ်မှ ပါမောက္ခက အစိုးရသို့ အကြံပြုထားပါသည်။

ကောက်ပဲသီးနှံဈေးနှုန်းများ မြင့်တက်လာမှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ပြည်တွင်းဂျုံအရန်သိုလှောင်မှုတိုးချဲ့ခြင်းဖြင့် ဂျုံဖူလုံနှုန်းတိုးမြှင့်ရန်အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဂျုံထောက်ပံ့မှုတည်ငြိမ်စေရန်နှင့် စားနပ်ရိက္ခာဖူလုံမှုသေချာစေရန်အတွက် တောင်ကိုရီးယားအစိုးရသည် ၎င်း၏ ပြည်တွင်းဂျုံအရန် သိုလှောင်မှုကို ယခုနှစ်တွင် ၂၀၂၂ ခုနှစ်၏ အရန်တန်ချိန် (၈,၄၀၀) ထက် (၅,၆၀၀) တန်ခန့်တိုးမြှင့်၍ တန်ချိန် (၁၄,၀၀၀) ထိ တိုးမြှင့်သတ်မှတ်သွားရန် စီစဉ်ထားကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ဒေသတွင်း ဂျုံစိုက်ပျိုးသည့်တောင်သူများ ပိုမိုအဆင်ပြေစေရန်အတွက် အစိုးရက မိုးရာသီသို့မကူးပြောင်းမီတွင် ပုံမှန်ချိန် ဇူလိုင်လထက် တစ်လစော၍ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် တောင်သူများထံမှ ဂျုံများကိုစတင်ဝယ်ယူပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ယခုနှစ်တွင်ပဏာမအရည်အသွေးစစ်ဆေးခြင်းကဲ့သို့သော ပြင်ဆင်မှုကာလကို လျှော့ချ၍ ရိတ်သိမ်းပြီးသည့် နောက် ဇွန်လတွင် စော၍ဝယ်ယူပေးမည်ဖြစ်ရာ မိုးရာသီတွင် ဖြစ်ပေါ်တတ်သည့် တောင်သူများ၏ ကောက်ပဲသီးနှံသိုလှောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအခြေအနေများကြောင့် ကုန်အလေးချိန်အလေအလွင့်/ ယိုယွင်းမှုများကိုလည်း လျော့ကျနိုင်စေ၍ အကျိုးဖြစ်ထွန်းနိုင်မည်ဟု သက်ဆိုင်ရာဝန်ကြီးဌာနက မျှော်မှန်းထားကြောင်း လေ့လာသိရှိရပါသည်။

Source: The Korea Times

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

## CPTPP သို့တောင်ကိုရီးယားနိုင်ငံက အဖွဲ့ဝင်အဖြစ်ဝင်ရောက်မည်ကို ပြည်တွင်းလယ်သမားများနှင့် ရေလုပ်သားများက ပြင်းထန်စွာ ဆန္ဒထုတ်ဖော် ကန့်ကွက်ကြလျက်ရှိမှုအခြေအနေ

တောင်ကိုရီးယားနိုင်ငံရှိ လယ်သမားများနှင့် ရေလုပ်သားများ၏ညွန့်ပေါင်းအဖွဲ့သည် ပစိဖိတ်ဖြတ်ကျော်ဒေသရှိ နိုင်ငံ(၁၁) နိုင်ငံနှင့် ကုန်သွယ်မှုသဘောတူညီချက် The Comprehensive and Progressive Agreement for Trans-Pacific Partnership(CPTPP) တွင် တောင်ကိုရီးယားနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အစိုးရ၏လှုပ်ရှားမှုကိုဆန့်ကျင်နေပြီး တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ဈေးကွက်ကို ဈေးသက်သာသော စိုက်ပျိုးရေးနှင့် ရေထွက်ကုန်များကို ကမ္ဘာလုံးဆိုင်ရာ ရောင်းချသူများအတွက် ဖွင့်လှစ်ပေးလိုက်ပါက ၎င်းတို့၏အသက်မွေးဝမ်းကြောင်းဆိုင်ရာအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုကြီးပင်ဖြစ်ကြောင်း ပြည်တွင်းလယ်သမားများနှင့် ရေလုပ်သားများက ပြင်းထန်စွာဆန္ဒထုတ်ဖော်၍ ကန့်ကွက်ခဲ့ကြပါသည်။

CPTPP သဘောတူညီချက်သည် တောင်ကိုရီးယားနိုင်ငံ၏ကုန်ထုတ်လုပ်မှုဗဟိုပြု ပို့ကုန်အားကိုးအားထားပြုသော နိုင်ငံ့စီးပွားရေး၏ ကမ္ဘာလုံးဆိုင်ရာရပ်တည်မှုကို ပိုမိုအားကောင်းလာစေရန်အတွက် အရေးကြီးသောခြေလှမ်းတစ်ခုဟု အများက ယူဆထားကြပါသည်။ ထို့ကြောင့်ပင် Korea Institute for International Economic Policy (KIEP) အပါအဝင် ကုန်သွယ်မှုကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံ့ခေါင်းဆောင်အချို့နှင့် မူဝါဒချမှတ်သူများသည် ဤကြီးမားသော CPTPP ကုန်သွယ်မှုသဘောတူညီချက်တွင် ပါဝင်နိုင်ရေးကို အထူးကြိုးပမ်းနေကြပါသည်။ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီးပါက ကုန်သွယ်မှုများတိုးတက်၍ နှစ်စဉ် GDP တိုးတက်မှုနှုန်းသည် (၀.၃၃) မှ (၀.၃၅) ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်းနှင့် တောင်ကိုရီးယား၏ စားသုံးသူများအတွက် အကျိုးခံစားခွင့်များတွင် ကိုရီးယား ဝမ် (၃.၆) ထရီလီယံ (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂.၉ ဘီလီယံ) အထိရရှိနိုင်ရန် မျှော်မှန်းထားကြပါသည်။ CPTPP အဖွဲ့ဝင် နိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် ကမ္ဘာ့စုစုပေါင်းကမ္ဘာ့ကုန်သွယ်မှု ပမာဏ၏ (၁၅) ရာခိုင်နှုန်းခန့် ရှိပါသည်။

တစ်ဖက်တွင်လည်း အဆိုပါ CPTPP သို့ တောင်ကိုရီးယားနိုင်ငံ ပါဝင်ရေးအပေါ် ပြင်းထန်သောဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ တောင်ကိုရီးယားအဆင့်မြင့် တောင်သူလယ်သမားများအဖွဲ့ချုပ် (Korean Advanced Farmers Federation – KAFF) အပါအဝင် လယ်သမားများနှင့် ရေလုပ်သားများ၏ အကျိုးစီးပွားကို ကိုယ်စားပြုသည့် ဒါဇင်နှင့်ချီသောအဖွဲ့များသည် ၂၀၂၂ ခုနှစ်၊ မတ်လ (၂၅) ရက်က Sejong မြို့၊ အစိုးရရုံးအနီးတွင် အစိုးရမှ CPTPP သို့ဝင်ရောက်ခြင်းဖြင့်

ကုန်သွယ်မှု၊ ဈေးကွက်နှင့် စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်မှုများကို ချပြသည့်လူထုကြားနာပွဲတစ်ရပ်ကို ပြုလုပ်နေစဉ် ဆန္ဒထုတ်ဖော်၍ CPTPP တွင်ပါဝင်ရေးကို ကန့်ကွက်ခဲ့ကြပါသည်။ မူဝါဒချမှတ်သူများ၊ ပညာရှင်များနှင့် စက်မှုလုပ်ငန်းမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည့် အဆိုပါဆွေးနွေးပွဲကို ပျက်ပြားစေရန် ဆန္ဒထုတ်ဖော်သူအချို့က အဆောက်အအုံအတွင်းသို့ စုရုံးဝင်ရောက်ခဲ့ကြသဖြင့် ရဲများက လူစုခွဲထိန်းသိမ်းခဲ့ရကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းစက်မှုလုပ်ငန်းများ၏ အကျိုးစီးပွား သိသာထင်ရှားစွာ လျော့ပါးသွားခြင်း (သို့မဟုတ်) ဝင်ငွေလုံးဝဆုံးရှုံးသွားခြင်းတို့အပေါ်ကာမိစေရန် တန်ပြန်အစီအမံများမရှိဘဲ တစ်ဖက်သတ်ဖြစ်နေကြောင်း ၎င်းတို့က ထောက်ပြခဲ့ကြပါသည်။ တောင်ကိုရီးယားနိုင်ငံက CPTPP တွင်ပါဝင်လိုက်လျှင် ပြည်တွင်းဈေးကွက်ထဲသို့ ဈေးသက်သာသော နိုင်ငံခြားထုတ်ကုန်များ အမြောက်အမြား ဝင်ရောက်လာလိမ့်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကောင်းကျိုးအတွက်ဟုဆိုကာ သွင်းကုန်ခွန်များကို ရုတ်သိမ်းဖို့ အစိုးရကအရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ တစ်ဖက်တွင်မူ တောင်ကိုရီးယား မိရိုးဖလာလုပ်ငန်းများရှိ အလုပ်သမားများသည် ၎င်းတို့၏ အခြေခံရပ်တည်ရေးအတွက်ကို အထူးစိုးရိမ်နေကြရကြောင်း KAFF အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင် The Regional Compre-hensive Economic Partnership - RCEP စတင်အသက်ဝင်ခဲ့ပြီဖြစ်ပြီး၊ ၂၀၂၂ ခုနှစ် ဧပြီလအတွင်းတွင် CPTPP အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေး တရားဝင်လျှောက်လွှာပေးပို့ရန် ပြင်ဆင်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် RCEP အောက်တွင် ၎င်း၏ပြည်တွင်းစိုက်ပျိုးရေး ဈေးကွက်၏ (၈၅) ရာခိုင်နှုန်းကို ပြည်ပဈေးကွက်အတွက် အခွန်ကင်းလွတ်၍ ဈေးကွက်ဖွင့်လှစ်ရန်လိုအပ်ရာ CPTPP တွင်မူ ၎င်းသည် (၉၅) ရာခိုင်နှုန်းအထိလည်းကောင်း၊ သားငါးကဏ္ဍတွင် (၁၀၀) ရာခိုင်နှုန်းအထိလည်းကောင်း တိုးလာမည်ဖြစ်ပါသည်။ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဖြစ်သူ Mr. Yeo Han-koo က (၁-၄-၂၀၂၂) ရက်နေ့၊ Arirang ရုပ်သံနှင့် မေးမြန်းခန်းတွင် ဝန်ကြီးဌာနအနေဖြင့် တောင်ကိုရီးယားနိုင်ငံက CPTPP သို့ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်းတွင် တရားဝင်လျှောက်လွှာပေးပို့ရန် လိုအပ်သည်များအားလုံးကို အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

Source: The Korea Times

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

## တောင်ကိုရီးယားနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အခွင့်အာဏာရရှိရေးအပေါ် ပြည်တွင်း ဝန်ကြီးဌာနအချင်းချင်း အငြင်းမပွားသင့်ဟု သမ္မတအသွင်ကူးပြောင်းရေးအဖွဲ့က သတိပေးခဲ့

တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ခံသမ္မတ Yoon Suk-yeol ၏ အုပ်ချုပ်ရေးအဖွဲ့သည် ၎င်းတို့၏ အသေးစိတ်အစီအစဉ်များကို မူကြမ်းရေးဆွဲနေစဉ်တွင် ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား မည်သည့်ဝန်ကြီးဌာနက နိုင်ငံ၏အဓိက ကုန်သွယ်မှု အာဏာပိုင်ဖြစ်လာမည်ကို အငြင်းပွားနေသဖြင့် ကိုင်တွယ်ဖြေရှင်းနေရကြောင်း၊ သမ္မတ အသွင်ကူးပြောင်းရေးကော်မတီ (The Presidential Transition Committee)သည် ရွေးကောက်ခံ သမ္မတ Yoon Suk-yeol လက်ထက်အတွက် အစိုးရဖွဲ့စည်းပုံကိုပင်ရေးဆွဲ၍ မပြီးသေးသောကြောင့် ဤကဲ့သို့အငြင်းပွားမှုမျိုးမှာ ယခုအချိန်တွင်မသင့်လျော်ဟု သမ္မတအသွင်ကူးပြောင်းရေးကော်မတီက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

သံတမန်ရေးနှင့် ကုန်သွယ်မှုကို ခွဲခြား၍မရဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက မကြာသေးမီကပေါ်ထွက်ခဲ့သော အမျိုးသားစီးပွားရေးလုံခြုံရေး (National Economic Security) သဘောတရားကို ရည်ညွှန်း၍ သုံးသပ်ပြောဆိုခဲ့ကြကြောင်း၊ မကြာသေးမီနှစ်များအတွင်းက ကုန်သွယ်ရေးနှင့် သံတမန်ရေးရာကြားကအလွှာသည် ပါးလွှာလာခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏ကုန်သွယ်မှုအပေါ် အခွင့်အာဏာကိုကိုင်စွဲကာ သံတမန်ရေးရာနှင့် ဆက်နွယ်သည့်လှုပ်ရှားမှုများကို လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဤသို့ဆောင်ရွက်ခဲ့မှုသည် အဓိကသံတမန်ရေးဆိုင်ရာကိစ္စရပ်များ၏ လုပ်ငန်းစဉ်များကို ပျက်ပြားစေသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ပြောကြားခဲ့ကြောင်း သတင်းများ၏ ဖော်ပြချက်များအရ သိရှိရပါသည်။

စွမ်းအင်ဝန်ကြီးဌာနဘက်ကလည်း စက်မှုကဏ္ဍမူဝါဒများကို နှံ့စပ်ကျွမ်းကျင်စွာ သိရှိသော ဝန်ကြီးဌာနသည်သာ ကုန်သွယ်မှုဆိုင်ရာ အခွင့်အာဏာကိုရယူထားရမည်ဟု ငြင်းဆိုခဲ့ကြောင်း၊ သို့သော် နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါငြင်းဆိုချက်ကို ပြန်လည်ငြင်းဆိုထားပြီး၊ ထုတ်လုပ်မှုကို အဓိက ထားလုပ်ဆောင်နေသည့် စွမ်းအင်ဝန်ကြီးဌာနသည် မတူညီသောဝန်ကြီးဌာနများ၏ မတူကွဲပြားသော အကျိုးစီးပွားများကို သိမ်မွေ့စွာနှင့် ဟန်ချက်ညီစွာ ထိန်းသိမ်းဆောင်ရွက်နိုင်မည် မဟုတ်ဟုပြန်လည်ချေပထားကြောင်း၊ ပြည်ပနိုင်ငံများနှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ဆိုင်ရာများကိုဆွေးနွေးသည့်အခါ ကုန်ထုတ်လုပ်မှု ကဏ္ဍတစ်ခုတည်းသာမက စိုက်ပျိုးရေး၊ ဝန်ဆောင်မှုနဲ့ ငါးဖမ်းလုပ်ငန်းစသည်တို့၏ အကျိုးစီးပွားအတွက် ထည့်သွင်းစဉ်းစား၍ ဆွေးနွေးရမည်ဖြစ်ရာစွမ်း

အင်ဝန်ကြီးဌာနသည် အဆိုပါကဏ္ဍအားလုံးအတွက် စေ့စပ်သေချာသော ဟန်ချက်ညီသည့် လုပ်ဆောင်မှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်မဟုတ်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သတင်းများက ဖော်ပြထားပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၁၉၉၈-၂၀၀၃ Kim Dae-jung အုပ်ချုပ်မှုမတိုင်မီကပင် ယခင် အစိုးရများလက်ထက်တွင် ကုန်သွယ်မှုဆိုင်ရာ အခွင့်အာဏာရှိခဲ့ကြောင်း၊ ဝန်ကြီးဌာနသည် ၂၀၀၈-၂၀၁၃ ခုနှစ်အထိ Lee Myung-bak အုပ်ချုပ်ရေးကာလအထိ ကုန်သွယ်မှုဆိုင်ရာ အခွင့်အာဏာကို ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

သမ္မတအသွင်ကူးပြောင်းရေးကော်မတီကမူ လက်ရှိတွင် မိမိတို့အနေဖြင့် အစိုးရသစ်ဖွဲ့စည်းပုံကိုပင် စတင်ဆောင်ရွက်နေဆဲဖြစ်ရာ မည်သည့်ဝန်ကြီးဌာနကို ကုန်သွယ်မှုဆိုင်ရာအခွင့်အာဏာပေးမည်ဆိုသည်ကို အပြီးသတ်ဆုံးဖြတ်ရန်အတွက် အချိန်ပိုမိုလိုအပ်နေသေးကြောင်း သမ္မတအသွင်ကူးပြောင်းရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူ Won Il-hee က ၂၀၂၂ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးအခွင့်အာဏာကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးရန် ဆောင်ရွက်သည့်အယူအဆကို အမေရိကန်က မကြိုက်ကြောင်း အမေရိကန်အစိုးရမှ အကြီးတန်းအရာရှိတစ်ဦးက တောင်ကိုရီးယားအစိုးရထံသို့ ပြောကြားခဲ့မှုကို ၂၀၂၂ ခုနှစ်၊ မတ်(၂၉ ) ရက်နေ့တွင် The daily Hankook Economy ကရေးသားဖော်ပြခဲ့ရာမှ နိုင်ငံခြားရေးဝန်ကြီးဌာနကို ပိုမိုဒေါသထွက်စေခဲ့ပြီး၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်တွင်းအငြင်းပွားမှု၌ နိုင်ငံခြားမဟာမိတ်တစ်ဦးကိုအသုံးပြု၍ ၎င်း၏နောက်ကွယ်တွင် အနိုင်ရရန်ကြိုးစားခြင်းဟူ၍ နိုင်ငံခြားရေးဝန်ကြီးဌာနက စွမ်းအင်ဝန်ကြီးဌာနကို ရှုတ်ချခဲ့ကြောင်း သတင်းများက ရေးသားဖော်ပြကြပါသည်။

တောင်ကိုရီးယားနိုင်ငံ၊ သမ္မတအသွင်ကူးပြောင်းရေးကော်မတီသည် အစိုးရသစ်၏ အသေးစိတ် အစီအစဉ်မူကြမ်းကို ၂၀၂၂ ခုနှစ်၊ မေလဆန်းပိုင်းတွင် ထုတ်ပြန်ရန် စီစဉ်ထားကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

Source: The Korea Times

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

## တောင်ကိုရီးယားနိုင်ငံ၌ ကုန်ကြမ်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်လာမှုကြောင့် အဆာပြေမုန့်များ၏ဈေးနှုန်းများ မြင့်တက်လာမှုအခြေအနေ

တောင်ကိုရီးယားနိုင်ငံ၌ ကုန်ကြမ်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်လာမှုကြောင့် သကြားလုံး၊ ရေခဲမုန့်၊ အဆာပြေမုန့်ကဲ့သို့သော မုန့်ပဲသရေစာများ၏ ဈေးနှုန်းများသည် (၁-၄-၂၀၂၂) ရက်နေ့မှစ၍ (၂၅) ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပါသည်။ မုန့်များပြုလုပ်ရာတွင် အသုံးပြုရသည့် ဂျုံမုန့်၊ သကြား၊ နို့ စသည့်ကုန်ကြမ်းများမှစ၍ စက်များလည်ပတ်ရန် အသုံးပြုရသည့် စက်သုံးဆီ၊ ထုတ်ပိုးမှု၊ ရေခ၊ သဘာဝဓါတ်ငွေ့ခ၊ လျှပ်စစ်မီတာခ အစရှိသည်တို့၏ ဈေးနှုန်းများသည် ဘက်စုံမြင့်တက်လာသဖြင့် ထုတ်လုပ်သူတို့သည် ဈေးနှုန်းများကို မြင့်တက်ခဲ့ရခြင်းဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံ၌ (၁-၄-၂၀၂၂) ရက်နေ့မှစ၍ အဆာပြေမုန့်များသည် (၁၀၀) ဝမ်မှ (၅၀၀) ဝမ် အထိ (အမေရိကန်ဒေါ်လာ ၀.၀၈ မှ ၀.၄၁ အထိ) မြင့်တက်ခဲ့ကြောင်း၊ ချောကလက်ကွတ်ကီး၊ ရေခဲချောင်း စသည်တို့သည် (၂၅) ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း၊ Lotte Group မှ ပိုင်ဆိုင်သော Kripsy Kreme Doughnuts ၏ဈေးနှုန်းလည်း (၆) ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း၊ လက်ရှိကမ္ဘာပေါ်တွင် ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများကိုအခြေပြု၍ ကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းများအားလုံး ကြီးမြင့်လာရာ အဆိုပါစရိတ်များကို ကာမိစေရန် Lotte Confectionery အနေဖြင့် ဈေးမတက်ချင်သော်လည်း အခြေအနေအရ ဈေးနှုန်းများကို မြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း၊ Orion Confectionery အနေဖြင့် ဈေးမတက်ခဲ့သည်မှာ (၉) နှစ်ရှိပြီဖြစ်ကြောင်း၊ ဈေးမတက်လိုသဖြင့် ထုတ်ပိုးမှုတွင်ချွေတာခြင်း၊ ပါဝင်မှုလျှော့ချခြင်း စသဖြင့်နည်းမျိုးစုံဖြင့် ထုတ်လုပ်မှုစရိတ်အား ချွေတာနိုင်ရန် မျိုးစုံကြိုးပမ်း၍ တောင့်ခံလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လအတွင်းတွင် သကြားကုန်ကြမ်း၏ဈေးနှုန်းသည် (၁၀) ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ပြီး၊ ဂျုံကုန်ကြမ်းသည် (၄၃) ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း၊ ပြည်တွင်းမုန့်ဖုတ်လုပ်ငန်း (Bakery) တစ်ခုကမူ ၎င်းတို့အနေဖြင့် အစစအရာရာ ဈေးနှုန်းများ ကြီးမြင့်လာသည့်အတွက် မုန့်များ၏ လက်လီဈေးနှုန်းများကို (၀.၅) ရာခိုင်နှုန်းခန့် မြှင့်ခဲ့ရပြီး၊ ယင်းသည် (၂) နှစ်အတွင်း ပထမဆုံးအကြိမ် ဈေးနှုန်းပြောင်းလဲရခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ထိုသို့ ဈေးနှုန်းမြင့်တက်လိုက်ခြင်းသည် ပြဿနာ၏ အဖြေမဟုတ်ကြောင်း၊ ၎င်းတို့ကဲ့သို့ မုန့်ဆိုင်မျိုးအနေဖြင့် ယခုအတိုင်း ကုန်ကြမ်းဈေးနှုန်းများနှင့် လုပ်ငန်းလည်ပတ်ခ အသုံးစရိတ်များ ဆက်လက်မြင့်တက်နေပါက ၂၀၂၂

Agribusiness & Trade

ခုနှစ်၊ ဒုတိယနှစ်ဝက်ပိုင်းလောက်တွင် လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရန် မသေချာနိုင်တော့ကြောင်း Arirang ရုပ်/သံမှ မေးမြန်းခန်းတွင်ထုတ် ဖော်ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံ၌ ငွေကြေးဖောင်းပွမှုသည် လာမည့်လများတွင်လည်း ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် စားသုံးသူများအတွက် ဈေးနှုန်းများကျဆင်းစေရန် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီများအတွက် အခွန်ကို(၃၀)ရာခိုင်နှုန်း လျှော့ချပေးမည်ဖြစ်ကြောင်း (၁-၄-၂၀၂၂) ရက်နေ့တွင်ပြုလုပ်ခဲ့သော အစိုးရအစည်းအဝေးတစ်ရပ်တွင် တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး(၁) က ပြောကြားခဲ့ပါသည်။

(၃-၄-၂၀၂၂) ရက်နေ့၊ တောင်ကိုရီးယားနိုင်ငံ၏ ငွေလဲနှုန်းသည် အမေရိကန်ဒေါ်လာ (၁) ဒေါ်လာလျှင် ကိုရီးယားဝမ် (၁၂၂၀) ဝမ် ဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံ၌ ကုန်ကြမ်းစရိတ်များ၊ လုပ်ငန်းလည်ပတ်မှုစရိတ်များ ကြီးမြင့်လာမှုကြောင့် စားသောက်ကုန်ဈေးနှုန်းများ၊ အငှားခါတ်အားခ၊ လျှပ်စစ်ဓါတ်အားခများသည် တရိပ်ရိပ် စတင်မြင့်တက်လျက်ရှိပြီး၊ စားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလည်ပတ်ရမှုအတွက် အကျပ်အတည်းများ တွေ့ကြုံရသကဲ့သို့ စားသုံးသူများအနေဖြင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရလျက်ရှိပါသည်။

Source: Arirang News

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

.................................................................................................

## ရုရှား – ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့သီးနှံဈေးကွက်များအပေါ် သက်ရောက်မှု လေ့လာသုံးသပ် (အမေရိကန်)

ရုရှား – ယူကရိန်းပဋိပက္ခကြောင့် ရုရှားနိုင်ငံအား စီးပွားရေးအရေးယူပိတ်ဆို့မှုများစွာဆောင်ရွက်ခဲ့မှုများသည် ကမ္ဘာ့ဓာတ်မြေဩဇာဈေးကွက်ကို တန်ပြန်ဖိအားပေးလျက်ရှိပြီး ကမ္ဘာ့သီးနှံဈေးကွက်အပေါ် များစွာသက်ရောက်ကြောင်း အိုင်အိုဝါပြည်နယ်တက္ကသိုလ်မှ စီးပွားရေးပညာရှင် Mr. Chad E. Hart က ၎င်းဆောင်းပါးတွင် ဖော်ပြထားကြောင်း သိရပါသည်။

အမေရိကန်နိုင်ငံအနေနှင့် ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာ တင်သွင်းမှုအပေါ် အရေးယူပိတ်ဆို့မှု မဆောင်ရွက်သော်လည်း ဥရောပနိုင်ငံများနှင့် တောင်အမေရိကနိုင်ငံများက အရေးယူပိတ်ဆို့ခဲ့

ကြကြောင်း၊ တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ပို့ကုန်ကန့်သတ်ချက်များ၊ ဘီလာရုစ်နိုင်ငံအား စီးပွားရေး အရေးယူမှု၊ သဘာဝဓာတ်ငွေ့ ဈေးမြင့်မားမှုကြောင့် ဥရောပနိုင်ငံများတွင် ဓာတ်မြေဩဇာ ထုတ်လုပ်မှု ကျဆင်းခြင်း စသည့်အကြောင်းခြင်းရာများကြောင့် ရုရှား – ယူကရိန်းပဋိပက္ခ မတိုင်ခင်ကပင် ကမ္ဘာ့ ဓာတ်မြေဩဇာ ထုတ်လုပ်ရောင်းချမှုသည် အကန့်အသတ်ဖြစ်နေခဲ့ကြောင်း ဖော်ပြထားပါသည်။

စစ်ပွဲကြောင့် ကမ္ဘာ့ဓာတ်မြေဩဇာ ရောင်းလိုအား ပိုမိုလျော့နည်းစေလာပြီး သဘာဝ ဓာတ်ငွေ့ဈေးနှုန်းလည်း ဆက်လက်မြင့်တက်လာစေကြောင်း၊ သို့ဖြစ်၍ သီးနှံထုတ်လုပ်မှုစရိတ် သိသိသာသာ မြင့်တက်လာပြီး သီးနှံဈေးနှုန်းများလည်း မြင့်တက်လာကြောင်း ၎င်းဆောင်းပါးတွင် ဖော်ပြထားပါသည်။ စစ်ပွဲကြောင့် တိုက်ရိုက်သက်ရောက်မှု အရှိဆုံးသီးနှံမှာ ဂျုံဖြစ်ပြီး အထူးသဖြင့် ဆောင်းသီးနှံဂျုံအပေါ် သက်ရောက်မှု အမြင့်ဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့ဂျုံ အဓိကတင်ပို့သည့် ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံမှ အကြမ်းအားဖြင့် ကမ္ဘာ့ဂျုံထွက်ရှိမှုစုစုပေါင်း၏ ခုနစ်ပုံတစ်ပုံ စိုက်ပျိုးထွက်ရှိ ကြောင်း၊ စစ်ပွဲနှင့်စီးပွားရေး အရေးယူပိတ်ဆို့မှုများကြောင့် ပင်လယ်နက်ဒေသထွက်ဂျုံ (Black Sea wheat) သည် ကမ္ဘာ့ဈေးကွက်မှ ပျောက်ကွယ်သွားနိုင်ခြေရှိကြောင်း၊ ရုရှားနှင့်ယူကရိန်းတို့က နွေရာသီ ကဂျုံအများအပြား စိုက်ပျိုးထားရှိခဲ့သည့်အတွက် စစ်ပွဲကြောင့်လာမည့် ၂၀၂၂ ခုနှစ် ဂျုံဈေးကွက် အပေါ်များစွာထိခိုက်၊ သက်ရောက်လာနိုင်ကြောင်း၊ ရုရှားနိုင်ငံ၏ဂျုံ ၇၀ ရာခိုင်နှုန်းခန့်နှင့် ယူကရိန်း နိုင်ငံ၏ ဂျုံ ၉၇ ရာခိုင်နှုန်းခန့်သည့် ဆောင်းသီးနှံများဖြစ်ကြကြောင်း၊ စစ်ပွဲကြောင့် သီးနှံစိုက်ခင်း များစွာပျက်ဆီးခဲ့ပြီး ပင်လယ်နက်ဒေသတွင် ဂျုံအထွက်နှုန်း ကျဆင်းနိုင်သည်ဟု ခန့်မှန်းကြောင်း သိရပါသည်။

စစ်ပွဲကြောင့်ထိခိုက်သည့် အခြားသီးနှံများမှာ ပြောင်းနှင့် ပဲပုတ်စေ့သီးနှံများဖြစ်ကြောင်း၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့က အဆိုပါသီးနှံများ အဓိက စိုက်ပျိုးထုတ်လုပ်ခြင်းမရှိသော်လည်း သွယ် ဝိုက်သောနည်းဖြင့် သက်ရောက်ကြောင်း၊ ရုရှား၊ ယူကရိန်းနှစ်နိုင်ငံသည် နေကြာကို အဓိကစိုက်ပျိုး၊ ထုတ်လုပ်ကြပြီး ကမ္ဘာ့နေကြာဆီ ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ရုရှားနှင့်ယူကရိန်းတို့မှ တင်ပို့ကြောင်း၊ သို့ဖြစ်၍ ပဲပုတ်စေ့အပါအဝင် ကမ္ဘာ့စားသုံးဆီ ဈေးကွက်တစ်ခုလုံးလည်း စစ်ပွဲ ကြောင့် သက်ရောက်မှုရှိကြောင်း သုံးသပ်ဖော်ပြထားပါသည်။

ပြောင်းဈေးကွက်အနေနှင့် စစ်ပွဲကြောင့် တိုက်ရိုက်သော်လည်းကြောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း သက်ရောက်မှုရှိကြောင်း၊ ကမ္ဘာ့တိရစ္ဆာန်အစာဈေးကွက်တွင် ပြောင်းနှင့်ဂျုံ အကြား ယှဉ်ပြိုင်မှုကြောင့် သွယ်ဝိုက်သက်ရောက်ကြောင်း၊ ပင်လယ်နက်ဒေသမှ စိုက်ပျိုးထွက်ရှိသည့်

ပြောင်းများ ကမ္ဘာ့ပြောင်းဈေးကွက်သို့ ကြီးထွားဝင်ရောက်လျက်ရှိသည့်အတွက် ဆယ်စုနှစ်ကြာ ပြောင်းများစွာ စိုက်ပျိုးထုတ်လုပ်ကြသည့် ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံတွင် စစ်ပွဲကြောင့် ပြောင်းဈေးကွက်ကို တိုက်ရိုက်သက်ရောက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

Source: https://www.agupdate.com/news/national/isu-ag-economist-analyzes-war-s-ripple-effect/article_a3ac2914-b128-11ec-b3a6-17a53ab07349.html

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

…………………………………………………………………………………………

## ဘဏ္ဍာရေးဝန်ကြီး Arkhom က ၂၀၂၂ ခုနှစ်တွင် ပြည်ပပို့ကုန်တင်ပို့မှု (၁၀%) တိုးတက်မှုရရှိရန် မျှော်မှန်းထားခြင်း (ထိုင်းနိုင်ငံ)

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လျှက်ရှိနေသော်လည်း ဘဏ္ဍာရေးဝန်ကြီး Arkhom က ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ယခုနှစ်တွင် (၁၀%) တိုးတက်မှုရရှိရန် မျှော်မှန်းလျှက်ရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

(၃၀-၃-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ထိုင်းအမျိုးသား ရေကြောင်းပို့ဆောင်ရေးကောင်စီ(TNSC) ၏ နှစ်ပတ်လည် ပုံမှန်အစည်းအဝေးတွင် Mr. Arkhom က ၎င်း၏ပြည်ပပို့ကုန် တိုးတက်မှု ဂဏန်းနှစ်လုံးရရှိရန် မျှော်လင့်ချက်မှာ ယမန်နှစ်ကရရှိခဲ့သော ပို့ကုန်တိုးတက်မှု (၁၇.၁%) အပေါ်တွင်အခြေခံ၍ ပြောကြားခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ပျမ်းမျှပို့ကုန် တိုးတက်မှုနှုန်း(၃.၅-၄%) ရရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ပုဂ္ဂလိကကဏ္ဍများအနေဖြင့် (၅%) ခန့်ရရှိမည်ဟု မျှော်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။

ယခုနှစ် ပထမနှစ်လတွင် ထိုင်းနိုင်ငံအနေဖြင့် ပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ (၄၄.၇) ဘီလီယံ ရရှိခဲ့ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကာလတူထက်(၁၂.၂%) ပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း ပုဂ္ဂလိကကဏ္ဍအနေဖြင့် ယခုနှစ်တွင် ၎င်းတို့၏ မူလမျှော်မှန်းချက်ဖြစ်သည့် (၅%) အပေါ်တွင် (၁၀%) အထိ တွန်းအားပေးနိုင်မည်ဆိုပါက စီးပွားရေးမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Mr. Arkhom ကအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအနေဖြင့် ပို့ကုန်တင်ပို့မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရကဏ္ဍများအနေဖြင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ထောက်ပံ့ပို့ဆောင်ရေးနှင့် ငွေဖြစ်လွယ်မှုဆိုင်ရာကိစ္စရပ်များတွင် ပိုမိုလွယ်ကူစေရေး ဆောင်ရွက်ပေးရန် ကတိပြုထားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အစိုးရဘဏ်များအား အခက်အခဲကြုံတွေ့နေရသော လုပ်ငန်းရှင်များ၊ အထူးသဖြင့် SMEs လုပ်ငန်းရှင်များ အားချေးငွေရရှိရေး အရှိန်မြှင့်တင်ဆောင်ရွက်ပေးရန် ပြောကြားထားပြီးဖြစ်ကြောင်း Mr. Arkhom က ပြောကြားခဲ့ပါသည်။

TNSC ၏ ဥက္ကဋ္ဌ Chaichan Chareonsuk က ပို့ကုန်တိုးတက်မှု(၁၀%) ရရှိရန်မှာ စိန်ခေါ်မှုများစွာရှိနေကြောင်း ပြောကြားခဲ့ပါသည်။ ပို့ကုန်တင်ပို့မှုကဏ္ဍမှာ မသေမချာမရေရာမှုများစွာကိုရင်ဆိုင်နေရကြောင်း၊ မတည်မငြိမ်မှုများ၊ မသေမချာမရေမရာမှုများ၊ ရှုပ်ထွေးမှုများနှင့် မရှင်းလင်းမှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယခုနှစ်တွင် ထိုင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မြေသြဇာနှင့် တိရစ္ဆာန်အစာကဲ့သို့သောအခြေခံကုန်ကြမ်း မလုံလောက်မှုများ၊ ရေနံနှင့် သံမဏိဈေးနှုန်းများ မြင့်တက်လာမှုကဲ့သို့သော အချက်များကို အနီးကပ်စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးနှောင့်နှေးမှု၊ ကွန်တိန်နာမလုံလောက်မှုများကြောင့် ကုန်ကျစရိတ်များမြင့်တက်မှုများသည် ယခုနှစ်တွင် ဆက်လက်၍ တည်ရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

အကယ်၍ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခသည် မပြင်းထန်ဘဲ(၃) လအတွင်း ပြေလည်မှုရရှိမည်ဆိုပါက TNSC အနေဖြင့် ယခုနှစ်တွင် ပို့ကုန်တိုးတက်မှု (၅%) ရရှိမည်ဟု မျှော်လင့်ထားကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခအပေါ် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများနှင့် ကမ္ဘာ့ဘဏ္ဍာရေးမတည်မငြိမ်မှုများကြောင့် TNSC အနေဖြင့် ဒုတိယ(၃) လပတ်အတွက် ၎င်း၏ပို့ကုန်တိုးတက်မှုကို(၅%) မှသုံ့ညသို့ လျှော့ချခဲ့ကြောင်း သိရှိရပါသည်။

ပထမ(၃) လပတ်တွင် ဝယ်ယူရေးအမှာစာများ၏ အတည်ပြုမှုများကြောင့် ပို့ကုန်တိုးတက်မှု(၇-၈%) ရရှိမည်ဟုခန့်မှန်းထားကြောင်း၊ ပို့ကုန်တိုးတက်မှု(၅%) ထက်မနည်းရရှိရန်မှာ ပို့ကုန်တင်ပို့သူများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအတွက် အွန်လိုင်းဈေးကွက်များကိုပိုမို၍ အသုံးချရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများနှင့် ကုန်သွယ်မှုများအတွက်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

Agribusiness & Trade

မြင့်မားသော ကုန်စည်ပို့ဆောင်မှုနှုန်းထားများကြောင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် လာအို-တရုတ် အမြန်ရထားကဲ့သို့သော ပို့ဆောင်ရေးနည်းလမ်းသစ်များကို ရှာဖွေရလိမ့်မည်ဖြစ်ကြောင်း၊ ထိုင်း သဘော်တင်ပို့သူများအနေဖြင့် ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ အိုမန်စသည့် အရှေ့အလယ်ပိုင်းဈေးကွက်သစ်များသို့ ချဲ့ထွင်ရန်တက်ကြွသော မဟာဗျူဟာများရှိရန်လိုအပ်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများဖြစ်သည့် လက်ရှိ (FTAs) များနှင့် Mini-FTAs များကိုလည်း အကောင်းဆုံးအသုံးချ ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း Mr.Chaichan က ပြောကြားခဲ့ပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

..................................................................

## မော်တော်ကားထုတ်လုပ်သူများအနေဖြင့် မော်တော်ကားအစိတ်အပိုင်းများ ပြတ်လပ်မည်ကို စိုးရိမ်လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)

ရုရှား-ယူကရိန်း ပဋိပက္ခသည် ဥရောပမှ မော်တော်ကား ထုတ်လုပ်သူများအတွက် မော်တော်ကားအစိတ်အပိုင်းများ ပြတ်လပ်သွားစေရန် ခြိမ်းခြောက်လျှက်ရှိနေကြောင်းနှင့် ၎င်းက ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှုနှင့် ထိုင်းနိုင်ငံ၏ မော်တော်ကား တပ်ဆင်ထုတ်လုပ်မှုအပေါ်တွင်လည်း သက်ရောက်လျှက်ရှိနေကြောင်း ထိုင်းမော်တော်ကားလုပ်ငန်းအသင်း၏ အဆိုအရသိရှိရပါသည်။

ဥရောပ ကားကုမ္ပဏီများအနေဖြင့် ရုရှားနှင့် ယူကရိန်းတို့မှ မော်တော်ကား အပိုပစ္စည်းများမှာယူလေ့ရှိကြောင်း၊ သို့ရာတွင်ဖြစ်ပွားနေသော နှစ်နိုင်ငံအကြားပဋိပက္ခကြောင့် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များက ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။ ဥရောပမှ မော်တော်ကား ထုတ်လုပ်သူများအနေဖြင့် မော်တော်ကား အစိတ်အပိုင်းများ ပြတ်လပ်မည်ကို မိမိတို့အနေဖြင့်စိုးရိမ်မိကြောင်း (၂၄-၃-၂၀၂၂) ရက်နေ့မှစတင်၍ (၁၂) ရက်ကြာကျင်းပသည့် Bangkok International Moror Show ပွဲတွင် ထိုင်းမော်တော်ကားလုပ်ငန်းအသင်းဥက္ကဋ္ဌ Suwat Supakarndechakulက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါပွဲသည် ပြည်တွင်းကားအရောင်းကိုမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း၊ ထိုင်း မော်တော်ကားလုပ်ငန်းအသင်းအနေဖြင့် ဖြစ်ပွားနေသောပဋိပက္ခသည် ထောက်ပံ့ပို့ဆောင်ရေးနှင့် မော်

တော်ကားသယ်ယူပို့ဆောင်ရေးတို့အပေါ် သက်ရောက်မှုကို အနီးကပ်စောင့်ကြည့်လေ့လာ သုံးသပ်လျှက်ရှိကြောင်း၊ ၎င်းကထိုင်းနိုင်ငံ၏ မော်တော်ကားတပ်ဆင်ထုတ်လုပ်မှုကို သက်ရောက်စေလိမ့်မည်ဖြစ်ကြောင်း Mr. Suwut က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံမှ ရုရှားနိုင်ငံသို့ မော်တော်ကားနှင့် အစိတ်အပိုင်းများတင်ပို့မှုမှာ စုစုပေါင်းတင်ပို့မှု၏(၁%) သာရှိကြောင်းနှင့် တန်ဖိုးအားဖြင့်ဆိုပါက ဘတ်ငွေ(၁၀.၁) ဘီလီယံသာ ရှိကြောင်း၊ ယူကရိန်းနိုင်ငံသို့ တင်ပို့မှုမှာ စုစုပေါင်းတင်ပို့မှု၏ (၀.၁%) သာရှိပြီး တန်ဖိုးအားဖြင့်ဆိုပါက ဘတ်ငွေ (၁) ဘီလီယံသာရှိကြောင်း၊ မိမိတို့အနေဖြင့် တိုက်ရိုက်သက်ရောက်မှုကို မစိုးရိမ်ကြောင်း၊ သွယ်ဝိုက်သက်ရောက်မှုဖြစ်သည့် ရေနံဈေးနှုန်းမြင့်မားမှုမှာမူ ရှောင်လွဲ၍မရနိုင်ကြောင်း ထိုင်းမော်တော်ကားလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး Techawiboonwong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် မော်တော်ကားထုတ်လုပ်မှုကို အစီးရေ (၁.၈)သန်းအထိ ထုတ်လုပ်သွားရန်ရည်မှန်းချက်ထားရှိကြောင်းနှင့် အစီးရေ(၁) သန်း မှာပြည်ပတင်ပို့ရန်ဖြစ်ပြီး ကျန်ရှိသည်များမှာ ပြည်တွင်းရောင်းချရန်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က စုစုပေါင်းအားဖြင့် အစီးရေ(၁.၆၈) သန်း ထုတ်လုပ်ခဲ့ကြောင်းနှင့် ၎င်းမှာ ထုတ်လုပ်မှုရည်မှန်းချက်ဖြစ်သည့်(၁.၆) သန်းထက် ပိုမိုကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## အိန္ဒိယ-ဩစတေးလျ နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

အိန္ဒိယနှင့် ဩစတေးလျ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုသဘောတူညီချက် (Economic Cooperation and Trade Agreement – ECTA) ကို ၂-၄-၂၀၂၂ နေ့ တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ပီယွတ်ဂိုယယ်နှင့် ဩစတေးလျကုန်သွယ်မှု၊ ခရီးသွားလာမှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ဒန်တယ်ဟန်တို့က ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်မှတ်ရေး ထိုးခဲ့ကြပါသည်။

Agribusiness & Trade

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ နှစ်နိုင်ငံ ဝန်ကြီးချုပ်များ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့သော အဆိုပါသဘောတူညီချက်သည် ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်ကုန်သွယ်မှု၊ ပင်ရင်းနိုင်ငံစည်းမျဉ်း၊ ကုန်သွယ်မှုဆိုင်ရာနည်းပညာ အတားအဆီးများ၊ အပင်နှင့် တိရစ္ဆာန် ကျန်းမာရေးနှင့် ရောဂါပိုးမွှားကာကွယ်ရေး ဆောင်ရွက်မှုများ၊ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာများ၊ လူပုဂ္ဂိုလ်များ ဝင်ထွက်သွားလာမှု၊ တယ်လီကွန် ဆက်သွယ်မှု၊ အကောက်ခွန်လုပ်နည်းစနစ်များ၊ ဆေးပစ္စည်းကိရိယာများနှင့် အခြားသောပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းနယ်ပယ်များကို လွှမ်းခြုံမှုရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သဘောတူညီချက်အား စတင်အကောင်အထည်ဖော်ချိန်တွင် ဩစတေးလျနိုင်ငံ ဘက်မှ အကောက်ခွန်လိုင်းများ၏ ၉၈% ကို သွင်းကုန်အခွန် သုညရာခိုင်နှုန်းသို့ လျှော့ချပေးမည် ဖြစ်ရာ အိန္ဒိယပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၉၆.၄ % ခန့်သည် လက်ငင်းအကျိုးခံစားခွင့်ရရှိမည်ဖြစ် ပါသည်။ လက်ရှိကာလ၌ အိန္ဒိယမှ ဩစတေးလျသို့ တင်ပို့လျက်ရှိသော လုပ်သားအင်အား အခြေပြု ထုတ်ကုန်များဖြစ်သည့် အထည်အလိပ်၊ သားရေထည်၊ ခြေနင်းအသုံးအဆောင်များ၊ ပရိဘောဂနှင့် အားကစားပစ္စည်း၊ လက်ဝတ်ရတနာ၊ အချို့သောဆေးနှင့်ဆေးပစ္စည်းများ၊ အနည်းငယ်မျှသော လယ်ယာနှင့် ရေထွက်ကုန်စည်များသည် သွင်းကုန်အခွန် ၄% မှ ၅% ခန့် ပေးဆောင်ရလျက်ရှိသည်။ အိန္ဒိယပို့ကုန်တန်ဖိုး၏ ၃.၆ % ရှိသော ကျန်ရှိသည့် အကောက်ခွန်လိုင်း ၁၁၃ ခုကိုမူ ၅ နှစ် ကာလ အတွင်း အဆင့်အလိုက် သုညရာခိုင်နှုန်းအထိ ဩစတေးလျနိုင်ငံဘက်မှ လျှော့ချသွားမည်ဖြစ်သည်။

အခြားတစ်ဘက်တွင် ဩစတေးလျနိုင်ငံထံမှ တင်သွင်းသည့် သိုးမွေးအထည်၊ သိုးသား၊ ကျောက်မီးသွေး၊ အလူမီနီယံ၊ သတ္တုတွင်းထွက်များအပါအဝင် ကုန်ကြမ်းနှင့် အလယ်အလတ်အဆင့် ကုန်ချောများအား လွှမ်းခြုံမည့် အကောက်ခွန်လိုင်း ၇၀ % ကို အခွန်သုညရာခိုင်နှုန်းအထိ အိန္ဒိယ နိုင်ငံဘက်မှ လျှော့ချပေးမည်ဖြစ်သည်။ သို့ဖြစ်ရာ ဩစတေးလျ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိ အိန္ဒိယသို့ တင်ပို့လျက်ရှိသော စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၈၅ % ခန့်အား အခွန်သက်သာခွင့် လက်ငင်း ရရှိမည်ဖြစ်သည်။ ထောပတ်သီး၊ ကြက်သွန်နီ၊ ချယ်ရီသီး၊ ဘယ်ရီသီး၊ မက္ကဒေးမီးယား၊ သီဟိုဠ်စေ့ အစရှိသော ကုန်စည်များ၏ အကောက်ခွန်နှုန်းများကို ၁၀ နှစ်အတွင်း အိန္ဒိယဘက်မှ ဆက်လက် လျှော့ချပေးမည်ဖြစ်သည်။ ဩစတေးလျ ဝိုင်အရက်များအပေါ် အခွန်သုညရာခိုင်နှုန်းအထိ လျှော့ချ ရန်မရှိသော်လည်း အတိုင်းအတာတစ်ခုအထိ အခွန်လျှော့ချပေးမည်ဖြစ်သည်။

ဝန်ဆောင်ကုန်သွယ်မှုတွင် သတင်းအချက်အလက်နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှုများ လွှမ်းခြုံပါဝင်မည့် ကဏ္ဍခွဲ ၁၃၅ ခုနှင့် အထူးအခွင့်အရေးပေး MFN နိုင်ငံစာရင်းပါ ကဏ္ဍခွဲ ၁၂၀ ခုတို့၌ သက်သာခွင့်များအား ဩစတေးလျနိုင်ငံဘက်မှ အိန္ဒိယ လုပ်ငန်းရှင်များသို့ ပေးအပ်မည်ဖြစ်သည်။ ယခုသဘောတူညီချက်အရ နှစ်နိုင်ငံအကြား အသက်မွေး ဝမ်းကျောင်း ပညာကျွမ်းကျင်မှု၊ လိုင်စင်ထုတ်ပေးမှုနှင့် မှတ်ပုံလုပ်ငန်းစဉ် ဆောင်ရွက်မှုများကို အပြန်အလှန် အသိအမှတ်ပြုသည့်စနစ်ဖြင့် အိန္ဒိယကျောင်းသားများ အနေဖြင့် ၂ နှစ်မှ ၄ နှစ်အထိ သက်တမ်းရှိသော အလုပ်နှင့်တွဲလျက် ပညာသင်ဗီဇာကို ရရှိနိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံဘက်ကမူ စီးပွားရေး၊ ဆက်သွယ်ရေး၊ တည်ဆောက်ရေးနှင့် အင်ဂျင်နီယာပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း များအား လွှမ်းခြုံမှုရှိမည့် ကဏ္ဍခွဲ ၁၀၃ ခုနှင့် အထူးအခွင့်အရေးပေး MFN နိုင်ငံစာရင်းပါ ကဏ္ဍခွဲ ၃၁ ခု တို့အတွက် ဩစတေးလျလုပ်ငန်းရှင်များ၏ အိန္ဒိယဈေးကွက်သို့ ဝင်ရောက်မှုအပေါ် သက်သာခွင့် များ ပေးအပ်မည်ဖြစ်သည်။

အိန္ဒိယနှင့် ဩစတေးလျ နှစ်နိုင်ငံအကြား လွတ်လပ်စွာကုန်သွယ်မှုပြုရန် ညှိနှိုင်းဆွေးနွေးမှု များမှာ ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သော်လည်း ဩစတေးလျ၏ နို့နှင့်နို့ထွက်ပစ္စည်းများအား အိန္ဒိယ ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုရေးနှင့် အိန္ဒိယကျွမ်းကျင်ပညာရှင်များအား ဩစတေးလျနိုင်ငံသို့ ပြည်ဝင်ဗီဇာ လျှော့ပေါ့ပေးရေးကိစ္စရပ်များတွင် စေ့စပ်ညှိနှိုင်းနိုင်မှုမရရှိပဲ ဆွေးနွေးပွဲများအား ၂၀၁၅ ခုနှစ်၌ ရပ်ဆိုင်းထားခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် နှစ်ဘက်ဆွေး နွေးမှုများ ပြန်လည်စတင်ခဲ့ပြီး ၆ လခန့်အကြာ၌ ECTA သဘောတူညီချက်ကို လက်မှတ်ရေးထိုး နိုင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ နို့ထွက်ပစ္စည်းလုပ်ငန်းကဏ္ဍအား ယခု လွတ်လပ်စွာကုန်သွယ်မှု စာချုပ်ရှိ မည်သည့်အခွန်လျှော့ချမှု အစီအစဉ်တွင်မျှ ပါဝင်ခြင်းမရှိစေရန် အပြည့်အဝကာကွယ်ထား ရှိပြီး ကုလားပဲ၊ သစ်ကြားသီး၊ ပစ်စတာချီု သစ်ဆိမ့်သီး၊ ဆန်၊ ဂျုံ၊ ပုလဲနှံစားပြောင်း၊ ပန်းသီး၊ နေကြာဆီ၊ သကြား စသည့် လယ်ယာထွက်ကုန်များကိုလည်း အထိခိုက်မခံသော အရေးကြီးကုန် စည်စာရင်း၌ ထည့်သွင်းလျက် ချန်လှပ်ထားရှိကြောင်း သိရှိရသည်။ အခွန်လျှော့ချပေးမည် မဟုတ် သော ၎င်းစာရင်း၌ပါဝင်သည့် အခြားကုန်စည်များမှာ ငွေ၊ ပလက်တီနမ်၊ လက်ဝတ်ရတနာ၊ သံ သတ္တုရိုင်းနှင့် ဆေးပစ္စည်းကိရိယာများ ဖြစ်ကြသည်။

Agribusiness & Trade

ECTA စာချုပ်အား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အဆင့်သို့ တိုးမြှင့်နိုင်ရေး ယခုလက်မှတ်ရေးထိုးပြီးချိန်မှ ၇၅ ရက်အတွင်း နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များ ပါဝင်သည့် ဆပ်ကော်မတီအား ဖွဲ့စည်းလျက် စာချုပ်၌ပါဝင်ခြင်း မရှိသေးသော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးကွက်ဝင်ရောက်မှုကိစ္စများ၊ ဒီဂျစ်တယ် ကုန်သွယ်မှုလုပ်ငန်းများနှင့် အစိုးရ၏ ဝယ်ယူရေးလုပ်ငန်း ဆောင်ရွက်မှုများကို ဆက်လက်ညှိနှိုင်း ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထိုသို့ ညှိနှိုင်း သဘောတူညီချက်ရရှိပါက အိန္ဒိယကုမ္ပဏီများအနေဖြင့် ဩစတေးလျနိုင်ငံရှိ အစိုးရ၏ ဝယ်ယူရေး လုပ်ငန်းများတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်အထိ ဈေးကွက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်းဖြင့် ဌာနဆိုင်ရာ အရင်းအမြစ်များအား ကိုးကားလျက် Economic Times သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယသည် ဩစတေးလျ၏ နဝမမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး ဩစတေးလျသည်လည်း အိန္ဒိယ၏ ၁၇ ခုမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပါသည်။ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဩစတေးလျနိုင်ငံနှင့် ကုန်စည် ကုန်သွယ်မှုမှာ ပို့ကုန်၌ အမေရိကန် ဒေါ်လာ ၆.၃၃၃ ဘီလီယံနှင့် သွင်းကုန်တွင် အမေရိကန် ဒေါ်လာ ၁၃.၅ ဘီလီယံရှိကြောင်း တွေ့ရှိရပါသည်။ လက်ရှိကာလ၌ အိန္ဒိယ-ဩစတေးလျ နှစ်နိုင်ငံကြားကုန်စည်နှင့် ဝန်ဆောင်မှု နှစ်ရပ်ပေါင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇.၅ ဘီလီယံခန့် ရှိပြီး ရှေ့လာမည့် ၅ နှစ်တာကာလအတွင်း ၂ ဆတိုးမြှင့်နိုင်ရန် နှစ်နိုင်ငံအစိုးရများက ရည်မှန်းထားကြပါသည်။

Source: 1. Signing of the Economic Cooperation and Trade Agreement (ECTA) between India and Australia, 2–4–2022, Press Information Bureau of India

2. All about India–Australia Economic Co–operation and Trade Agreement, 4–4–2022, The Hindu Business Line

3. India may get access to $10–billion Australian government tenders, 4–4–2022, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………………

Agribusiness & Trade

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စီမံကိန်းဦးစီးဌာန**

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၅ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဧပြီလ(၂၁) ရက်

| ၂၁-၄-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၂၀၁၈.၉ |
| စင်္ကာပူဒေါ်လာ | ၁၃၅၉.၀ |
| စတာလင်ပေါင် | ၂၄၁၆.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၄၄၃.၆ |
| တရုတ်ယွမ် | ၂၈၆.၉၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၈၄ |
| အိန္ဒိယရူပီး | ၂၄.၂၆၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၇၀ |
| မလေးရှား ရင်းဂစ် | ၄၃၁.၁၃ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၃၂၅ |
| ထိုင်းဘတ် | ၅၄.၆၅၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၅၆၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဓာတ်မြေဩဇာများ တိုးတက်တင်ပို့ခွင့်ပြုပေးနိုင်ရန် ရုရှအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိ

➢ ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံဈေးနှုန်းများ တက်ရိပ်ပြခဲ့သဖြင့် ဘရာဇီးလ်သီးနှံဈေးကွက်များတွင် ပဲပုတ်ဈေးနှုန်းများ မြင့်တက်လျက်ရှိ

➢ သီးနှံစိုက်ပျိုးကာလတွင် မိုးခေါင်မှုနှင့် အေးခဲသည့်ရာသီဥတုဖြစ်ပေါ်မှုတို့ကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ကြံစိုက်ပျိုးထုတ်လုပ်မှုကျဆင်း

➢ အိန္ဒိယ၏ လယ်ယာပို့ကုန်များ တင်သွင်းခွင့်အား အင်ဒိုနီးရှားအစိုးရက ဆိုင်းငံ့ထားခြင်း

➢ ဩစတြေးလျ-အိန္ဒိယ ကြားဖြတ် FTA အရ ဝိုင်တင်ပို့သူများနှင့် သိုးမွေးမြူသူများက အကျိုးအမြတ်ရရှိနိုင်သော်လည်း နို့ထွက်ပစ္စည်းနှင့် ကောက်ပဲသီးနှံတင်ပို့သူများက အကျိုးအမြတ်မရရှိနိုင်ခြင်း

➢ ပြည်တွင်းဈေးကျနေချိန်တွင် ဩစတြေးလျထောပတ်သီး စိုက်ပျိုးသူများ ဂျပန်ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အစိုးရကကူညီပေးလျက်ရှိခြင်း

➢ ဩစတြေးလျ မြောက်ပိုင်းနယ်မြေ West Daly ဒေသရှိ တောရိုင်းဝက်များတွင် ဂျပန် ဦးနှောက်အမြှေးရောင် ဗိုင်းရပ်စ်ပိုး တွေ့ရှိခြင်း

- **အထွေထွေသတင်းများ**

➢ ဩစတြေးလျနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း စီးပွားရေးအခြေအနေ အစီရင်ခံစာ

- ဝယ်လိုအားများနေသည့် ကုန်စည်များတင်ပို့မှုကို ရုရှားနိုင်ငံက ယာယီ ပိတ်ပင်ထားခြင်း
- ဘယ်လ်ဂျီယံနိုင်ငံ၌ စားသောက်ကုန်စျေးနှုန်းမြင့်တက်မှုသည် ၁၉၈၃ ခု နှစ်နောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်း
- ယူကရိန်း-ရုရှား ပဋိပက္ခ၏ သက်ရောက်မှုကြောင့် ကမ္ဘာ့စားသောက်ကုန် စျေးနှုန်းများ စံချိန်တင် မြင့်တက်ခဲ့ခြင်း
- ရုရှားနိုင်ငံမှ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတင် သွင်းမှုပိတ်ပင်ရေး ဥပဒေမူကြမ်းအား အမေရိကန်လွှတ်တော်နှစ်ရပ်တွင် ယနေ့ မဲခွဲဆုံးဖြတ်
- ထိုင်း အမျိုးသားရေကြောင်းပို့ဆောင်ရေးကောင်စီ (TNSC) အနေဖြင့် ပို့ကုန် တိုးတက်မှု(၅%) သာရရှိနိုင်ကြောင်း ခန့်မှန်းခြင်း
- ထိုင်းနိုင်ငံအနေဖြင့် တယ်လန်ဂါနာ (Telangana) ပြည်နယ်နှင့် ကုန်သွယ် မှုဆက်ဆံရေး တိုးမြှင့်ခြင်း
- ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်စျေးကွက်ချဲ့ထွင်ရန် FTAs များကို ပိုမိုစဉ်းစား လာခြင်း
- Fruit Logistica ကုန်စည်ပြပွဲတွင် မြန်မာကုမ္ပဏီ ပါဝင်ပြသ (ဂျာမနီနိုင်ငံ)
- စီးပွားရေးသတင်း(ရင်းနှီးမြှုပ်နှံမှုအပါအဝင်) အစီရင်ခံစာ

## ခေတ်မြေသြဇာများ တိုးတက်တင်ပို့ခွင့်ပြုပေးနိုင်ရန် ရုရှအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိ

၂၀၂၂-၂၀၂၃ ခုနှစ်ကာလအတွင်း ဆောင်သီးနှံနှင့်နွေဦးသီးနှံစိုက်ပျိုးမှုတို့အတွက် ခေတ်မြေသြဇာများ တိုးမြှင့်တင်ပို့ခွင့်ပြုပေးနိုင်ရန် ရုရှအစိုးရကစီစဉ်ဆောင်ရွက်လျက်ရှိပြီး သီးနှံစိုက်ပျိုးချိန်ကာလသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၃ ခုနှစ်၊ ဇွန်လအထိ အချိန်ကြာမြင့်မည် ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ ခေတ်မြေသြဇာတင်ပို့မှုအား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရုရှအစိုးရကပိတ်ပင်တားမြစ်ထားခဲ့ရာ အဆိုပါပို့ကုန် ပိတ်ပင်တားမြစ်သည့်အမိန့်အား သက်တမ်းတိုးခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် Victoria Abramchenko က ပြောကြားခဲ့သည်။

စိုက်ပျိုးချိန်ကာလအမီ တောင်သူများလက်ဝယ်သို့ ခေတ်မြေသြဇာများဖြန့်ဖြူးပေးနိုင်ရေးနှင့် သင့်လျော်သောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေးသည် သီးနှံအထွက်နှုန်းများတိုးတက်စေရန်အတွက် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် လက်ရှိတင်ပို့ခွင့်ပြုထားသည့် ခေတ်မြေသြဇာပမာဏအား ပိုမိုတိုးမြှင့်ခွင့်ပြုသွားရန်လုပ်ဆောင်လျက်ရှိကြောင်း သမ္မတ Vladimir Putin ဦးဆောင်ပြုလုပ်သည့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဒုတိယဝန်ကြီးချုပ်က ၎င်း၏ တယ်လီဂရမ်လူမှုကွန်ယက်စာမျက်နှာတွင် ရေးသားခဲ့သည်။

သို့ရာတွင် တိုးမြှင့်တင်ပို့ခွင့်ပြုမည့် ခေတ်မြေသြဇာပမာဏနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ ထုတ်ပြန်ခြင်းမရှိသေးကြောင်း၊ ရုရှအစိုးရ၏ ခေတ်မြေသြဇာတင်ပို့မှုပိတ်ပင်တားမြစ်ချက်သည် ယာယီညွှန်ကြားချက်ဖြစ်ပြီး ပြည်တွင်းတွင် ခေတ်မြေသြဇာပြတ်တောက်မှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင် နိုက်ထရိုဂျင်ခေတ်မြေသြဇာတန်ချိန် ၅.၉ သန်းနှင့် နိုက်ထရိုဂျင်ကွန်ပေါင်းခေတ်မြေသြဇာတန်ချိန် ၅.၃၅ သန်းတို့အား ပြည်ပတင်ပို့ခွင့်ပြုထားကြောင်း၊ ယခင်အပတ်ကလည်း နိုက်ထရိုဂျင်ခေတ်မြေသြဇာတန်ချိန် ၂၃၁,၀၀၀ တန်နှင့် နိုက်ထရိုဂျင်ကွန်ပေါင်းခေတ်မြေသြဇာ တန်ချိန် ၄၆၆,၀၀၀ တန်တို့အားတိုးတက်တင်ပို့နိုင်ရန် အစိုးရအဖွဲ့ကခွင့်ပြုပေးခဲ့ကြောင်း အစိုးရအရာရှိတစ်ဦးကပြောကြားခဲ့သည်။

ကမ္ဘာ့ခေတ်မြေသြဇာထုတ်လုပ်သည့် နိုင်ငံများတွင် ရုရှနိုင်ငံသည် ခေတ်မြေသြဇာအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး နိုက်ထရိုဂျင်ခေတ်မြေသြဇာထုတ်လုပ်မှုတွင် ကမ္ဘာ့ဒုတိယမြောက်အများဆုံးနှင့် ပိုတက်စီယမ်နှင့် ဖော့စ်ဖိတ်ခေတ်မြေသြဇာတို့ကို ကမ္ဘာ့တတိယမြောက် အများဆုံးထုတ်လုပ်လျက်ရှိပြီး နိုင်ငံတကာသို့ဈေးကွက်သို့တင်ပို့လျက်ရှိကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ခေတ်

မြေဩဇာတင်ပို့မှု ကန့်သတ်မှုများအပြင် ရုရှအစိုးရ၏ ဓာတ်မြေဩဇာတင်ပို့မှုပမာဏ ကန့်သတ်ချက်များကြောင့် ကမ္ဘာ့ဓာတ်မြေဩဇာဈေးကွက်တွင် ဝယ်လိုအားများအလွန်အမင်း မြင့်တက်လျက်ရှိပြီး ဓာတ်မြေဩဇာအကြပ်အတည်းများ ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံသည်လည်းရုရှနိုင်ငံမှဓာတ်များဩဇာများကို နှစ်စဉ် အမြောက်အများဝယ်ယူ တင်သွင်းရလျက်ရှိရာ လတ်တလောဖြစ်ပွားနေသည့် ရုရှ – ယူကရိန်းပဋိပက္ခအခြေအနေများကြောင့် အခြားနိုင်ငံများမှ ဓာတ်မြေဩဇာဝယ်ယူတင်သွင်းနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေလုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

........................................................................

## ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံဈေးနှုန်းများ တက်ရိပ်ပြခဲ့သဖြင့် ဘရာဇီးလ်သီးနှံဈေးကွက်များတွင် ပဲပုတ်ဈေးနှုန်းများ မြင့်တက်လျက်ရှိ

အမေရိကန်ဒေါ်လာငွေကြေးတန်ဖိုးများ ကျဆင်းနေသော်လည်း အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်တွင် သီးနှံကြိုပွဲငှ့်ဈေးနှုန်းများတက်ရိပ်ပြလျက်ရှိနေသဖြင့် ဘရာဇီးလ်နိုင်ငံအတွင်းရှိ သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

တစ်အိတ်လျှင် (၆၀) ကီလိုဂရမ် အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်လျှင် Passo Fundo (RS) ဈေးကွက်တွင် ၁၈၇.၅၀ ဟဲရာမှ ၁၈၈.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၈၆.၅၀ ဟဲရာမှ ၁၈၇.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၉၁.၅၀ ဟဲရာမှ ၁၉၅.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel (PR)ဈေးကွက်တွင် ၁၈၀.၅၀ ဟဲရာမှ ၁၈၃.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Paranaguá (PR)ဈေးကွက်တွင် ၁၈၇.၀၀ ဟဲရာမှ ၁၈၉.၅၀ ဟဲရာသို့လည်းကောင်း၊ Rondonópolis (MT)ဈေးကွက်တွင် ၁၇၁.၀၀ ဟဲရာမှ ၁၇၂.၅၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO)ဈေးကွက်တွင် ၁၆၄.၀၀ ဟဲရာမှ ၁၆၆.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ပြီး Dourados (MS)ဈေးကွက်တွင် ၁၇၇.၀၀ ဟဲရာဖြင့် ဈေးနှုန်းများတည်ငြိမ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT) တွင်မူ ဒေါ်လာငွေကြေးတန်ဖိုး ကျဆင်းလျက်ရှိသော်လည်း ဧပြီလ ၁၈ ရက်နေ့တွင် သီးနှံဈေးနှုန်းများပြန်လည်တက်ရိပ်ပြခဲ့ကြောင်း၊ ဈေးကွက်တွင် ပြည်တွင်းတွင်ကြိတ်ခွဲရန်နှင့် ပြည်ပတင်ပို့ရန်တို့အတွက် သီးနှံဝယ်ယူမှုများ ပြန်လည်မြင့်တက်လျက်ရှိကြောင်း၊ ပဲပုတ်ဆီအပါအဝင် စားသုံးဆီ ကြိုပွဲဈေးကွက်ဈေးနှုန်းမျာလည်း မြင့်တက်လျက်ရှိနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဧပြီလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ပဲပုတ်စေ့တန်ချိန် ၉၇၂,၅၀၉ တန်အား ပြည်ပတင်ပို့နိုင်ရန် စစ်ဆေးပေးခဲ့ကြောင်း အမေရိကန်နိုင်ငံရှိ ပို့ကုန်သီးနှံအရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စာရင်းများကိုကိုးကား၍ အမေရိကန်စိုက်ပျိုးရေးဌာန(U.S. Department of Agriculture – USDA) ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလတွင် ပဲပုတ်စေ့စည်ပေါင်း ၁၆၅.၀၅၇ သန်းနှင့် မတ်လအတွင်း ပဲပုတ်စေ့စည်ပေါင်း ၁၈၁.၇၅၉ သန်းတို့အား ပြည်တွင်းကြိတ်ခွဲမှုတွင် အသုံးပြုခဲ့ကြောင်း၊ ချီကာဂိုစတော့ဈေးကွက်၏ ပဲပုတ်စေ့ကြိုပွဲဈေးကွက်တွင် မေလအတွက် ပဲပုတ်စေ့ ၁ စည်လျှင် ဒေါ်လာ ၃၂.၅၀ ဆင့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ၁၇.၁၄ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လအတွက် ကြိုပွဲဈေးကွက်တွင် ပဲပုတ်စေ့ ၁ စည်လျှင် ဒေါ်လာ ၂၈ ဆင့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ၁၆.၉၃ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပဲပုတ်စေ့ထွက်ကုန်ဈေးကွက်တွင် မေလအတွက် ပဲပုတ်ခွဲကြိုပွဲဈေးနှုန်းသည် ၁ တန်လျှင် ၄.၆၀ ဒေါ်လာပိုမိုမြင့်တက်ခဲ့ပြီး ၄၆၆.၀၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပဲပုတ်ဆီ ၁ ပေါင်လျှင် ဒေါ်လာ ၁.၀၈ ဆင့်ပိုမိုမြင့်တက်ခဲ့ပြီး ၇၉.၉၉ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာလျှင် ၄.၆၄၈၀ ဟဲရာဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့သဖြင့် ဒေါ်လာငွေတန်ဖိုးသည် ယခင်နေ့ကထက် ၁.၀၂ ရာခိုင်နှုန်း ပိုမိုကျဆင်းခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

………………………………………………………

## သီးနှံစိုက်ပျိုးကာလတွင် မိုးခေါင်မှုနှင့် အေးခဲသည့်ရာသီဥတုဖြစ်ပေါ်မှုတို့ကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ကြံစိုက်ပျိုးထုတ်လုပ်မှု ကျဆင်း

၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏ ကြံစိုက်ပျိုးထုတ်လုပ်မှုသည် ကြံတန်ချိန် ၅၈၅.၂ သန်းရှိခဲ့သဖြင့် ၂၀၁၀-၂၀၂၁ ခုနှစ်ကာလ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့်နှိုင်းယှဉ်ပါက ၁၀.၆ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ကြံအဓိကစိုက်ပျိုးသည့်ဒေသများတွင် စိုက်ပျိုးချိန်အတွင်း ရာသီဥတုဖောက်ပြန်မှုဖြစ်ပေါ်ခဲ့ရာ မိုးခေါင်မှုနှင့် ၂၀၂၁ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လများတွင် အပူချိန်အလွန်အမင်းကျဆင်းမှုများ စံချိန်တင်ဖြစ်ပေါ်ခဲ့သဖြင့် ကြံအထွက်နှုန်းများအပေါ် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း National Supply Company (Conab)၏ ဧပြီလ ၂၀ ရက်နေ့တွင်ထုတ်ပြန်သည့် သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံအလယ်ပိုင်း၏ တောင်ဘက်ခြမ်းဒေသများတွင် ကြံစိုက်ရာသီတွင် မိုးခေါင်မှုနှင့် ကြံမရိတ်သိမ်းမီ ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် အေးခဲသည့်ရာသီဥတုတို့ကို တပြိုင်နက်တည်းကြုံတွေ့ခဲ့ရသည့်အတွက်ကြောင့် ကြံအပါအဝင် အခြားစိုက်ပျိုးသီးနှံများ အပေါ်တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါရာသီဥတုဖောက်ပြန်မှုသည် သီးနှံများရိတ်သိမ်းချိန်တွင် အထွက်နှုန်းကျဆင်းမှုများ သိသိသာသာဖြစ်ပေါ်နိုင်ကြောင်း Conab ကုမ္ပဏီဥက္ကဌ Guilherme Ribeiro က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ကြံစိုက်ဧရိယာသည် ဟက်တာ ၈.၆ သန်းရှိခဲ့ရာမှ ရာသီဥတုဖောက်ပြန်မှုကြောင့် ကြံစိုက်ပျိုးဧရိယာသည် ၃.၅ ရာခိုင်နှုန်းအထိကျဆင်းနိုင်ကာ ဟက်တာ ၈.၃ သန်းသို့ လျော့ကျနိုင်ကြောင်း၊ ကြံအထွက်ပမာဏလျော့ကျမှုကြောင့် သကြားထုတ်လုပ်မှုလျော့ကျကာ ဇီဝလောင်စာအီတနောနှင့် သကြားဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း၊ သို့ရာတွင် ကြံစိုက်တောင်သူများ၏ အကျိုးအမြတ်ရရှိမှုသည် ပဲပုတ်စေ့နှင့် ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်သူများကို မယှဉ်နိုင်သဖြင့် ကြံစိုက်ဧရိယာတိုးတက်လာရန် မဖြစ်နိုင်သေးကြောင်း Conab ကုမ္ပဏီ၏ စိုက်ပျိုးရေးသတင်းအချက်အလက်နှင့် မူဝါဒဌာနမှ ဒါရိုက်တာ Sergio De Zen က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသသည် ကြံစိုက်ပျိုးဧရိယာ အများဆုံးတည်ရှိပြီး ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကြံတန်ချိန် ၃၆၆.၉ သန်း ထွက်ရှိခဲ့ကြောင်း၊ နိုင်ငံအနောက်ဘက်၏ အလယ်ပိုင်းဒေသများမှ ကြံတန်ချိန် ၁၃၁.၃ သန်းနှင့် တောင်ပိုင်းဒေသများမှ ကြံတန်ချိန် ၃၁.၉ သန်းတို့ အသီးသီးထွက်ရှိခဲ့ကြောင်း၊ ယခင်ကြံစိုက်ရာသီနှင့်နှိုင်းယှဉ်ပါက နိုင်ငံအရှေ့ပိုင်း၏ မြောက်ဘက်

ခြမ်းဒေသနှင့် မြောက်ပိုင်းဒေသတို့သည် ကြံအထွက်နှုန်းများကျဆင်းခဲ့ပြီး ကြံ တန်ချိန် ၅၁.၁ သန်းနှင့် ၃.၈၆ သန်းတို့ အသီးသီးထွက်ရှိခဲ့ကြောင်း Sergio De Zen က ပြောကြားခဲ့သည်။

ကြံကုန်ကြမ်း အထွက်နှုန်းများကျဆင်းခဲ့သည့်အတွက် အီသနောနှင့် သကြားထုတ်လုပ်မှုတို့တွင် အထွက်ပမာဏများ လျော့ကျမည်ဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် သကြားထုတ်လုပ်မှုသည် တန်ချိန် ၃၅.၀၅ သန်းအထိ ရှိနိုင်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်ကာလနှင့်နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်း လျော့ကျနိုင်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကြံမှအီသနောထုတ်လုပ်မှုတွင် လီတာ ၃၀.၂၆ ဘီလီယံထွက်ရှိနိုင်ပြီး ယခင်နှစ်ကာလနှင့် နှိုင်းယှဉ်ပါက ၇.၇ ရာခိုင်နှုန်း လျော့ကျနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ထို့အပြင် ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကြံမှဇီဝလောင်စာဆီထုတ်လုပ်မှုသည် ၂၀၂၀-၂၀၂၁ ခုနှစ်ကာလနှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းလျော့ကျနိုင်ပြီး လီတာ ၂၆.၇၈ ဘီလီယံထွက်ရှိနိုင်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်ကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် Anhydrous ethanol ထုတ်လုပ်မှုသည် ၁၃.၈ ရာခိုင်နှုန်းတိုးတက်လာပြီး လီတာ ၁၀.၆ ဘီလီယံ ထွက်ရှိနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့သကြားဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်နေသော်လည်း ပြည်တွင်းငွေတန်ဖိုးများမြင့်တက်လျက်ရှိနေသဖြင့် ဘရာဇီးလ်နိုင်ငံ၏သကြားတင်ပို့မှုသည် ယခင်နှစ်ကာလနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၀၂၂ ခုနှစ်ကာလသကြားတင်ပို့မှုသည် ၁၉.၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ချိန် ၂၆ သန်း တင်ပို့ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.......................................................................................................

## အိန္ဒိယ၏ လယ်ယာပို့ကုန်များ တင်သွင်းခွင့်အား အင်ဒိုနီးရှားအစိုးရက ဆိုင်းငံ့ထားခြင်း

အစားအစာများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို စမ်းသပ်စစ်ဆေးလျက် ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက် သက်သေခံလက်မှတ် (Certificate of Analysis – COA) ထုတ်ပေးသော ဓာတ်ခွဲခန်းများအား မှတ်ပုံတင်ရန် ပျက်ကွက်မှုကြောင့် အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းသို့ အိန္ဒိယ၏ လယ်ယာပို့ကုန်များ တင်သွင်းခွင့်ကို ဆိုင်းငံ့ထားကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီးဌာနက စိုက်ပျိုးရေးထုတ်ကုန်များ သီးသန့်ခွဲခြားရေး ဗဟိုဌာနများသို့ ညွှန်ကြားချက်ထုတ်ပြန်ရာတွင် ၂၀၁၉ ခုနှစ်မှ စတင်အတည်ပြုခဲ့သည့် အိန္ဒိယ လယ်ယာထွက်ကုန်များအတွက် ထုတ်ပေးသော ပင်ရင်းနိုင်ငံ၏ ဓာတ်ခွဲစမ်းသပ်မှု COA လက် မှတ်များသည် ၂၄-၃-၂၀၂၂ နေ့နှင့် ၎င်းနေ့မတိုင်မီ ကာလအတွက်သာ တရားဝင်မှုရှိကြောင်းနှင့် မတ်လ ၂၅ ရက်နေ့မှစတင်၍ အသိအမှတ်ပြုမှုမရှိပဲ ပျက်ပြယ်ကြောင်း ဖော်ပြခဲ့ပါသည်။

အင်ဒိုနီးရှားအစိုးရက အဆိုပါအမိန့်စာအား အိန္ဒိယကုန်သည်များထံသို့လည်း ဖြန့်ဝေပေးပို့လျက် COA လက်မှတ်ဆိုင်ရာ အခြားသောအချက်အလက်များကို ထောက်ပံ့ပေးရန် အသိပေးခဲ့သည်။ အိန္ဒိယလယ်ယာထွက်ကုန်တင်ပို့မှု လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. M Madan Prakash က အိန္ဒိယ၏ လယ်ယာပို့ကုန်များအတွက် ဓာတ်ခွဲစမ်းသပ်မှု အေဂျင်စီလုပ်ငန်း ၁၅ ခုမှ ထုတ်ပေးသော COA လက်မှတ်များကို အင်ဒိုနီးရှားနိုင်ငံဘက်မှ လက်ခံခြင်းမပြုပဲ ဆိုင်းငံ့ထားသည်ဟု ကြားသိရကြောင်း ပြောဆိုပါသည်။

အင်ဒိုနီးရှားအစိုးရသည် လွန်ခဲ့သော ၃-၄ လခန့်ကပင် COA လက်မှတ်ထုတ်ပေးမှုဆိုင်ရာ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ထားခဲ့ကြောင်း၊ ဗီယက်နမ်နှင့် ထိုင်း တို့ကဲ့သို့သော နိုင်ငံများသည် ၎င်းတို့၏ COA လက်မှတ်ထုတ်ပေးသော ဓာတ်ခွဲခန်းများကို အင်ဒိုနီးရှားနိုင်ငံရှိ သက်ဆိုင်ရာဌာန၌ ကြိုတင်၍ မှတ်ပုံတင်ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့ရာတွင် အိန္ဒိယအာဏာပိုင်များကမူ သတ်မှတ်နေ့ရက်အမီ ဆောင်ရွက်နိုင်မှု မရှိခဲ့ကြောင်း၊ ထိုကဲ့သို့ မှတ်ပုံတင်လျှောက်ထားမှုကို သံတမန်နည်းလမ်းမှတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်ပြီး ဂျကာတာမြို့ရှိ အိန္ဒိယသံရုံးအနေဖြင့် အချိန်မီ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း၊ အိန္ဒိယမှ အင်ဒိုနီးရှား ဆိပ်ကမ်းများသို့ လယ်ယာထွက်ကုန် များတင်ပို့သည့် ကုန်သင်္ဘောများစွာသည် လမ်းခုလတ်တွင်ရှိနေပြီး တားမြစ်ပိတ်ပင်မှု သို့မဟုတ် ဆိုင်းငံ့ထားရှိမှုနှင့် ကြုံတွေ့ရသည့် အခြေအနေရှိကြောင်းဖြင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်တစ်ဦး၏ ပြောဆိုချက်ကို Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယအာဏာပိုင်များသည် ဓာတ်ခွဲခန်းများ မှတ်ပုံတင်ရမည့် နောက်ဆုံးနေ့ရက်ဖြစ် သော မတ်လ ၂၅ ရက်နေ့ကို ကျော်လွန်လျက် မတ်လ ၃၁ ရက်နေ့ကျမှသာ လျှောက်လွှာများတင်သွင်းနိုင်ခဲ့ရာ အိန္ဒိယပို့ကုန်များအတွက် မတိုးသာမဆုတ်သာ အနေအထားဖြစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာအရင်းအမြစ်များကမူ သင်္ဘောတင်ရှင်းလင်းမှုဆိုင်ရာ အချက်အလက်များနှင့်အတူ အိန္ဒိယဓာတ်ခွဲခန်းများ၏ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ရေးကိစ္စရပ်အား သတ်မှတ်ကာလ မစေ့ရောက်မီကပင်

အိန္ဒိယသံရုံးမှတစ်ဆင့် အင်ဒိုနီးရှားအာဏာပိုင်များထံ ပေးပို့ထားပြီးဖြစ်သည်ဟု ဖြေကြားကြောင်း၊ ယခုကိစ္စရပ်အား ဂျကာတာ၌ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မကြာမီကာလအတွင်း ဖြေရှင်းနိုင်မည်ဖြစ်သည်ဟု အမည်ဖော်ပြလိုခြင်းမရှိသော အစိုးရအရာရှိ တစ်ဦးက ပြောဆိုကြောင်းဖြင့် အဆိုပါ သတင်းဌာနက ဖော်ပြပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယမှ သကြား၊ ဂျုံ၊ ဆန်၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်နီနှင့် မြေပဲ စသည့် လယ်ယာထွက်ကုန်များကို တင်သွင်းလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် သကြားတင်ပို့သည့် ရာသီကာလတွင် အိန္ဒိယ၏ သကြား ပြည်ပတင်ပို့မှု စုစုပေါင်း၏ ၃၀% ခန့်သည် အင်ဒိုနီးရှားဈေးကွက်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ အလားတူ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလအထိ အိန္ဒိယ၏ ပြည်ပသို့ မြေပဲတင်ပို့မှု တန်ချိန်စုစုပေါင်း ၄.၄၁ သိန်းမှ ၅၀% ခန့်မှာ အင်ဒိုနီးရှားသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တွင်လည်း ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ အားသာချက်များအရ အိန္ဒိယလယ်ယာပို့ကုန်များ၏ ဈေးနှုန်းများသည် ယှဉ်ပြိုင်နိုင်စွမ်း ကောင်းမွန်လျက်ရှိရာ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ကုန်စည်များ တင်ပို့ရာ၌ နှောင့်နှေးမှုဖြစ်စေမည့် လက်ရှိအခြေအနေအပေါ် စိုးရိမ်မကင်းဖြစ်လျက် ရှိကြသည်။

Source: Indonesia suspends agri imports from India, 6–4–2022, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

.....................................................................................................

## သြစတြေးလျ-အိန္ဒိယ ကြားဖြတ် FTA အရ ဝိုင်တင်ပို့သူများနှင့် သိုးမွေးမြူသူများက အကျိုးအမြတ်ရရှိနိုင်သော်လည်း နို့ထွက်ပစ္စည်းနှင့် ကောက်ပဲသီးနှံတင်ပို့သူများက အကျိုးအမြတ်မရရှိနိုင်ခြင်း

သြစတြေးလျနှင့် အိန္ဒိယနှစ်နိုင်ငံတို့အကြား ကြားဖြတ်ကုန်သွယ်ရေးသဘောတူစာချုပ်အသစ်သည်တရုတ်အပေါ် သြစတြေးလျ၏စီးပွားရေးမှီခိုအားထားမှုကို လျှော့ချရန်ရည်ရွယ်ပြီး၊ အချို့သောလုပ်ငန်းကဏ္ဍများအတွက် သိသာထင်ရှားသော အခွင့်အလမ်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့သော်လည်း အချို့သောလုပ်ငန်းကဏ္ဍများအတွက်မူ အခွင့်အလမ်းများ မရရှိကြောင်း သိရှိရသည်။

ဩစတေးလျ ဝိုင်တင်ပို့ရောင်းချသူများနှင့် သိုးမွေးမြူရေးသမားများသည် အိန္ဒိယနိုင်ငံ၏ အကောက်ခွန်စည်းကြပ်မှု သိသိသာသာလျှော့ချပေးမည့်သူများထဲတွင် ပါဝင်သော်လည်း နို့ထွက်ပစ္စည်းနှင့် ကောက်ပဲသီးနှံလုပ်ငန်းကဏ္ဍတို့က ပိုမိုကောင်းမွန်သောသဘောတူညီချက်များ ရရှိရန် တောင်းဆိုခဲ့ကြပြီး၊ သဘောတူညီချက်သည် ဈေးကွက်ချဲ့ထွင်ရန် အဓိကဆုံးရှုံးသွားသောအခွင့်အလမ်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျဝိုင်ထုတ်လုပ်သူများအနေဖြင့် တရုတ်နိုင်ငံ၏ မြင့်မားသော တန်ပြန်စုပုံတင်သွင်းခွန်စည်းကြပ်မှုများကြောင့် ဩစတြေးလျဒေါ်လာ ၁.၂ ဘီလီယံတန်ဖိုးရှိ အဓိက ဈေးကွက်ဆုံးရှုံးရချိန်တွင် အိန္ဒိယနှင့် သဘောတူညီချက်အသစ်သည် ဆုံးရှုံးမှုအားလုံးကို ပြန်လည်ရရှိနိုင်မည် မဟုတ်သော်လည်း တစ်နိုင်ငံလုံးဝိုင်အလျှံပယ်မှုကို ကိုင်တွယ်ဖြေရှင်းရန်အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အများစုဖြစ်သော ဝိုင်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အကျိုးကျေးဇူးများဖြစ်ထွန်းစေကြောင်း၊ အကောက်ခွန်လျှော့ချမှုများကြောင့် အိန္ဒိယဈေးကွက်တွင် အခွင့်အလမ်းအသစ်များကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ အိန္ဒိယသို့ ဩစတြေးလျဝိုင်တင်ပို့မှုသည် အလွန်သေးငယ်သော်လည်း ၂၀၂၁ ခုနှစ်တွင် တင်ပို့မှုတန်ဖိုးမှာ ၈၁ % မြင့်တက်လာခဲ့ပြီး၊ ပမာဏအားဖြင့် ၇၁ % မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

ဝိုင်လုပ်ငန်းကဏ္ဍသည် အမေရိကန်၊ ကနေဒါနှင့် ဗြိတိန်စသည့်တည်ထောင်ထားပြီး၊ ဈေးကွက်များကြီးထွားလာချိန်တွင် အရှေ့တောင်အာရှ၊ အိန္ဒိယနှင့် စကင်ဒီနေးဗီးယားတို့တွင် ဈေးကွက်ချဲ့ထွင်ရန် ရှာဖွေလျက်ရှိပြီး၊ ဩစတြေးလျစပျစ်သီးနှင့် ဝိုင်လုပ်ငန်းကဏ္ဍသည် နိုင်ငံတကာဈေးကွက်ဝင်ရောက်နိုင်မှု တိုးတက်စေရန်အတွက် အစိုးရထံမှ ထောက်ပံ့ငွေ ဒေါ်လာ ၁,၈၁၇,၀၀၀ ကို လက်ခံရရှိခဲ့ကြောင်း သိရှိရသည်။

ဩစတြေးလျ၏ ဒုတိယအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်သည့် အိန္ဒိယသို့ သိုးမွေးတင်ပို့မှုအပေါ်အကောက်ခွန်(၅)% ကောက်ခံသော်လည်း FTA အသစ်အရ ယခုနှစ်နှောင်းပိုင်းတွင် သုညသို့လျှော့ချမည်ဖြစ်ရာ လုပ်ငန်းကဏ္ဍအတွက် သတင်းကောင်းဖြစ်ပြီး၊ ဈေးကွက်များ ပိုမိုကွဲပြားစေရန်ကူညီနိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ သိုးမွေးဝယ်ယူမှုသည် တရုတ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက လွန်စွာ

နည်းပါးသော်လည်း နောင်တွင်ဝယ်ယူမှုတိုးတက်လာရန် အထောက်အကူဖြစ်နိုင်ကြောင်း သိရှိရသည်။

သိုးနှင့် သိုးသားထုတ်လုပ်သူများလည်း FTA မှ အကျိုးအမြတ်ရရှိမည် ဖြစ်သော်လည်း အိန္ဒိယက သိုးကို အကောက်ခွန်နှုန်း ၃၀ % စည်းကြပ်ထားခြင်းကြောင့် တင်ပို့ရန် မဖြစ်နိုင်ကြောင်း ပို့ကုန်တင်ပို့သူများက ပြောကြားခဲ့သည်။ လွန်ခဲ့သည့် (၅) နှစ်အတွင်း အိန္ဒိယနိုင်ငံသို့ သိုးသား (၁၁၁) တန်ခန့် တင်ပို့ရောင်းချခဲ့ကြောင်းနှင့် သဘောတူညီချက် အသစ်ကြောင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှု နှစ်စဉ်မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

သဘောတူညီချက်တွင် အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုမှာ နို့ထွက်ပစ္စည်းကဏ္ဍဖြစ်ပြီး၊ အကောက်ခွန်နှုန်းထားလျှော့ချမှုတွင် လုံးဝမပါဝင်သည့်လုပ်ငန်းကဏ္ဍအနေဖြင့် လွန်စွာစိတ်ပျက်လျက်ရှိကြောင်း၊ ပြဿနာမှာ အိန္ဒိယအစိုးရသည် ၎င်း၏ နို့ထွက်ပစ္စည်းကဏ္ဍအတွက် ဩစတြေးလျ၏လုပ်ငန်းကဏ္ဍက ခြိမ်းခြောက်မှုတစ်ခုအဖြစ် မှတ်ယူထားသောကြောင့် ဖြစ်သည်။ ယခုသဘောတူညီချက်မှာ ကြားဖြတ်သဘောတူညီချက်တစ်ရပ်ဖြစ်ရာ နို့နှင့်နို့ထွက်ပစ္စည်း ကဏ္ဍအတွက် နောက်ထပ်အခွင့်အလမ်းများရှိနေသေးကြောင်း သိရှိရသည်။

ထို့အပြင် ကောက်ပဲသီးနှံကဏ္ဍကလည်း အိန္ဒိယဈေးကွက်သို့ ဝင်ရောက်နိုင်မှု တိုးတက်စေရန်အတွက် လုပ်ဆောင်ရမည့် အလုပ်များ ပိုမိုလုပ်ဆောင်ရန် တောင်းဆိုထားသည်။ ကြား ဖြတ် FTA သည် ဩစတြေးလျ ပဲအမျိုးမျိုးအတွက် အလားအလာရှိသော အကျိုးကျေးဇူးအချို့ကိုကမ်းလှမ်းထားပြီး၊ အချိန်ကြာလာသည်နှင့်အမျှ faba ပဲကြီးများ၊ ကာနိုလာဆီနှင့် ပဲပိစပ်များအတွက် အကျိုးရှိလာမည်ဖြစ်သည်။ သို့သော်ကုလားပဲဈေးကွက်အတွက် အခွင့်အလမ်းမရှိကြောင်း သိရှိရသည်။ ဩစတြေးလျသည် ကုလားပဲအရည်အသွေးအတွက် ကျော်ကြားသည့်နိုင်ငံ ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ စားသုံးသူများက ကုလားပဲကိုနှစ်ခြိုက်ကြပြီး၊ အခြေခံအစားအစာအဖြစ် စားသုံးလျက်ရှိကြောင်းနှင့် လတ်တလောတွင်မူ အိန္ဒိယနိုင်ငံရှိ ကုလားပဲအထွက်နှုန်းမှာ ခိုင်မာလျက်ရှိကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………

## ပြည်တွင်းဈေးကျနေချိန်တွင် သြစတြေးလျ ထောပတ်သီး စိုက်ပျိုးသူများ ဂျပန်ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အစိုးရကကူညီပေးလျက်ရှိခြင်း

ယမန်နှစ်က ထောပတ်သီးတစ်လုံးလျှင် သြစတြေးလျ (၁) ဒေါ်လာအောက်သို့ ကျဆင်းသွားသည့်အတွက် ယခုနှစ် ထောပတ်သီးများ ခူးဆွတ်ရတော့မည့်ချိန်တွင် ဈေးကွက်အသစ်များကိုရှာဖွေရန် ကြိုးပမ်းလျက်ရှိသည်။ သြစတြေးလျ ထောပတ်သီးစိုက်ပျိုးသူများအသင်းသည် ပြည်နယ်အားလုံးရှိ ထောပတ်သီးစိုက်ပျိုးသူများအား ဂျပန်ဈေးကွက်သို့ ဝင်ရောက်နိုင်စေရန် ကူညီပေးရန် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြီးခဲ့သည့်ရာသီတွင် ထောပတ်သီး စိုက်ပျိုးသူများသည် ကီလိုဂရမ် ၄၀၀ ရှိသော ပုံးတစ်ပုံးအတွက် ဒေါ်လာ ၃,၀၀၀ ခန့် ရရှိခဲ့ပြီး၊ မကြာသေးမီရာသီက အဆိုပါ တူညီသော ပမာဏအတွက် ဒေါ်လာ ၆၀၀ ခန့်သာရရှိခဲ့သည်။ Avocados Australia ၏အမှုဆောင်အရာရှိချုပ် John Tyas က လွန်ခဲ့သည့်ငါးနှစ်အတွင်း စိုက်ပျိုးမှုအသစ်များစွာဖြင့် လုံခြုံစိတ်ချရသည့် ဈေးကွက်သစ်များ ရရှိရေးသည် အရေးကြီးသောအချိန်ဖြစ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း တစ်နိုင်ငံလုံး ထောပတ်သီးထုတ်လုပ်မှု တန်ချိန် ၉၀,၀၀၀ ရှိခဲ့ပြီး၊ ၂၀၂၆ ခုနှစ်တွင် နိုင်ငံတစ်ဝှမ်း ထောပတ်သီးထုတ်လုပ်မှုမှာ တန်ချိန် ၁၇၀,၀၀၀ အထိရောက်ရှိနိုင်ရန် မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတွင် ထောပတ်သီးစားသုံးမှုမြင့်တက်လာခဲ့သော်လည်း မက္ကဆီကိုနိုင်ငံကဲ့သို့ အခြားနိုင်ငံများမှ တင်သွင်းမှုအပေါ် မှီခိုရလျက်ရှိရာ သြစတြေးလျစိုက်ပျိုးသူများသည် ဂျပန်ဝယ်လက်များအတွက် ပရီမီယံထုတ်ကုန်တစ်ခုကို တင်ပြရန် အခွင့်အရေးရှိနေခြင်းဖြစ်သည်။ သို့သော် ဂျပန်ဈေးကွက်မှာ အရှိန်အဟုန်ဖြင့် ကြီးထွားလာခြင်းမရှိသည့်အတွက် ဈေးကွက်ဝေစု ရရှိထားရေးက အဓိကဖြစ်ကြောင်း သိရှိရသည်။ ယမန်နှစ်က ဂျပန်နိုင်ငံသို့ သြစတြေးလျ ထောပတ်သီးတင်ပို့မှုမှာ တန်ချိန် ၈,၀၀၀ သို့ စံချိန်တင်ရောက်ရှိခဲ့သည်။

ဂျပန်နိုင်ငံမှ အနောက်သြစတြေးလျ ထောပတ်သီး မှာယူမှုများကြောင့် ဈေးကွက်တွန်းအားဖြစ်ပေါ်စေကြောင်း၊ အနောက်သြစတြေးလျနှင့် Riverland သည် ၂၀၁၈ ခုနှစ် နှောင်းပိုင်းမှသာ ဈေးကွက်ဝင်ရောက်ခွင့်ရရှိခဲ့ပြီး၊ ကိုဗစ်ဆိုင်ရာ အနှောင့်အယှက်များကြောင့် များစွာတင်ပို့နိုင်ခဲ့ခြင်း မရှိကြောင်း လုပ်ငန်းကဏ္ဍက ပြောကြားခဲ့သည်။ ယခုအခါ ထောပတ်သီး စိုက်ပျိုးသူများသည် ပို့ကုန်အခွင့်အလမ်းကြောင့် စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရန် လိုအပ်လာပြီ ဖြစ်သည်။ စိုက်ပျိုးသူများက လာမည့်ရာသီတွင် ထောက်ပံ့မှုကို သိသိသာသာ တိုးမြှင့်ရန် စီစဉ် လျက်ရှိကြောင်း သိရှိရသည်။

ဩစတြေးလျအစိုးရသည် ဂျပန်နိုင်ငံနှင့် ဇီဝလုံခြုံရေးဆိုင်ရာ ပြန်လည်ပြင်ဆင်မှုများကို ဆွေးနွေးလျက်ရှိကြောင်း သိရှိရသည်။ လောလောဆယ်တွင် ဂျပန်နိုင်ငံဈေးကွက်သို့ ကွင်းစလန် သစ်သီးပိုး(Fruit Fly) ကင်းစင်သည့် အနောက်ဩစတြေးလျ၊ တက်စမေးနီးယား၊ Riverland တို့က ဝင်ခွင့်ရရှိလျက်ရှိရာ ဩစတြေးလျ စိုက်ပျိုးသူများသည် ထောပတ်သီးများကို နှစ်ဝက်ခန့်သာထိ ရောက်စွာထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ အကယ်၍ ဂျပန်နိုင်ငံနှင့်ဆောင်ရွက်မည့် ထို Protocol တွင် အရှေ့ဘက်ကမ်းရိုးတန်းကို ထည့်သွင်းနိုင်ပါက ထောပတ်သီးများကို ၁၂ လ ပတ်လုံးတင်ပို့နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံသို့ တင်ပို့မှုများအတွက် "conditional non-host” ဟုခေါ်ဆိုသည့် Protocol နှင့် ကိုက်ညီရန်လိုအပ်ကြောင်းသိရှိရသည်။ Protocol အရ မမှည့်မီ အသီးအနှံများကို ရိတ်သိမ်းခြင်း၊ အအေးခံပြီး လုံခြုံစွာ ထုပ်ပိုးခြင်းကဲ့သို့သော လုပ်ငန်းစဉ်များ ပါဝင်ခြင်းဖြစ်သည်။ Mr. Loffler က Riverland ၏အစိတ်အပိုင်းအချို့တွင် Fruit Fly များပေါက်ပွားခြင်းနှင့်အတူ protocol ကိုပြန်လည် သုံးသပ်ခြင်းကိုကြိုဆိုကြောင်း၊ တစ်နေရာရာတွင် Fruit Fly တွေ့ရှိလိုက်ခြင်းဖြင့် ဈေးကွက်ဖွင့်ပြီး တစ်ပတ်အကြာတွင် ဈေးကွက်ပြန် ပိတ်သွားသည့်ပို့ကုန်ဈေးကွက်မှာ ကောင်းသည့်အခြေအနေ မဟုတ်ကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဝန်ကြီး David Littleproud က စိုက်ပျိုးရေးသီးနှံအများအပြားအတွက် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်ရန် ဂျပန်အစိုးရနှင့် ဆွေးနွေးမှုများ စတင်ခဲ့ကြောင်းပြော ကြားခဲ့သည်။ Avocados Australia က အစိုးရ၏ တင်ပြချက်တွင် အချက်အလက်များကို ပံ့ပိုးပေးခဲ့ ကြောင်း သိရှိရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါဝင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းနိုင်ရန် မျှော်လင့်ထားကြောင်းနှင့် လုပ်ငန်းကဏ္ဍသည် ယခုအချိန်အတွင်း ရှန်းကန်ရလျက်ရှိရာကာလတို အတွင်း ဆောင်ရွက်နိုင်မည်ဆိုပါက အတိုင်းထက်အလွန်ဖြစ်ကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………

## ဩစတြေးလျ မြောက်ပိုင်းနယ်မြေ West Daly ဒေသရှိ တောရိုင်းဝက်များတွင် ဂျပန် ဦးနှောက်အမြေးရောင် ဗိုင်းရပ်စ်ပိုး တွေ့ရှိခြင်း

West Daly ဒေသရှိ တောရိုင်းဝက်အနည်းငယ်တွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ဂျပန်ဦးနှောက်အမြေးရောင်ရောဂါ (Japanese Encephalitis –JEV) ၏ ပထမဆုံးရောဂါ ဖြစ်ပွားမှုကို မြောက်ပိုင်းနယ်မြေတွင်တွေ့ရှိခဲ့ရကြောင်း ABC သတင်းက ရေးသား ဖော်ပြထားသည်။

JEV သည် ခြင်များမှတစ်ဆင့် ကူးစက်နိုင်သော ပြင်းထန်သောရောဂါဖြစ်ပြီး ဝက်၊ ငှက်များ နှင့်မြင်းများအပါအဝင် လူနှင့် တိရစ္ဆာန်များကို ကူးစက်နိုင်သည်။ ဩစတြေးလျနိုင်ငံ တောင်ပိုင်းရှိ ဝက်မွေးမြူရေးလုပ်ငန်းခွင်တစ်ခွင်၌ ဖေဖော်ဝါရီမှစတင်၍ ဗိုင်းရပ်စ်ကူးစက်မှု ၃၅ မှု ဖြစ်ပွားခဲ့ပြီး၊ ယနေ့အထိ လူ ၃ ဦး သေဆုံးခဲ့သည်။

မြောက်ပိုင်းနယ်မြေ၏ တိရိစ္ဆာန်ဆေး ကုသရေးအရာရှိချုပ် Sue Fitzpatrick က Tiwi ကျွန်းစုတွင်လူတစ်ဦးသည် ယမန်နှစ် မတ်လတွင် ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသွားပြီးနောက် ထိုနယ် မြေတွင်ကူးစက်မှုမရှိကြောင်း၊ ထိုအချိန်မှစ၍ မြောက်ပိုင်းနယ်မြေသည် ၎င်း၏တိရစ္ဆာန်ဦးရေ အတွက် စောင့်ကြည့်ခြင်းအစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ West Daly တွင် "ပုံမှန်စစ် တမ်းကောက်ယူမှုတစ်ခုအတွင်း" ဗိုင်းရပ်စ်ကိုတွေ့ရှိခဲ့သော်လည်း ဝက်များသည် ရောဂါလက္ခဏာ မပြကြောင်း၊ လွန်ခဲ့သည့်မိုးရာသီတွင် JEV ထိတွေ့မှုရှိကြောင်း သက်သေအထောက်အထားများ ရှိခဲ့သော်လည်း၊ ဤအချိန်အထိ မည်သည့်ကူးစက်မှုကိုမျှ မတွေ့ခဲ့ကြောင်း ပြောကြားခဲ့သည်။

ယနေ့အထိ မြောက်ပိုင်းနယ်မြေတွင် စမ်းသပ်ထားသော ခြင်နမူနာအားလုံးသည် JEV အတွက် Negative ရလဒ်ဖြစ်ကြောင်း သိရှိရသည်။ JEV သည် လူမှ လူသို့ မကူးစက်နိုင်သကဲ့သို့ ရောဂါပိုးရှိသော တိရစ္ဆာန်၏ အသားစားခြင်းဖြင့်လည်း မကူးစက်နိုင်ကြောင်း သိရှိရသည်။ လူတွင် JE ရောဂါပိုးသည် အဖြစ်များဆုံး ရောဂါလက္ခဏာပြသော်လည်း ရှားရှားပါးပါး ပြင်းထန်ရောဂါနှင့် သေဆုံးသည်အထိ ဖြစ်နိုင်ကြောင်းနှင့် ရောဂါလက္ခဏာများတွင် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ပင်းတောင့်တင်းခြင်း၊ အော့အန်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ တက်ခြင်းနှင့် လေဖြတ်ခြင်းတို့ ပါဝင် ကြောင်းသိရှိရသည်။

နယ်မြေခံပြည်သူများအား ခြင်ကိုက်ခံရခြင်းမှ ကာကွယ်ရန် နှိုးဆော်ထားပြီး၊ လူများအနေ ဖြင့် တိရစ္ဆာန်များအတွက် ဖြစ်နိုင်ချေရှိသော အန္တရာယ်ကို နားလည်ထားရန် အရေးကြီးကြောင်း

သိရှိရသည်။ ရောဂါဖြစ်ပွားနိုင်သည့် အဓိကတိရိစ္ဆာန်များမှာ ဝက်နှင့် မြင်းများဖြစ်သည်။ မြောက်ပိုင်းပြည်နယ် ကျန်းမာရေးဌာနမှ Dr. Fitzpatrick က ဝက်မွေးမြူသူများသည် ရောဂါလက္ခဏာများအတွက် အထူးသတိထားသင့်ပြီး၊ "မရှင်းပြနိုင်သော သားလျှောခြင်း (သို့) မွေးဖွားခြင်း (သို့) ဝက်ကလေးများတွင် အာရုံကြောဆိုင်ရာ လက္ခဏာများပေါ်ပေါက်ပါက" အစီရင်ခံသင့်ကြောင်းပြောကြားခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်အတွက် သီးခြားကုသမှုမလိုအပ်သော်လည်း ကာကွယ်ဆေး ရရှိနိုင်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………

## သြစတြေးလျနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း စီးပွားရေးအခြေအနေ အစီရင်ခံစာ

ရုရှား- ယူကရိန်း ပဋိပက္ခကြောင့် ကမ္ဘာတစ်ဝှမ်းတွင် ငွေကြေးဖောင်းပွမှုလိုင်းသစ်များ ဖြစ်ပေါ်လာနိုင်ကြောင်း The Reserve Bank of Australia က ၉-၃-၂၀၂၂ ရက်နေ့တွင် သတိပေးပြောကြားခဲ့ပြီး၊ စစ်ပွဲ၏ သက်ရောက်မှုကြောင့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ အဓိကကုန်စည်များ၏ ဈေးနှုန်းများမြင့်တက်သည့်အပြင် အပူကျောက်မီးသွေး၊ နီကယ်နှင့် အလူမီနီယံကဲ့သို့သော အခြေခံသတ္တုများ၏ ဈေးနှုန်းများမှာ သိသိသာသာမြင့်တက်ခဲ့သည်။ ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများက အထူးသဖြင့် ကုန်စည်ဈေးနှုန်းများမြင့်တက်စေမည့် ထောက်ပံ့ရေးပိုင်းဆိုင်ရာ ဂယက်အသစ်ကို ဖြစ်ပေါ်စေရာငွေကြေးဖောင်းပွမှုကာလကို သက်တမ်းကြာရှည်စေနိုင်ကြောင်း The Reserve Bank က ခန့်မှန်းထားပါသည်။ ရုရှား- ယူကရိန်းပဋိပက္ခ၏ နောက်ဆက်တွဲ စီးပွားရေးကျဆင်းမှုကို စောင့်ကြည့်ပြီး၊ The Reserve Bank သည် အတိုးနှုန်းကို ၀.၁ % တွင်ထိန်းထားရာ တရားဝင်အတိုးနှုန်းမှာ (၁၇) လအတွင်း ၀.၁ % ဖြင့်တည်ငြိမ်နေလျက် ရှိနေပါသည်။ သြစတြေးလျဒေါ်လာသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉ ဆင့်သို့ ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားပါသည်။

အစိုးရ၏ ၂၀၂၂-၂၀၂၃ ခုနှစ်ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်လျာထားချက်ကို ၂၉-၄-၂၀၂၂ ရက်နေ့တွင် Treasurer Josh Frydenberg က ကြေညာခဲ့ရာ စီးပွားရေးကဏ္ဍအတွက် ခွဲဝေလျာထားရာတွင် အလုပ်လက်မဲ့နှုန်း ၄% အောက်ရောက်ရှိရေးနှင့် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရေး၊

စီးပွားရေးလုပ်ငန်းငယ်များအတွက် အကူအညီများပေးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများ လုံခြုံရေးနှင့် အခြားမရှိမဖြစ် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်လက်ရင်းနှီးမြှုပ်နှံရေးနှင့် အခြေခံ အဆောက်အအုံများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့တွင် ရင်းနှီးမြှုပ်နှံရေးတို့အတွက် ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဘတ်ဂျက်ခွဲဝေမှုများအနက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီး သွားဧည့်သည်စီးပွားရေးအတွက် လျာထားခွဲဝေရာတွင် ဩစတြေးလျနိုင်ငံအတွက် ကမ္ဘာ့အဆင့်မီ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုစနစ် အုတ်မြစ်ချရန် ဩစတြေးလျဒေါ်လာ ၁၈၇.၁ သန်း၊ ဒေသတွင်း နှင့် ကျေးလက်ဒေသ အသေးစားနှင့် အလတ်စားပို့ကုန်လုပ်ငန်းရှင်များအတွက် ပို့ကုန်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ (Export Market Development Grants –EMDG) အစီအစဉ်အတွက် ထပ်တိုးရန်ပုံငွေ ဩစတြေးလျဒေါ်လာ ၁၈၇.၁ သန်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးရင်းနှီးမြှုပ်နှံသူများ နှင့် စွမ်းရည်မြင့်မားသော လူပုဂ္ဂိုလ်များကို နိုင်ငံသို့လာရောက်လုပ်ကိုင်နိုင်ရေး ဆွဲဆောင်ရာတွင် အသုံးပြုမည့်ရန်ပုံငွေ ဩစတြေးလျဒေါ်လာ ၁၉.၅ သန်းနှင့် ခရီးသွားဧည့်သည်စီးပွားရေးအတွက် ဩစတြေးလျဒေါ်လာ ၁၄၆.၅ သန်းကို ခွဲဝေချထားပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ယခုနှစ်တွင် အမြတ်အစွန်း အများဆုံးနှစ်ဟု ခန့်မှန်းထားသော် လည်း မြင့်မားသော စက်သုံးဆီဈေးနှုန်းများနှင့် ဓာတ်မြေဩဇာဈေးနှုန်းများက ထုတ်လုပ်သူများ၏ သွင်းအားစုကုန်ကျစရိတ်များ ပိုမိုမြင့်တက်လာခဲ့ရာ စိုက်ပျိုးမွေးမြူသူများသည် ထုတ်လုပ်မှုကုန်ကျ စရိတ်ကို ကာမိစေရန် ရုန်းကန်ကြရလျက်ရှိပါသည်။ ဩစတြေးလျအရှေ့ဘက်ကမ်းရိုးတန်းရှိ ရေလွှမ်းမိုးမှုကပ်ဘေးက အချို့သောကုန်စည်ဈေးနှုန်းများအပေါ် အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ လတ်လတ်ဆတ်ဆတ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဈေးနှုန်းများနှင့် အေးခဲအစားအစာဈေးနှုန်းများမှာ သိသာထင်ရှားစွာမြင့်တက်ခဲ့ပြီး၊ လအတန်ကြာ ဆက်လက်မြင့်မားနေမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ နယူးဆောက်ဝေးလ်ပြည်နယ်မြောက် ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် ပဲပုပ်၊ စပါး၊ ကြံနှင့် မက်ကဒေးမီးယား စိုက်ခင်းဧကရာနှင့်ချီ၍ ရေနစ် မြှုပ်ခဲ့ရာ ကောက်ပဲသီးနှံတစ်ခုလုံးဆုံးရှုံးပျက်စီးမည့် အနေအထား ဖြစ်ပါသည်။

နိုင်ငံအတွင်းသို့ Khapra ပိုးတောင်မာဝင်ရောက်မှု အန္တရာယ်မှ ကာကွယ်နိုင်ရန် အဆင့် အလိုက် အကောင်အထည်ဖော်ဆောင်လျက်ရှိရာတွင် နောက်ထပ်အဆင့် (၂) ဆင့်ဖြစ်သည့် Phase– 4 နှင့် Phase–5 ကို ၂၈–၄–၂၀၂၂ ရက်နေ့မှစတင်ကာ အကောင်အထည်ဖော်ဆောင်မည် ဖြစ်ရာ

ပြည်ပနိုင်ငံများအားလုံးမှ ဩစတြေးလျနိုင်ငံသို့ တင်ပို့မည့် အပင်ထွက်ကုန်များနှင့် မျိုးစေ့များကို ကုန်တင်ပို့နိုင်ငံ၏ အရာထမ်းက စစ်ဆေးထားပြီးဖြစ်ရန်နှင့် Phytosanitary Certificate တွင် သတ်မှတ်ထားသော ထပ်တိုးကြေညာချက် ပါဝင်ရမည်ဖြစ်ပါသည်။ ထို့အပြင် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေး၊ ပတ်ဝန်းကျင်နှင့် လူနေမှုဘဝပုံစံအတွက် ဇီဝလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို လျှော့ချနိုင်ရန် ဇီဝလုံခြုံရေးဆိုင်ရာ အထွေထွေစောင့်ကြည့်ရေး အစီအစဉ် လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ လုပ်သားလိုအပ်ချက်ကိုဖြည့်ဆည်းမည့် စိုက်ပျိုးမွေးမြူရေး ဗီဇာအစီအစဉ်အသစ်အတွက် အစိုးရက အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးလျက်ရှိရာ အစီအစဉ်အသစ်အရ ဗီယက်နမ်နိုင်ငံနှင့် ပထမဆုံးနားလည်မှုစာလွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ဆွေးနွေးညှိနှိုင်းဆဲဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံနှင့် သဘောတူညီချက်ကိုလည်း မကြာမီအပြီးသတ်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

အစိုးရသည် ခရီးသွားဧည့်သည် စီးပွားရေးကဏ္ဍ ရေရှည်တိုးတက်မှုအတွက် THRIVE 2030 မဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး၊ ခရီးသွားဧည့်သည် စီးပွားရေး တန်ဖိုးကို ၂၀၃၀ ပြည့်နှစ်တွင် ဩစတြေးလျဒေါ်လာ ၂၃၀ ဘီလီယံအထိ တိုးတက်လာနိုင်မည်ဟု မျှော်မှန်းထားသည်။ THRIVE 2030 မဟာဗျူဟာအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုများ အနေဖြင့် ခရီးသွားကိုယ်စားလှယ်များနှင့် ခရီးသွားအစီအစဉ် ဝန်ဆောင်မှုပေးသူများအတွက် ဩစတြေးလျဒေါ်လာ ၇၅.၅ သန်း၊ ဩစတြေးလျနိုင်ငံသို့ နိုင်ငံတကာဈေးကွက်များမှ ခရီးသွား ဧည့်သည်အသစ်များကို ပိုမိုဆွဲဆောင်ရန် သုံးနှစ်အတွင်း ဩစတြေးလျဒေါ်လာသန်း ၆၀ ကျော်၊ ခရီးသွားဧည့်သည် စီးပွားရေး၏ Online အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု Platform ကို ဦးဆောင်သည့်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂) နှစ်ကျော်အတွင်း ဩစတြေးလျဒေါ်လာ ၂ သန်းနှင့် ဩစတြေးလျ ခရီးသွားလုပ်ငန်း သုတေသနအတွက် ဩစတြေးလျဒေါ်လာ ၄.၈ သန်းတို့ကို ရင်းနှီးမြှုပ်နှံထားပါသည်။

ရုရှားနိုင်ငံကို သီးခြားခွဲထုတ်ရန် ကမ္ဘာလုံးဆိုင်ရာတွန်းအားက အရှိန်အဟုန်ဖြင့် စုစည်းသည့်အနေဖြင့် ဩစတြေးလျသတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် သက်ပြည့်ရန်ပုံငွေအစီအစဉ်များ ကရုရှားနှင့် ဆက်ဆံရေးကို ဖြတ်တောက်ရန် စတင်နေပြီဖြစ်ပါသည်။ ဩစတြေးလျကုမ္ပဏီများ နှင့်ရင်းနှီးမြှုပ်နှံသူများက ရုရှားနှင့် ရင်းနှီးမြှုပ်နှံမှုများကို တစ်စတစ်စလျှော့ချခြင်းဖြင့် ဆက်ဆံရေး

ဖြတ်တောက်ရန် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်။ အနောက်နိုင်ငံစက်မှုလုပ်ငန်းများ၏ အနာဂတ်ကို အကာအကွယ်ပေးရန်နှင့် တရုတ်နိုင်ငံ၏ အရေးပါသော ဓာတ်သတ္တုများအပေါ် မှီခိုအားထားမှုကို ချိုးဖျက်ရန်အတွက် ဩစတြေးလျအစိုးရသည် နိုင်ငံအတွင်းရှိ မြေရှားသတ္တုလုပ်ငန်းကဏ္ဍအတွက် ရန်ပုံငွေ ဩစတြေးလျဒေါ်လာ သန်း ၂၄၀ ကို အကူအညီ ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ၁၆-၃-၂၀၂၂ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ သုတေသီ များကအရေးပါသော ဓာတ်သတ္တုကဏ္ဍတွင် တရုတ်နိုင်ငံ၏ ဈေးကွက်လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် မဟာဗျူဟာမြောက်အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစိုးရသည် လွတ်လပ် သောဈေးကွက်တွေးခေါ်မှုကို စွန့်လွှတ်ကာ၊ စီးပွားရေးတွင် ဝင်ရောက်စွက်ဖက်ကာ အမျိုးသားခံနိုင်ရည်ရှိမှုကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း အကြံပြုပြောကြား ထားပါသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အင်ဒို-ပစိဖိတ်ဒေသတွင် အရေးကြီးသော စီးပွားရေးနှင့် လုံခြုံရေးမိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည့် အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ဩစတြေးလျအစိုးရက အမေရိကန်ဒေါ်လာ သန်း ၂၈၀ ကျော် ရင်းနှီးမြှုပ်နှံထားပြီး၊ နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ၂၂-၃-၂၀၂၂ ရက်နေ့တွင်တီထွင်ဆန်းသစ်မှုနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများအတွက် ရန်ပုံငွေများကို ကတိကဝတ်ပြုခဲ့ကြသည်။ ဩစတြေးလျကုန်သွယ်ရေးဝန်ကြီးသည် အမေရိကန်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် ပထမဆုံးကျင်းပပြုလုပ်မည့် မဟာဗျူဟာစီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ပြီး၊ ဆွေးနွေးပွဲများတွင် စီးပွားရေးအကျပ်ကိုင်မှု၊ အရေးပါသောဓာတ်သတ္တုများ၊ ဒေသတွင်းထောက်ပံ့ ရေးကွင်းဆက်များနှင့် အင်ဒို-ပစိဖိတ် စီးပွားရေးမူဘောင်ဆိုင်ရာ အခွင့်အလမ်းများကိုအဓိကထား ဆွေးနွေးသွားမည်ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံသည် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ဆက်ဆံရေးတိုးမြှင့်နိုင်ရန်နှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် အလုပ်အကိုင်နှင့် အခွင့်အလမ်းအသစ်များဖန်တီးပေးနိုင်ရန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဩစတြေးလျအစိုးရသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေးအားကောင်းလာစေရန် ကနေဒါနှင့် ဘရာဇီးလ်နိုင်ငံတို့တွင် ကောင်စစ်ဝန်ချုပ်အသစ်များ ခန့်အပ်လိုက်ပြီး၊ အဆင့်မြင့်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နာတာဝန်များကို ထမ်းဆောင်ကြမည်ဖြစ်ပါသည်။

ကုန်သွယ်မှုကဏ္ဍတွင် အစိုးရက အများပြည်သူနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကာ ပို့ကုန် ဥပဒေများကို ပြန်လည်သုံးသပ်ပြီးနောက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပို့ကုန်ထိန်းချုပ်ရေးစည်းမျဉ်းများ ၂၀၂၁ ကို ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ ပြောင်းလဲမှုရှိသည့် ပြဋ္ဌာန်းချက်များတွင် တိရိစ္ဆာန်၊ အသား၊ အထွေထွေ၊ အော်ဂဲနစ်ကုန် စည်းမျဉ်းများ၊ အပင်၊ ကြက်၊ ဘဲ၊ ယုန်နှင့် ခြေတံရှည်ငှက်အုပ်စု (ratite) နှင့် အမဲလိုက်ခြင်း (Wild Game) တို့ပါဝင်ပြီး၊ ဥများ၊ငါး၊ နွားနို့နှင့် သစ်သားဆိုင်ရာစည်းမျဉ်းများမှာ ပြောင်းလဲမှုမရှိပါ။ စည်းမျဉ်းပြောင်းလဲမှု အများစုသည် အသေးအဖွဲဖြစ်သော်လည်း အသားနှင့် အသားထုတ်ကုန်များ၊ အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် သိသာထင်ရှားစွာ ပြောင်းလဲမှုများ ပြုလုပ်ထားပါသည်။ အစိုးရသည် ပို့ကုန်စည်းမျဉ်းများကို ပြင်ဆင်ရာတွင် ကုန်သွယ်မှုကို ခိုင်မာသော စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်မှုကို ထိန်းသိမ်းထားကာကုန်တင်သွင်းသည့် နိုင်ငံများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေကြောင်းကို သေချာမှုရှိစေပါသည်။

ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့အကြား ဖြစ်ပွားလျက်ရှိသည့် ဝိုင်အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) က စစ်ဆေးဆုံးဖြတ်နိုင်ရန် Panellists များကို ခန့်အပ်လိုက်ပြီဖြစ်ပါသည်။ ထို့အပြင် ဩစတြေးလျနိုင်ငံက တရုတ်နိုင်ငံမှတင်သွင်းသော သံမဏိကန်များ၊ ရထားဘီးနှင့် Wind Towers များအပေါ် တန်ပြန်စုပုံတင်သွင်းခွန် ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံက WTO တွင် အရေးဆိုခဲ့မှုအပေါ် ကြားနာစစ်ဆေးရန် ခုံရုံးတစ်ရပ် တည်ထောင်လိုက်ပြီဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံသည် တရုတ်နိုင်ငံနှင့် ဖြစ်ပွားလျက်ရှိသော ကုန်သွယ်မှုဆိုင်ရာအငြင်းပွားမှုများအတွက် နှစ်နိုင်ငံဆွေးနွေးဖြေရှင်းဆောင်ရွက်ရန် အသင့်အနေအထားတွင်ရှိနေပါသည်။

## သုံးသပ်တင်ပြချက်

ရုရှား-ယူကရိန်း ပဋိပက္ခရလဒ်အနေဖြင့် ကမ္ဘာ့ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စားသောက်ကုန်စျေးနှုန်းများမြင့်မားလာမှုနှင့်အတူ ငွေကြေးဖောင်းပွမှုဖိအား မြင့်တက်လာခြင်း၊ စားသုံးသူသုံးစွဲမှုကျဆင်းလာခြင်း၊ ရင်းနှီးမြှုပ်နှံသူတို့၏ စီးပွားရေးလုပ်ငန်းများအပေါ် အနှောင့်အယှက်များဖြစ်ပေါ်ခြင်းစသည့် ရိုက်ခတ်မှုများရှိသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများအနက် ဩစတြေးလျနိုင်ငံ၏ စီးပွားရေးစွမ်းဆောင်ရည်မှာ မျှော်မှန်းထားသည်ထက် သာလွန်ကောင်းမွန်သည့် အနေအထားတွင် ရောက်ရှိနေကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးကဏ္ဍအတွက် ဘတ်ဂျက်ခွဲဝေမှုအရ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားဧည့်သည်စီးပွားရေးတို့အတွက် သိသာထင်ရှားသည့်ဘတ်ဂျက်ပမာဏများစွာကို ထိရောက်စွာခွဲဝေထားခြင်းဖြင့် ဩစတြေးလျနိုင်ငံသည်အနာဂတ်တွင် ခိုင်မာသောစီးပွားရေးကိုဦးဆောင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၏ ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများကို အဆင့်မြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာအသစ်များဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို တိုးတက်ခေတ်မီစေခြင်း၊ ဈေးကွက်ထောက်လှမ်းရေးဝန်ဆောင်မှုများ တိုးချဲ့လုပ်ကိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးသံမှူးများ ကွန်ယက်ကို တိုးချဲ့ဆောင်ရွက်ခြင်းတို့ဖြင့် ကုန်သွယ်မှုပြုပြင်ပြောင်းလဲရေး အစီအစဉ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပို့ကုန်ဝန်ဆောင်မှုကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာကွဲပြားမှုများကို မြှင့်တင်နိုင်သည့်အပြင် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကြိုးနီစနစ်ကို ဖြတ်တောက်နိုင်ရာ စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်သည့် အကျိုးကျေးဇူးရရှိပြီး၊ နိုင်ငံရှိ အလုပ်အကိုင်နှင့် အခွင့်အလမ်းသစ်များကို လည်းဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများသည် COVID–19 ကပ်ရောဂါကာလနှင့် ယူကရိန်းစစ်ပွဲဂယက်ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဈေးနှုန်းများမြင့်တက်လာမှုနှင့် အခြားစီးပွားရေးဆိုင်ရာ အနှောင့်အယှက်များ ဖြစ်ပေါ်လာမှုအစရှိသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်ငြားလည်း အဓိကပို့ကုန် အမယ်တိုင်းနီးပါးအတွက် ပိုမိုမြင့်မားသော ပို့ကုန်ပမာဏနှင့် ဈေးနှုန်းများရရှိခြင်းကြောင့် နိုင်ငံ၏ ကုန်သွယ်မှုသည် လာမည့်လများအတွင်း မြင့်တက်လာနိုင်မည်ဖြစ်ပြီး၊ အထူးသဖြင့် အရင်းအမြစ်ကုမ္ပဏီများအတွက် အမြတ်အစွန်းပိုမိုရရှိစေကာ နိုင်ငံ့ဝင်ငွေကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဩစတြေးလျနိုင်ငံသည် ယင်း၏မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအနက် အိန္ဒိယနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ခြင်း၊ အမေရိကန်နိုင်ငံနှင့် မဟာဗျူဟာကျသောစီးပွားရေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် ပွင့်လင်းငြိမ်းချမ်းပြီး၊ သာယာဝပြောသော အင်ဒို–ပစိဖိတ်ဒေသကို ပုံဖော်နိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးအကျပ်ကိုင်မှုများ၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းသွားရန် ကြိုးပမ်းလျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ဝယ်လိုအားများနေသည့် ကုန်စည်များတင်ပို့မှုကို ရုရှားနိုင်ငံက ယာယီပိတ်ပင်ထားခြင်း

ဥရောပနိုင်ငံများရှိ သွင်းကုန်တင်သွင်းသူများက ဝယ်လိုအားများနေသည့် ပန်းနှမ်းနှင့် နေကြာစေ့ကဲ့သို့သော ကုန်စည်များတင်ပို့မှုကို ရုရှားနိုင်ငံက ယာယီရပ်တန့်ထားကြောင်း၊ ဥရောပ၌ စားသောက်ကုန်များထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆီအတွက် အဆိုပါကုန်စည်များကို ဝယ်လိုအား များနေခြင်းဖြစ်ကြောင်း ဘရပ်ဆဲလ်တိုင်းမ် သတင်းဝက်ဘ်ဆိုဒ်တွင် "Russia blocks export of products in high demand" ခေါင်းစဉ်ဖြင့် သတင်းရေးသားဖော်ပြထားပါသည်။

ရုရှားနိုင်ငံ၏ ပို့ကုန်ပိတ်ပင်မှုသည် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လကုန်အထိ အသက်ဝင်မည်ဟု ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနက ကြေငြာခဲ့ကြောင်း၊ ရုရှားနိုင်ငံအစိုးရက ၂၀၂၂ ခုနှစ်၊ ဧပြီလလယ်မှ ဩဂုတ်လကုန်အထိ ကာလအတွက် နေကြာဆီတင်ပို့မှုတန်ချိန် (၁.၅) သန်းဖြင့် ကန့်သတ်သွားမည် ဖြစ်ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခနှင့် ဥရောပနိုင်ငံများက ရုရှားနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှု များ ပြုလုပ်ခဲ့ပြီးနောက် ရုရှားနိုင်ငံ၌ စားသောက်ကုန်အများအပြားမှာ ဈေးနှုန်းသိသာစွာ မြင့်တက် လာခဲ့ကြောင်း၊ ရုရှားနိုင်ငံ၏ မြို့အများအပြားတွင် ကုန်ပစ္စည်းများဝယ်ယူစုဆောင်းမှုဖြစ်လာပြီး၊ အချို့စူပါမားကတ်များက ကုန်ပစ္စည်းများအား အရေအတွက်ကန့်သတ်၍ စတင်ရောင်းချလာကြ ကြောင်း အဆိုပါသတင်းက ဖော်ပြထားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၌ နာမည်ကျော်လူကြိုက်များသော အာလူးချောင်းကြော် ထုတ်လုပ်ရာတွင် အသုံးပြုရသဖြင့် ဘယ်လ်ဂျီယံနိုင်ငံသည် နေကြာဆီကို အဓိကစားသုံးသည့်နိုင်ငံဖြစ်ရာ ယခုအခါ နေကြာဆီ supply အကန့်အသတ်ရှိလာပြီး အာလူးချောင်းလုပ်ငန်းများအတွက် ခြိမ်းခြောက်မှုဖြစ် လာကြောင်း၊ ဘယ်လ်ဂျီယံရှိ စူပါမားကတ်အများအပြားကလည်း အချို့သောကုန်စည်များကို အရေအတွက်ကန့်သတ်၍ ရောင်းချလာကြကြောင်း၊ ၎င်းတို့အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ စတင် ဖြစ်ပွားချိန်ကကဲ့သို့ စိုးရိမ်စိတ်ဖြင့် ဝယ်ယူစုဆောင်းမှုများကြောင့် ပစ္စည်းပြတ်လပ်မှုမရှိစေရေး ထိုသို့ ကန့်သတ် ရောင်းချခြင်းဖြစ်ကြောင်း သိရပါသည်။

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် နေကြာဆီနှင့် အခြားကောက်ပဲသီးနှံများကို အဓိက ထုတ်လုပ်တင်ပို့သည့် နိုင်ငံများဖြစ်ရာ ဥရောပနိုင်ငံများရှိ စားသောက်ကုန်လုပ်ငန်းကဏ္ဍများ အနေဖြင့် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ၎င်းကုန်စည်များ တင်ပို့မှုအကန့်အသတ်ရှိလာခဲ့သည့် အတွက် ဖိအားများရှိလာခဲ့ကြောင်း၊ ဘယ်လ်ဂျီယံအစိုးရအနေဖြင့် စူပါမားကတ်များနှင့်ကုန်စုံဆိုင်

များ၌ ပစ္စည်းပြတ်လပ်မှုမဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်အတွက် လုပ်ငန်းအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းထားကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားပါသည်။

ရင်းမြစ် – https://www.brusselstimes.com/business/214437/russia-temporarily-stops-exports-of-some-badly-needed-products
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

………………………………………………………

## ဘယ်လ်ဂျီယံနိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုသည် ၁၉၈၃ ခုနှစ် နောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်း

ဘယ်လ်ဂျီယံနိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှု (Food inflation) သည် (၄.၆၃) ရာခိုင်နှုန်းဖြင့် ၁၉၈၃ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း ၊ ဘယ်လ်ဂျီယံနိုင်ငံတွင် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများအပေါ် သက်ရောက်မှုကြီးမားစွာဖြစ်လာကြောင်း သိရပါသည်။

ကုန်ပစ္စည်းအများစု၏ ဈေးနှုန်းမြင့်တက်လာပြီး၊ ဈေးကျသည့် ကုန်စည်မှာ အနည်းငယ်မျှသာရှိကြောင်း၊ ထောပတ်၊ ခေါက်ဆွဲနှင့် သံလွင်ဆီစသည့် ထုတ်ကုန်များသည် (၁၂) ရာခိုင်နှုန်းမှ (၁၃) ရာခိုင်နှုန်းအကြား ဈေးနှုန်းမြင့်တက်လာကြောင်း၊ ကော်ဖီ၊ အာလူး၊ နို့နှင့် လတ်ဆတ်ငါးဈေးနှုန်းများမှာ (၈) ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် ကုန်ကျစရိတ်ကြီးမြင့်မှုကို ကြုံတွေ့နေရသည်ဟု ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်းများအသင်းချုပ် (Federation of Belgian Food Industry-Fevia) က ပြောကြားကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် အထွေထွေငွေကြေးဖောင်းပွမှုနှုန်းသည် ယခုအခါ (၈.၃၁) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး၊ စပိန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ငွေကြေးဖောင်းပွမှု (၁၀) ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်ခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ၌ ငွေကြေးဖောင်းပွမှုနှုန်းမှာ (၅.၁) ရာခိုင်နှုန်းမှ (၇.၃) ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း သိရပါသည်။

စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် supply အကန့်အသတ် ရှိလာနိုင်သည့် အခြေအနေများကြောင့် ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်များ၌ ကုန်ပစ္စည်းပြတ်လပ်မှု ဖြစ်ပေါ်နိုင်သည့် ဖိအားများရှိလာကြောင်း၊ ဘယ်လ်ဂျီယံရှိ စူပါမားကတ်များအနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခ မဖြစ်ပွားမီကပင် ဥရောပ၌စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှုနှင့် ကမ္ဘာ့ကုန်စည်ဈေးနှုန်း ကြီးမြင့်လာမှုတို့ကြောင့် အမြတ်အစွန်းလျော့ကျလာသည့် အကျိုးဆက်များကို ကြုံတွေ့ခံစားခဲ့ကြရပြီးဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/business/214071/food-inflation-hits-highest-mark-since-1983-at-4-63

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.................................................................

## ယူကရိန်း-ရုရှား ပဋိပက္ခ၏ သက်ရောက်မှုကြောင့် ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများ စံချိန်တင် မြင့်တက်ခဲ့ခြင်း

ရုရှား-ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှုကြောင့် ဂျုံဈေးနှုန်းနှင့် သီးနှံကုန်ကြမ်းဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများ စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (FAO) က ထုတ်ပြန်သည့် အချက်အလက်များအရ အခြေခံစားကုန်များဖြစ်ကြသည့် နှံထွက်သီးနှံစားသောက်ကုန်များ၊ သကြားနှင့် ဟင်းသီးဟင်းရွက်ဆီများ၏ ကမ္ဘာ့ဈေးနှုန်းမှာ ယခင်ကထက်ပို၍ မြင့်တက်ခဲ့ကြောင်း Politico သတင်းဝက်ဘ်ဆိုဒ်တွင် “World food prices hit record high amid Ukraine war” ခေါင်းစဉ်ဖြင့် သတင်းရေးသားဖော်ပြထားပါသည်။

အဆိုပါ ပဋိပက္ခကြောင့် လယ်ယာထွက်စားသောက်ကုန်စည် ဈေးကွက်အပေါ် များစွာသက်ရောက်မှုရှိခဲ့ကြောင်း၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းရှိ အချို့နေရာဒေသများတွင် စားနပ်ရိက္ခာ အကျပ်အတည်းဖြစ်ပေါ်မည်ကို စိုးရိမ်မှုများရှိလာနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားပါသည်။

ဂျုံနှင့် နေကြာဆီကဲ့သို့သော ကုန်သွယ်မှုအများဆုံးပြုလုပ်သည့် စားသောက်ကုန် ကုန်စည်များ၏ ဈေးနှုန်းအပြောင်းအလဲများကို စောင့်ကြည့်လေ့လာသော FAO ၏ စားသောက်ကုန်ဈေးနှုန်း

ညွှန်းကိန်း (Food Price Index) အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် မတ်လ၌ ၎င်းကုန်စည်များ၏ ဈေးနှုန်းညွှန်းကိန်းသည် (၁၂.၆) ရာခိုင်နှုန်း ပိုမိုမြင့်မားလာခဲ့ကြောင်း၊ အဓိကအကြောင်းအရင်းမှာ ဂျုံဈေးနှုန်းနှင့် သီးနှံကုန်ကြမ်း ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု FAO ကဆိုကြောင်း ဖော်ပြထားပါသည်။ သို့သော် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကတည်းကပင် ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများသည် စံချိန်တင်မြင့်မားသည့် အခြေအနေတွင်ရှိနေခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကာလတွင် ကမ္ဘာ့ဂျုံဈေးနှုန်း သည် (၁၉.၇) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားပါသည်။

ရင်းမြစ် - https://www.politico.eu/article/world-food-prices-hit-new-record-high-amid-ukraine-war/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

..........................................................................................................

## ရုရှားနိုင်ငံမှ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး တင်သွင်းမှု ပိတ်ပင်ရေး ဥပဒေမူကြမ်းအား အမေရိကန်လွှတ်တော်နှစ်ရပ်တွင် ယနေ့ မဲခွဲဆုံးဖြတ်

အမေရိကန်နိုင်ငံတွင် ရုရှားနိုင်ငံမှ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတင်သွင်းမှုအား ပိတ်ပင်ရေး ဥပဒေမူကြမ်းအား ယနေ့ ၇-၄-၂၀၂၂ ရက်နေ့တွင် ဆီးနိတ်အထက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ကြကြောင်း၊ ထို့နောက် အဆိုပါကိစ္စရပ်အား အလျင်အမြန် အကောင်အထည်ဖော်နိုင်ရန် အောက်လွှတ်တော်သို့ ပေးပို့ပြီးနောက် သမ္မတဘိုင်ဒင်မှ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် သမ္မတရုံးသို့ အလျင်အမြန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း Bloomberg သတင်းဝဘ်ဆိုဒ်တွင် ၇-၄-၂၀၂၂ ရက်နေ့က ဖော်ပြထားပါသည်။

အမေရိကန်၏ ကုန်သွယ်ရေးပိတ်ပင်မှုတွင် ရေနံနှင့် အခြားလောင်စာဆီများပါဝင်ပြီး လက်ရှိချုပ်ဆိုထားပြီးသား အဝယ်စာချုပ်များ သဘော်တင်၊ ၃၂ နိုင်ရေးအတွက် ရက်ပေါင်း ၄၅ ရက်အားခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဥပဒေမူကြမ်းအား အောက်လွှတ်တော်တွင်လည်း ယနေ့ ၇-၄-၂၀၂၂ ရက်နေ့တွင်ပင် အထက်လွှတ်တော်မှ ပေးပို့လာသည်နှင့် ချက်ချင်း မဲခွဲဆုံးဖြတ်သွားမည်ဟု အောက်လွှတ်တော် ဥပဒေများကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ Mr. James P. McGovern ကပြောကြားခဲ့

ကြောင်း၊ မတ်လက အောက်လွှတ်တော်၌ ထောက်ခံမဲ ၄၁၄ နှင့် ကန့်ကွက်မဲ ၁၇ ဖြင့် အတည်ပြုခဲ့သည့် ရုရှားနိုင်ငံအား ကုန်သွယ်ရေးတားမြစ်ချက်ဥပဒေမူကြမ်းပြီးနောက် အထက်လွှတ်တော်က ချက်ချင်းရေးဆွဲသည့် ဥပဒေကြမ်းဖြစ်ပြီး ချက်ချင်း မဲခွဲဆုံးဖြတ် အတည်ပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ရုရှားသမ္မတပူတင်နှင့် ၎င်းအစိုးရအဖွဲ့အား စီးပွားရေးဖိအားကို နည်းမျိုးစုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုရှားသမ္မတပူတင်အနေနှင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ရရှိခဲ့သည့် စီးပွားရေးတောင့်တင်းမှုအင်အားနှင့် နဲနဲလေးတောင် မထိုက်တန်တော့ကြောင်း၊ အမေရိကန်-ရုရှားနှစ်နိုင်ငံ ကုန်သွယ်ရေးဆက်နွယ်မှု အဆုံးသတ်ပြီး အပယ်ခံနိုင်ငံအဖြစ်ရောက်ရှိအောင် ရုရှားသမ္မတပူတင် ကိုယ်တိုင်ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ Mr. Ron Wyden က ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

Source: [https://www.bloomberg.com/news/articles/2022-04-07/u-s-senate-to-vote-on-russian-crude-oil-ban-send-to-house](https://www.bloomberg.com/news/articles/2022-04-07/u-s-senate-to-vote-on-russian-crude-oil-ban-send-to-house)

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

........................................................................................................

## ထိုင်း အမျိုးသားရေကြောင်းပို့ဆောင်ရေးကောင်စီ(TNSC) အနေဖြင့် ပို့ကုန်တိုးတက်မှု(၅%) သာရရှိနိုင်ကြောင်း ခန့်မှန်းခြင်း

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် မသေမချာမရေရာမှုများ၊ ကုန်ကြမ်းပြတ်လပ်မှုများနှင့် ဈေးနှုန်းမတည်ငြိမ်မှုများ၊ အလုပ်သမားခကြီးမြင့်မှုများကြောင့် ထိုင်းနိုင်ငံ၏ပို့ကုန်တိုးတက်မှုမှာ ယခင်ခန့်မှန်းချက်ဖြစ်သည့်(၅-၈%)မှ(၅%) သာတိုးတက်နိုင်ကြောင်း ထိုင်းပြည်ပသင်္ဘောတင်သူများအုပ်စုက ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ထိုင်းအမျိုးသား ရေကြောင်းပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌဖြစ်သူChaichan Chareonsuk ကၡင်းတို့အနေဖြင့် ရုရှား ယူကရိန်းပဋိပက္ခ၏ အကျိုးသက်ရောက်မှုနှင့် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကချမှတ်ထားသော ကုန်သွယ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာပိတ်ဆို့အရေးယူမှုများအပေါ် အနီးကပ်စောင့်ကြည့်လေ့လာ သုံးသပ်လျှက်ရှိနေကြောင်း ပြောကြားခဲ့ပါသည်။ အထူးသဖြင့် ကုန်ကြမ်းနှင့် စွမ်းအင်ဈေးနှုန်းများမြင့်မားမှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လာမှုအတွက်

ကမ္ဘာကြီးနှင့် ထိုင်းနိုင်ငံတို့၏ စီးပွားရေးအပေါ် ကြီးမားသောသက်ရောက်မှုရှိကြောင်း သိရှိရပါသည်။

ရုရှား-ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှုကြောင့် ထိုင်းနိုင်ငံ၏အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ အမှာစာမှာယူမှုများမှာ နှေးကွေးသွားဖွယ်ရာရှိနေကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံအကြား တိုက်ပွဲများ အကန့်အသတ်နှင့် ရှိနေသရွေ့ နိုင်ငံခြားငွေလဲနှုန်းသည် အမေရိကန်တစ်ဒေါ်လာလျှင် ပျမ်းမျှအားဖြင့်(၃၃) ဘတ်ဖြင့်ရှိနေမည်ဆိုပါက ထိုင်းပို့ကုန်များအနေဖြင့် တစ်နှစ်ပတ်လုံးအတွက် တိုးတက်မှု(၅%) ရရှိလိမ့်မည်ဟု မျှော်လင့်ရကြောင်းMr.Chaichan က ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ပို့ကုန်တိုးတက်မှု(၁၇.၁%) ရရှိခဲ့ပါသည်။

ယခုနှစ် ပထမနှစ်လတွင် ထိုင်းနိုင်ငံအနေဖြင့် ပြည်ပတင်ပို့မှုအမေရိကန်ဒေါ်လာ (၄၄.၇) ဘီလီယံ ရရှိခဲ့ကြောင်း၊ ၎င်းမှာ(၁၂.၂%) ပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း(၁၈.၇%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၄၇.၁) ဘီလီယံ ရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၂.၄) ဘီလီယံ ရှိခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ရုရှား-ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှုအပေါ် အနီးကပ်စောင့်ကြည့်သွားရန်နှင့် မတ်လနှင့် ဧပြီလတွင် သိသာရှင်းလင်းစွာ မြင်တွေ့ရဖွယ်ရှိကြောင်း ပြောကြားခဲ့ပါသည်။

Mr.Chiaichan ၏ အဆိုအရ ထိုင်းပို့ကုန်များအတွက် အဓိကအန္တရာယ်မှာပြင်းထန်နေဆဲ ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပြီး ၎င်းပဋိပက္ခမှာ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အပေါ်တိုက်ရိုက်သက်ရောက်လျှက်ရှိနေကြောင်းနှင့် ပို့ကုန်ဦးတည်သည့် ထုတ်လုပ်မှုများအပေါ်ကိုလည်း အနှောင့်အယှက်ဖြစ်စေကြောင်းပြောကြားခဲ့ပါသည်။

ရုရှားနိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးမားဆုံး ရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့ထုတ်လုပ်မှု၏ (၁၁%) ရှိကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ဆီမီးကွန်ဒတ်တာများ၊ စတီးများ၊ အစေ့အဆန်များ၊ မြေရှားသတ္တုများ၊ မြေသြဇာထုတ်လုပ်ရာတွင် အသုံးပြုသည့်ကုန်ကြမ်းများစသည့်ကုန်ကြမ်းပစ္စည်းများ ရှားပါးခြင်း(သို့မဟုတ်) ဈေးနှုန်း မတည်မငြိမ်ဖြစ်ခြင်းတို့ကို ဖြစ်ပေါ်စေကာ ထောက်ပံ့ပို့ဆောင်မှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို မြင့်မားစေကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………………..

## ထိုင်းနိုင်ငံအနေဖြင့် တယ်လန်ဂါနာ (Telangana )ပြည်နယ်နှင့် ကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်ခြင်း

ထိုင်းနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သည့် တယ်လန်ဂါနာ (Telangana) ပြည်နယ်နှင့် အသေးစားလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်(Mini FTA) မှ တစ်ဆင့် ပိုမိုလေးနက်သော ကုန်သွယ်မှုများအား ထူထောင်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MOU)ကို (၁၁.၄.၂၀၂၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်၏ အဆိုအရ ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုတွင် ဈေးကွက်သတင်းအချက်အလက်နှင့် မူဝါဒအစီအစဉ်များနှင့် လက်တွေ့ဆောင်ရွက်မှု အလေ့အကျင်းများနှင့် ပတ်သက်၍ အပြန်အလှန် ဖလှယ်ရေးအစီအစဉ်များ၊ စီးပွားရေးကဏ္ဍများအတွက် မူဝါဒရေးဆွဲမှုများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပံ့ပိုးမှု အစီအစဉ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စက်မှုပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖက်စပ်လုပ်ငန်းများ ထူထောင်ခြင်းတို့ပါဝင်ကြောင်း သိရှိရပါသည်။

ထို့အပြင် ထိုင်းနိုင်ငံနှင့် တယ်လန်ဂါနာ (Telangana) ပြည်နယ်အကြားရှိ SMEs များအပါအဝင် စီးပွားရေးကဏ္ဍများ၏ တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန်အတွက် လုပ်ငန်းချိတ်ဆက်မှုများနှင့် အစုအဖွဲ့လိုက်ဖွံ့ဖြိုးတိုးတက်မှုများ ပါဝင်ပါသည်။ Mini FTA အနေဖြင့် နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ၊ လုပ်ငန်းဆိုင်ရာအစည်းအဝေးပွဲများ၊ စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲများ၊ ကုန်စည်ပြပွဲများနှင့် ကုန်သွယ်ရေးမစ်ရှင်အဖွဲ့များစေလွှတ်ခြင်း၊ တစ်ဖက်စီမှစီစဉ်သည့် သက်ဆိုင်ရာအခမ်းအနားများ၊ နှစ်ဖက်ပူးပေါင်းစီစဉ်သည့် လုပ်ငန်းဆိုင်ရာပွဲများကို လွယ်ကူချောမွေ့အဆင်ပြေစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

နှစ်ဖက်ပါဝင်သူ အသီးသီး၏ Website (သို့မဟုတ်) ဒီဂျစ်တယ်ပလက်ဖေါင်းတို့အား ချိတ်ဆက်ရေး၊ ဥပမာအားဖြင့် ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ thaitrade.com နှင့် တယ်လန်ဂါနာ (Telangana) ပြည်နယ်၏ Global link တို့အား ချိတ်ဆက်ထားမည်ဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ပါဝင်သူ Start up များနှင့် SMEs များကို ကမ္ဘာ့အသိုင်းအဝန်းနှင့် ချိတ်ဆက်ပေးရန်ဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းများအနေဖြင့် ဒေသတွင်းနယ်နိမိတ်ကို ကျော်လွန်၍ကြီးထွားလာစေရေး ကူညီအားပေးရန်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင်တီလန်ဂါနာ(Telangana) အနေဖြင့် ထိုင်းရင်းနှီးမြှုပ်နှံသူများကို အိန္ဒိယပြည်နယ်တွင် ၎င်းတို့၏ စက်ရုံများထူထောင်ရေး လိုအပ်သောခွင့်ပြုချက်များရရှိစေရန် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ထိုင်းလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဒေသတွင်း ဝယ်လိုအားနှင့် အလုပ်အကိုင်ရရှိမှုကို အမြင့်ဆုံးဖြစ်အောင် ကျိုးပမ်းကာ တီလန်ဂါနာ(Telangana)နှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

တီလန်ဂါနာ(Telangana) သည် အိန္ဒိယနိုင်ငံ၏တောင်ဖက် အလယ်ပိုင်းဒေသတွင်တည်ရှိပါသည်။ ၎င်းသည် (၂၈) ခုမြောက်အဖြစ်အသစ်ဖွဲ့စည်းထားသောပြည်နယ်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ဇွန်လ(၂) ရက်နေ့တွင်စတင်၍ တရားဝင်ဖွဲ့စည်းထူထောင်ခဲ့ပြီး လူဦးရေသန်း(၄၀)ခန့်ရှိကြောင်း၊ ဟိုက်ဒရာဘတ်(Hyderabad) မှာ မြို့တော်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၀ နှင့်၂၀၂၁ ခုနှစ်တွင် အဆိုပါပြည်နယ်၏ GDP မှာ အမေရိကန်ဒေါ်လာ(၁၃၂)ဘီလီယံရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီးပွားရေးသို့(၅%) ထည့်ဝင်ခဲ့ကြောင်း၊ တီလန်ဂါနာ(Telangana)သည် GDP ထည့်ဝင်မှုတွင် အိန္ဒိယနိုင်ငံ၏(၆) ခုမြောက် အကြီးဆုံးပြည်နယ်ဖြစ်ကြောင်း၊ ယမန်နှစ်က GDP တိုးတက်မှု(၂.၄%) ရှိခဲ့ကြောင်း၊ တီလန်ဂါနာ(Telangana) သည် စီးပွားရေးလုပ်ငန်းများစွာတို့ တည်ရှိသည့် စီးပွားရေးအချက်အချာ ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် ITနှင့် ဆေးဝါးထုတ်ကုန်များမှာကျော်ကြားလှကြောင်း၊ Cyberabad နှင့် Genome Valleyအမည်များဖြင့် လူသိများထင်ရှားကြောင်း သိရှိရပါသည်။

မစ္စတာဂျူရင်က ထိုင်းနှင့် အိန္ဒိယနှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုသည် ယခုနှစ်တွင်(၄-၅%) တိုးချဲ့နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင်ဘတ်ငွေ(၄၇၄) ဘီလီယံရှိခဲ့ပြီး ၎င်းမှာ ၂၀၂၀ ခုနှစ်ကထက်(၅၅.၈%) တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ မစ္စတာဂျူရင်၏ အဆိုအရ တီလန်ဂါနာ (Telangana) အပြင် Maharashtra၊ Karnataka ၊ Kerala ၊ Gujarat ၊ Assam စသည့် ပြည်နယ်(၅) ခုနှင့်လည်း အလားတူ Mini-FTAs များ ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်နေကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် Mini FTAs များကို အခြားနိုင်ငံများနှင့်လည်း လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဂျပန်နိုင်ငံအလယ်ပိုင်းရှိ Cofu မြို့တော်နှင့်လည်းကောင်း၊ တရုတ်နိုင်ငံရှိ ဟိုင်နမ်ပြည်နယ်နှင့်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဧပြီလ(၂၇) ရက်နေ့တွင်

တရုတ်နိုင်ငံ Gansu ပြည်နယ်နှင့် Mini FTAs လက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက်လျှက်ရှိနေကြောင်း သိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

.....................................................

## ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်ဈေးကွက်ချဲ့ထွင်ရန် FTAs များကို ပိုမိုစဉ်းစားလာခြင်း

ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အာဖရိက၊ လက်တင်အမေရိကနိုင်ငံများနှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (FTAs) ဆိုင်ရာများကို ယခုနှစ် ဒုတိယနှစ်ဝက်ပိုင်းတွင် လေ့လာသွားရန်စီစဉ်ထားကြောင်းသိရှိရပါသည်။

ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Auramon Supthaweethum က ဌာနအနေဖြင့် အဆိုပါလေ့လာမှုအတွက် (၆) လမှ (၁၂) လခန့်အထိ ကြာမြင့်မည် ဟုခန့်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။

လေ့လာမှုအတွင်း သက်ဆိုင်သူအားလုံးကို ၎င်းတို့၏ သဘောထားများအား ထုတ်ဖော်ပြောကြားခွင့်ဖြင့် လူထုကြားနာပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သူမက ပြောကြားခဲ့ပါသည်။ Mrs. Auramon ၏အဆိုအရ FTAs အသစ်များနှင့်ပတ်သက်သော လေ့လာဆန်းစစ်မှုများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်ဦးဆောင်ကျင်းပခဲ့သည့် အစိုးရနှင့် ပုဂ္ဂလိကပူးတွဲကော်မတီအစည်းအဝေးတွင် ပုဂ္ဂလိကဖက်မှ အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် နိုင်ငံပေါင်း(၁၈) နိုင်ငံတို့နှင့် FTAs ပေါင်း(၁၄) ခုရှိပြီး ယခုနှစ်အစောပိုင်းကစတင်အသက်ဝင်ခဲ့သည့် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှု၏ အဖွဲ့ဝင်လည်းဖြစ်ပါသည်။ နိုင်ငံခြားကုန်သွယ်မှုဌာန၏အဆိုအရ ထိုင်းပို့ကုန်လုပ်ငန်းရှင်များ၏ FTAs အသုံးပြုမှုသည်၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၇၆.၃) ဘီလီယံရှိပြီး ၎င်းမှာ(၆) နှစ်အတွင်း အမြင့်မားဆုံးဖြစ်ကြောင်း သိရှိရပါသည်။ ယမန်နှစ်က FTAs အခွင့်အရေးအသုံးချမှုသည်(၇၈.၂%) မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် FTAs အသုံးချမှုသည် (၇၆.၅%) သာမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

FTAs ပေါင်း(၁၄) ခုအောက်တွင် FTAs အခွင့်အရေးအပေါ် အများဆုံး အသုံးချမှုများအနေဖြင့် အာဆီယံ(အမေရိကန်ဒေါ်လာ၂၆.၃ ဘီလီယံ ၃၅.၉%)၊ တရုတ်(အမေရိကန် ဒေါ်လာ၂၅.၃ ဘီလီယံ၊ ၃၃.၂%)၊ ဂျပန်(အမေရိကန်ဒေါ်လာ၆.၆၉ ဘီလီယံ၊ ၈..၄၉%)၊ ဩစတြေးလျ အမေရိကန်ဒေါ်လာ၆.၁၅ ဘီလီယံ၊၂၃.၂%)၊ အိန္ဒိယ(အမေရိကန်ဒေါ်လာ၅၂၃ သန်း၊ ၁၉.၉%) စသည်ဖြင့် အသီးသီးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

FTAs အခွင့်အရေးအပေါ် အများဆုံးအသုံးချသည့်ထိပ်တန်းထုတ်ကုန်(၅) ခုမှာ အလေးချိန်(၅) တန်ထက်မပိုသည့် ကုန်တင်ကား(Truck) များ၊ လတ်ဆပ်သည့်ဒူရင်းသီးများ၊ (၂,၅၀၀ cc) အင်ဂျင်ပါဝါရှိသည့် ခရီးသည်တင်ကားများ၊ သဘာဝရာဘာထုတ်ကုန်များနှင့် ကြက်သားတို့ဖြစ်ကြောင်း သိရှိရပါသည်။

FTAs အခွင့်အရေးကို အသုံးပြုတင်သွင်းလာသည့် သွင်းကုန်များအနေဖြင့် ၂၀၂၁ ခုနှစ်တွင်(၂၈.၅%)မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၄၄.၉)ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့်၂၀၂၀ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ပူးတွဲကုန်သွယ်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည့် ဗြိတိန်နိုင်ငံနှင့် FTAs ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုအစီရင်ခံစာအား တင်ပြခဲ့ကြောင်းသိရှိရပါသည်။ ဗြိတိန်နိုင်ငံအနေဖြင့် ပထမဦးဆုံးကော်မတီအစည်းအဝေးကို လန်ဒန်မြို့တွင် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပရန် အဆိုပြုခဲ့ကြောင်း သူမက ပြောကြားခဲ့ပါသည်။

ထိုင်း– ဗြိတိန် စီးပွားရေးဦးဆောင်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ထိုင်းစီးပွားရေးခေါင်းဆောင်များအား အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း၊ အထူးသဖြင့် လယ်ယာထွက်ကုန်၊ အစားအစာ၊ အဖျော်ယမကာ၊ ဘဏ္ဍာရေး၊ ကျန်းမာရေးနှင့် ဒီဂျစ်တယ်စသည့် စီးပွားရေးကဏ္ဍများအား စီးပွားရေးအခွင့်အလမ်းများရှာဖွေနိုင်ရန်နှင့် စီးပွားရေးဆက်ဆံမှုများအား ခိုင်မာစေရေးဆောင်ရွက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေးသည် ထိုင်းနှင့် ဗြိတိန်နိုင်ငံတို့အကြား FTAs ဆိုင်ရာစေ့စပ် ညှိနှိုင်းမှုအတွက် ကုန်သွယ်မှုဆိုင်ရာ လမ်းကြောင်း(Channel) သစ်တစ်ခုဟုယူဆကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုဌာနအနေဖြင့် ထိုင်း– ဗြိတိန် FTAs ၏ အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်လျှက်ရှိနေကြောင်းနှင့် လေ့လာဆန်းစစ်မှုများကို မကြာမီအပြီးသတ်နိုင်ရန် မျှော်လင့်ထားကြောင်းသိရှိရပါသည်။

Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## Fruit Logistica ကုန်စည်ပြပွဲတွင် မြန်မာကုမ္ပဏီ ပါဝင်ပြသ

ဂျာမနီနိုင်ငံဘာလင်မြို့တွင် ၂၀၂၂ ခုနှစ် ဧပြီလ ၅ ရက်မှ ၇ ရက်နေ့အထိ Messe Berlin က ကြီးမှူး၍ လတ်ဆတ် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များနှင့် တန်ဘိုးမြှင့်ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းပညာပိုင်း ပြသမှုများ၊ ထောက်ပံ့ပို့ဆောင်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆွေးနွေးပွဲများ၊ ဖိုရမ်များဖြင့် Fruit Logistica ကုန်စည်ပြပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ ပြပွဲတွင် မြန်မာနိုင်ငံမှ Myanmar Golden Produce ကုမ္ပဏီသည် ၁၆ စတုရန်းမီတာပြခန်းတစ်ခုစာ ပေးသွင်းရယူ၍ စိန်တစ်လုံး သရက်သီး၊ သရက်သီးခြောက်နှင့် အနှစ်(Puree) များ၊ ချဉ်ပေါင်သီးခြောက်(Roselle) များကို မိတ်ဆက်ပြသခဲ့ပါသည်။ ပြပွဲကာလအတွင်း မြန်မာ့သရက်သီးထုတ်ကုန်များကို ဥရောပ၊ အရှေ့အလယ်ပိုင်း စသည့်နိုင်ငံများမှ အဝယ်တော်ကုမ္ပဏီများ၊ တဆင့်ဖြန့်ဖြူးသူများ၊ဈေးကွက်စတင်မိတ်ဆက်လိုသူများ၏ စိတ်ဝင်စားမှုရရှိပြီး ပြပွဲပြီးနောက် အဓိက ဆက်လက်ဆက်သွယ်ဆောင်ရွက်ရန်နှင့် နမူနာ ပစ္စည်းပို့ဆောင်ရမည့် ကုမ္ပဏီပေါင်း(၁၀) ခုခန့် ရရှိခဲ့ပါသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ပထမဆုံးအကြိမ် ပါဝင်ပြသခြင်းဖြစ်ပြီး ပြပွဲစီစဉ်ကျင်းပသူများကလည်း လာရောက်၍ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားခဲ့ပါသည်။ Myanmar Golden Produce ကုမ္ပဏီ၏ ထုတ်ကုန်ပစ္စည်းများသည် သဘာဝအတိုင်း ထုတ်လုပ်ထားပြီး သကြားနှင့်ဓာတုပစ္စည်းများရောနှောပါဝင်ခြင်း မရှိခြင်းကြောင့် လာရောက်လေ့လာသူများ၏ စိတ်ဝင်စားနှစ်သက်မှုရရှိပြီး သရက်သီးတန်ဘိုးမြှင့် ထုတ်ကုန်ပစ္စည်းများကို အောင်မြင်စွာ ပြသနိုင်ခဲ့ပါသည်။ ထို့အတူ စိန်တစ်လုံးသရက်သီးကို ဥရောပနိုင်ငံများမှ သိရှိစေရန် စတင်မိတ်ဆက်နိုင်ခဲ့ပါသည်။ Myanmar Golden Produce အနေနှင့် ISO22000 Certificate ကို မကြာမီရရှိတော့မည့်အဆင့်တွင်ရှိနေပြီး လာရောက်ဆွေးနွေးသည့်ကုမ္ပဏီများကလည်း အဆိုပါ Certificate ဖြင့် ဈေးကွက်ဝင်ရောက်မှုကို လက်ခံ အသိအမှတ်ပြုကြပါသည်။ ဆွေးနွေးခဲ့ သည့်ကုမ္ပဏီများအနက် ပြပွဲပြီးနောက် Slovakia နိုင်ငံ Elfrutas co., က စတင်ဆက်သွယ်လာပြီး ထုတ်ကုန်များအပေါ်စိတ်ကျေနပ်မှုရှိပြီး ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ Certificate ရရှိနိုင်မည့်အချိန်ကိုသိရှိလိုကြောင်း စသည်ဖြင့် ဆက်သွယ်ပြောကြားလာပါသည်။ အမေရိကန်နိုင်ငံနှင့် ယူကေနိုင်ငံကုမ္ပဏီများကလည်း ပေးပို့ရမည့် အသေးစိတ်အချက်အလက်များနှင့် မေလအတွင်း ထုတ်ကုန်နမူနာများ ပေးပို့ပေးရန်တို့ကို အတည်ပြုဆက်သွယ်လာကြပါသည်။ MGP အနေဖြင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ သည့်ကုမ္ပဏီများနှင့် follow up ဆက်လက်ပြုလုပ်လျှက်ရှိပါသည်။

၂၀၂၂ခုနှစ် **Fruit Logistica** ပြပွဲသို့ နိုင်ငံပေါင်း(၈၇)နိုင်ငံမှ လာရောက်ပြသသူပေါင်း (၂၀၀၀) ခန့်ရှိခဲ့ပြီး နိုင်ငံပေါင်း(၁၁၅) နိုင်ငံမှ အဝယ်တော်များနှင့် လေ့လာကြည့်ရှုသူများ လာရောက်ခဲ့ကြပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………………………………………

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၁၆ / ၂၀၂၂)                                                    ၂၀၂၂ ခုနှစ်၊ ဧပြီလ(၂၈) ရက်


| ၂၈-၄-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၉၄၆.၇ |
| စင်္ကာပူဒေါ်လာ | ၁၃၃၄.၆ |
| စတာလင်ပေါင် | ၂၃၁၉.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၄၁၂.၉ |
| တရုတ်ယွမ် | ၂၇၉.၇၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၇၉ |
| အိန္ဒိယရူပီး | ၂၄.၁၆၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၅.၂၇ |
| မလေးရှား ရင်းဂစ် | ၄၂၃.၅၃ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၃၅၅ |
| ထိုင်းဘတ် | ၅၃.၆၆၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၅၉၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း ဘရာဇီးလ်နိုင်ငံတွင် ပဲပုတ်စေ့ ပြည်တွင်းကြိတ်ခွဲမှုများ စံချိန်တင်မြင့်တက်ခဲ့
  - ခါတ်မြေသြဇာတင်ဆောင်လာသော ရုရှသင်္ဘော ၂၇ စင်း ဘရာဇီးလ်နိုင်ငံ ဆိပ်ကမ်းသို့ မကြာမီ ရောက်ရှိမည်
  - သြစတြေးလျ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍ တိုးတက်ကြီးထွားလာခြင်း
  - ဈေးနှုန်းများ တဟုန်ထိုးတက်နေသည့် သြစတြေးလျ လယ်ယာမြေများကြောင့် နိုင်ငံခြားရင်းနှီးမြုပ်နှံသူများ စိတ်ဝင်စားမှုလျော့နည်းနေခြင်း
  - တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် တောင်ပိုင်းသြစတြေးလျ ဝိုင်လုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိခြင်း

- **အထွေထွေသတင်းများ**
  - ယူကရိန်းစစ်ပွဲကြောင့် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးနိုင်ကြောင်း IMF ၏ ခန့်မှန်းချက်အား တင်ပြခြင်း
  - အမေရိကန်နိုင်ငံ၊ ဈေးကွက်နှင့် မူဝါဒ ချိတ်ဆက်ပေးသည့် Poligage ကုမ္ပဏီ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Ms.Christine Davies နှင့် တွေ့ဆုံဆွေးနွေးခြင်း
  - ထိုင်းနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ
  - ဂျပန်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ

- ရုရှား-ယူကရိန်းပဋိပက္ခကြောင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ယူကရိန်း၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချခန့်မှန်းခဲ့ခြင်း
- နယ်သာလန်နိုင်ငံသည် အီးယူတွင် ယူကရိန်းနိုင်ငံမှ နေကြာဆီကိုအများဆုံးတင်သွင်းသူအဖြစ် ရပ်တည်ခဲ့ခြင်း
- ဘယ်လ်ဂျီယံနိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်ငန်းများ၏ (၄၀) ရာခိုင်နှုန်းက လုပ်ငန်းလျှော့ချရန် စီစဉ်လျက်ရှိခြင်း
- ဟောင်ကောင်ဒေသရှိ ကုန်တိုက်/စျေးဆိုင်များတွင် Easter Holiday အတွင်း ကုန်ပစ္စည်းအရောင်းအဝယ်များ (၅၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်း
- ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များဖြေလျှော့ပေးပြီးနောက် စီးပွားရေးလုပ်ငန်းများအနေဖြင့် အလုပ်သမားများရရှိရန် အခက်အခဲနှင့် ကြုံတွေ့လျက်ရှိခြင်း
- ဂျာမနီနိုင်ငံတွင် လောင်စာစွမ်းအင်တင်သွင်းမှုအပေါ် ကန့်သတ်မှုနှင့် စီစဉ်ဆောင်ရွက်မှုများ

## ၂၀၂၂ ခုနှစ် ပထမ ၂ လတာကာလအတွင်း ဘရာဇီးလ်နိုင်ငံတွင် ပဲပုတ်စေ့ပြည်တွင်း ကြိတ်ခွဲမှုများ စံချိန်တင်မြင့်တက်ခဲ့

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းတွင် ပဲပုတ်စေ့ပြည်တွင်းကြိတ်ခွဲမှုများ စံချိန်တင်မြင့်တက်ခဲ့ပြီး ပဲပုတ်ဆီကြိတ်ခွဲရန်အတွက် ပဲပုတ်စေ့တန်ချိန် ၅.၆ သန်းအထိ အသုံးပြုခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူကြိတ်ခွဲမှုနှင့် နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း ဘရာဇီးလ် ဟင်းသီးဟင်းရွက်ဆီလုပ်ငန်းရှင်များအသင်း (Brazilian Association of Vegetable Oil Industries – Abiove)၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံသည် ပြည်ပသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှမတ်လအထိ ပဲပုတ်စေ့ တန်ချိန် ၂၁ သန်း၊ ပဲပုတ်ထွက်ကုန်တန်ချိန် ၄.၅ သန်းနှင့် ပဲပုတ်ဆီတန်ချိန် ၄၈၀,၀၀၀ တို့ကို တင်ပို့ခဲ့ကြောင်း၊ ယခင်နှစ် ကာလတူတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပဲပုတ်စေ့တွင် ၃၆ ရာခိုင်နှုန်း၊ ပဲပုတ် ထွက်ကုန်တွင် ၄၂ ရာခိုင်နှုန်းနှင့် ပဲပုတ်ဆီတင်ပို့မှုတွင် ၁၂၇ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက် တင်ပို့ထားကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန(Secretariat of Foreign Trade –Secex)၏ အချက်အလက်များကို ကိုးကား၍ ဆီအသင်း(Abiove) ၏ သတင်းတွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် သီးနှံရိတ်သိမ်းရာသီတွင် ရာသီဥတုဖောက်ပြန်ခဲ့မှုကြောင့် ပဲပုတ်စေ့ ရိတ်သိမ်းမှုများနောက်ကျခဲ့သဖြင့် ကြိတ်ခွဲချိန်လည်းနောက်ကျခဲ့ကြကြောင်း၊ ထို့ကြောင့် ယခင်ရာသီကထွက်ရှိခဲ့သည့်သီးနှံများအား ၂၀၂၂ ခုနှစ်သီးနှံကာလအတွင်းတွင် ဆက်လက် ကြိတ်ခွဲရလျက်ရှိရာ ၂၀၂၂ ခုနှစ်အတွက် ဘရာဇီးလ်နိုင်ငံအပေါ် နိုင်ငံတကာ၏ ကြိုတင်ခန့်မှန်းထားသည့် ပဲပုတ်စေ့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ကြိတ်ခွဲမှုဆိုင်ရာအချက်အလက်များတွင် ကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း Abiove ၏ သတင်းတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်အတွင်း ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တင်ပို့နိုင်မည့်ပမာဏအား ယခင်က တန်ချိန် ၇၇.၇ သန်းအထိ တင်ပို့နိုင်ရန်ခန့်မှန်းခဲ့သော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းတွင် အသင်းမှထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ ၇၇.၂ သန်းသို့ လျှော့ချခန့်မှန်းခဲ့ကြောင်း၊ ထို့အပြင် ပြည်တွင်း ကြိတ်ခွဲမှုအတွက် ပဲပုတ်စေ့တန်ချိန် ၄၈ သန်းအထိအသုံးပြုပြီး ပဲပုတ်ဆီ တန်ချိန် ၉.၇ သန်းနှင့် ပဲပုတ်ခွံ ၃၆.၇ သန်းတို့ကိုထုတ်လုပ်နိုင်ရန် ခန့်မှန်းထားကြောင်း၊ ပဲပုတ်စေ့ပြည်တွင်း လက်ကျန် ပမာဏကိုလည်း ပြန်လည်တွက်ပြီး ခန့်မှန်းချက်များထုတ်ပြန်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထား သည်။

Agribusiness & Trade

ကမ္ဘာ့ဈေးကွက်တွင် ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်နေမှုအခြေအနေများကြောင့် ၂၀၂၂ ခုနှစ် နှစ်ကုန်ဆုံးချိန်တွင် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့နှင့်ပဲပုတ်စေ့ထွက်ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅.၉၂ ဘီလီယံအထိ စံချိန်တင်ရရှိနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

.........................................................................

## ဓာတ်မြေဩဇာတင်ဆောင်လာသော ရုရှသင်္ဘော ၂၇ စင်း ဘရာဇီးလ်နိုင်ငံဆိပ်ကမ်းသို့ မကြာမီ ရောက်ရှိမည်

ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများ အမြောက်များတင်ပို့လျက်ရှိသည့်နိုင်ငံဖြစ်ပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် အခြားနိုင်ငံများ၏ လယ်ယာထွက်ကုန်စားနပ်ရိက္ခာများ ဖူလုံမှုရှိစေရေးတို့အတွက် ဘရာဇီးလ်နိုင်ငံ၏စိုက်ပျိုးရေးသည် အလွန်အရေးပါသည့်အခန်းကဏ္ဍတွင်ရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာဝယ်ယူရရှိနိုင်ရေးအတွက် ပြည်ပနိုင်ငံများရှိအစိုးရနှင့် လုပ်ငန်းရှင်များအားချိတ်ဆက်ဆွေးနွေးဝယ်ယူတင်သွင်းလျက်ရှိကြောင်း ဘရာဇီးလ်သမ္မတ Jair Bolsonaro က ဧပြီလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် စိုက်ပျိုးရေးအတွက်ဓာတ်မြေဩဇာများကို ရုရှနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့မှအဓိကတင်သွင်းခဲ့သော်လည်း လတ်တလော ရုရှ-ယူကရိန်း ပဋိပက္ခများဖြစ်ပွားနေချိန်တွင် အခြားဓာတ်မြေဩဇာထုတ်လုပ်သည့် နိုင်ငံများသို့လည်း ချိတ်ဆက်ဝယ်ယူခဲ့ကြောင်း၊ သို့ရာတွင် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရန်နှင့်တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိရန်အတွက် ပုံမှန်အခြေအနေသို့မရောက်ရှိသေးကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုများ ကျဆင်းမှုမရှိစေရန်နှင့် ဘရာဇီးလ်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဓာတ်မြေဩဇာလုံလောက်စွာဝယ်ယူရရှိနိုင်ရေး ရုရှနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကြောင်း သမ္မတ Bolsonaro က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဘရာဇီးလ်နိုင်ငံအတွက်ဓာတ်မြေဩဇာများ သယ်ဆောင်လာသည့် သင်္ဘော ၂၇ စင်းသည် ရုရှနိုင်ငံမှ စတင်ထွက်ခွာလာပြီဖြစ်ကြောင်း၊ ကမ္ဘာ့စျေးကွက်တွင် ဓာတ်မြေဩဇာများဝယ်ယူရရှိရန် ပြတ်လပ်နေချိန်တွင် ဘရာဇီးလ်နိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များအတွက် ဓာတ်မြေဩဇာများအား လုံလောက်စွာဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သမ္မတ Bolsonaro က ပြောကြားခဲ့သည်။

ထို့အပြင် ကမ္ဘာ့နိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက် လယ်ယာထွက်ကုန် သီးနှံများပိုမိုတိုးမြှင့်တင်ပို့ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization– WHO) က ဘရာဇီးလ်နိုင်ငံသို့ မေတ္တာရပ်ခံထားကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအတွက် အလွန်အရေးပါလျက်ရှိနေသဖြင့် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတိုးတက်တင်ပို့နိုင်ရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းလုပ်ဆောင်ကြရန်လိုအပ်ကြောင်း Bolsonaro က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.................................................................................................................

## ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍ တိုးတက်ကြီးထွားလာခြင်း

ယခုနွေရာသီတွင် ဩစတြေးလျ ကောက်ပဲသီးနှံစိုက်တောင်သူများသည် စံချိန်တင်သီးနှံရိတ်သိမ်းနိုင်ခဲ့ရာ စုစုပေါင်း တန်ချိန် ၆၁.၉ သန်းခန့်သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ ကမ္ဘာ့အကြီးဆုံးကောက်ပဲသီးနှံထုတ်လုပ်သည့် ယူကရိန်းနိုင်ငံကျူးကျော်ခံရပြီးနောက်ပိုင်း ခိုင်မာပြီးသားဖြစ်သည့် ကောက်ပဲသီးနှံဈေးနှုန်းများမှာ မြင့်တက်လာခဲ့သည်။

ဩစတြေးလျအနောက်ပိုင်း Kwinana မှ တင်ပို့နေသည့် ကာနိုလာ ဆီထွက်သီးနှံသည် တစ်တန်လျှင် ဩစတြေးလျဒေါ်လာ ၁၂၀၀ ကျော်ရရှိခဲ့ပြီး၊ လွန်ခဲ့သည့်တစ်နှစ်အတွင်း ပေါက်ဈေးထက် ၇၂ % မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင်ကျွဲ၊ နွားဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိသည်။ ဒါဝင်မြို့မှ အင်ဒိုနီးရှားနိုင်ငံသို့ တိုက်ရိုက်တင်ပို့လျက်ရှိသည့် နွားထီး (Light Steers) များ

သည် ၁ ကီလိုဂရမ်လျှင် ဩစတြေးလျ ဒေါ်လာ ၅.၅၀ တန်ကြေးရှိပြီး၊ တစ်နှစ်ထက်တစ်နှစ် ၁၁၂ % မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် စိုက်ပျိုးမွေးမြူရေး ပြုလုပ်သည့် လယ်ယာမြေဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။ Core Logic data က စိစစ်ထားသော အချက်အလက်များအရ ဩစတြေးလျလယ်ယာမြေ ၁ ဧကအတွက် ပျမ်းမျှဈေးနှုန်းသည် ၂၀၂၁ ခုနှစ်တွင် ၁၈.၄ % မြင့်တက်ခဲ့ပြီး၊ ၁ ဧကလျှင် ဩစတြေးလျ ဒေါ်လာ ၇,၀၆၀ သို့ စံချိန်တင်မြင့်တက်ခဲ့သည်။ ရင်းနှီးမြှုပ်နှံသူများသည် ASX တွင် စာရင်းဝင် စိုက်ပျိုးမွေးမြူရေးကုမ္ပဏီများတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းသည် ရွေးချယ်စရာတစ်ခုဖြစ်ပြီး၊ ဩစတြေးလျ၏ လယ်ယာကဏ္ဍ၏ လက်ရှိအင်အားကို မြှင့်တင်ပေးရာ ရောက်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………

## ဈေးနှုန်းများ တဟုန်ထိုးတက်နေသည့် ဩစတြေးလျ လယ်ယာမြေများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုလျော့နည်းနေခြင်း

ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြန်လည်သုံးသပ်ရေးဘုတ်အဖွဲ့ (The Foreign Investment Review Board –FIRB) သည် ၂၀၂၀–၂၀၂၁ ခုနှစ်အတွင်း ဩစတြေးလျ စိုက်ပျိုးမွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောကဏ္ဍတွင် အဆိုပြုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဩစတြေးလျဒေါ်လာ ၅.၈ ဘီလီယံဖိုးကို အတည်ပြုခဲ့ပြီး၊ ယခင် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်ကမူ ဩစတြေးလျဒေါ်လာ ၈.၃ ဘီလီယံ ရှိခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ သိသာစွာကျဆင်းရခြင်းအကြောင်းမှာ ကိုဗစ်–၁၉ ကူးစက်ရောဂါ၏ ရိုက်ခတ်မှုဖြစ်ကြောင်းသိရှိရသည်။ ကူးစက်ရောဂါပျံ့နှံ့မှုကာလအတွင်း နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများမှာ ကမ္ဘာတဝှမ်းလွတ်လပ်စွာရွှေ့ပြောင်းသွားလာရန် မစွမ်းဆောင်နိုင်ခြင်းကြောင့် ပိုင်ဆိုင်မှုများကိုစစ်ဆေးရန်မှာကြီးမားသော အကျိုးသက်ရောက်မှုရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ အတည်ပြုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များ ကျဆင်းခြင်း၏ နောက်ကွယ်တွင် အခြားသော အဓိကအကြောင်းအရင်းမှာ

Agribusiness & Trade

ဈေးနှုန်းများ တဟုန်ထိုးတက်နေသည့်ကြားတွင် ကမ်းလှမ်းထားသည့် လယ်ယာမြေများမရှိခြင်းကြောင့်လည်း ဖြစ်သည်။

ဩစတြေးလျ စိုက်ပျိုးမွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောကဏ္ဍများတွင် အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများသည် အစဉ်မပြတ် အရေးပါသော ရင်းနှီးမြှုပ်နှံသူများဖြစ်ပြီး၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အတည်ပြုခဲ့သည့် ဩစတြေးလျဒေါ်လာ ၈၇၄.၇ သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များဖြင့် ကနေဒါနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဩစတြေးလျဒေါ်လာ ၈၁၈.၅ သန်းထက် နှာတဖျားသာကာ အတည်ပြုနိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများစာရင်းတွင် ထိပ်ဆုံးနေရာကို ရယူသွားခဲ့သည်။ တရုတ်နိုင်ငံမှ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များသည် ဩစတြေးလျဒေါ်လာ ၆၄၅ . ၅ သန်းဖြင့် နံပါတ် ၃ နေရာတွင် ရပ်တည်ခဲ့သည်။

FIRB ၏ ၂၀၂၀-၂၀၂၁ ခုနှစ်ပတ်လည် အစီရင်ခံစာတွင် စိုက်ပျိုးရေး၊ သစ်တောနှင့် လယ်ယာကဏ္ဍသည် အခြားကဏ္ဍများနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် အဆိုပြု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အနိမ့်ဆုံးအဆင့်ကို (၄) နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အတည်ပြုထားသည့် စိုက်ပျိုးရေး၊ သစ်တောနှင့် လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ဩစတြေးလျဒေါ်လာ ၈၂ ဘီလီယံတန်ဖိုးရှိ စီးပွားဖြစ် အိမ်ခြံမြေကဏ္ဍနှင့် ဩစတြေးလျဒေါ်လာ ၇၆ ဘီလီယံ တန်ဖိုးရှိ ဝန်ဆောင်မှုကဏ္ဍတို့နောက်သို့ ရောက်နေကြောင်း သိရှိရသည်။

ဩစတြေးလျစိုက်ပျိုးမြေ၏ နိုင်ငံခြားပိုင်ဆိုင်မှုသည် အကဲဆတ်သော နိုင်ငံရေးဆိုင်ရာအကြောင်းအရာတစ်ခုဖြစ်ပြီး၊ ဩစတြေးလျလယ်ယာမြေတစ်ခုအတွက် ကမ်းလှမ်းမှု မပြုလုပ်မီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် လျှောက်လွှာကြေး ပေးဆောင်ရမည်ဖြစ်သည်။ ပိုင်ဆိုင်မှုတန်ဖိုး ၂ သန်းနှင့် ယင်းအောက်ပမာဏအတွက် လျှောက်လွှာကြေးမှာ ဩစတြေးလျ ဒေါ်လာ ၆,၃၅၀ မှ စတင်ပြီး၊ ပိုင်ဆိုင်မှုတန်ဖိုး သန်း ၈၀ အထက် အတွက် လျှောက်လွှာကြေးမှာ အမြင့်ဆုံး ဩစတြေးလျဒေါ်လာ ၅၀၃,၀၀၀ အထိ ပေးဆောင်ရကြောင်း သိရှိရသည်။

ဩစတြေးလျ လယ်ယာမြေ စုစုပေါင်းတန်ဖိုး ဒေါ်လာ ၁၅ သန်းထက်ကျော်လွန်၍ မည်သည့်စိုက်ပျိုးမြေကိုမဆို ဝယ်ယူလိုသည့် နိုင်ငံခြားဝယ်သူများသည်လည်း FIRB ၏ စိစစ်မှုအောက်တွင်ရှိနေသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လမှစတင်၍ စိုက်ပျိုးမြေတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအားလုံးကို ဩစတြေးလျအခွန်ရုံးမှ မှတ်ပုံတင်ထားသည့် စာရင်းတွင် ထည့်သွင်းထားပြီး၊ အဆိုပါစာရင်းကို လူသိရှင်ကြား ထုတ်ပြန်ခြင်းမရှိကြောင်း သိရှိရသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

AgriBusiness & Trade

## တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် တောင်ပိုင်းဩစတြေးလျ ဝိုင်လုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိခြင်း

ဩစတြေးလျတောင်ပိုင်းရှိ ဝိုင်လုပ်ငန်းကဏ္ဍသည် အထွက်နှုန်းနည်းပြီး ဈေးနှုန်းနိမ့်ကျလျက်ရှိသော်လည်း ပြင်းထန်မှုမရှိသည့် နွေရာသီကြောင့် ယခုနှစ် စပျစ်သီးအရည်အသွေးမှာ အလွန်ကောင်းမွန်ကြောင်း စိုက်ပျိုးသူများက ပြောကြားခဲ့သည်။

Riverland သည် တစ်နိုင်ငံလုံးထုတ်လုပ်မှု၏ ၄၀ % ခန့်ရှိပြီး၊ စိုက်ပျိုးသူ ၉,၀၀၀ ကျော်ရှိကြောင်းသိရှိရသည်။ သိုလှောင်မှုပြတ်လပ်ခြင်းနှင့် ကုန်စည်ပို့ဆောင်မှု ပြဿနာများကို ယခုရာသီတွင်လည်း ဆက်လက်ကြုံတွေ့ခဲ့ရပြီး၊ စိုက်ပျိုးသူများသည် အလွန်နိမ့်ကျသောဈေးနှုန်းဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ ပုံမှန်အားဖြင့် ပြုပြင်ထုတ်လုပ်ရန် အဆင်သင့်ဖြစ်သော စပျစ်သီးများကို လက်ဝယ်သိုလှောင်ထားပြီး ထောက်ပံ့ရေးကွင်းဆက်တွင် နေရာရရှိသည်အထိ စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ စပျစ်အနီရောင်မျိုးစိတ်များတွင် ဈေးနှုန်းသိသာစွာကျဆင်းသွားပြီး၊ အဖြူရောင်မျိုးစိတ်များတွင် အနည်းငယ်သာ ကျဆင်းခဲ့သည်။

ဩစတြေးလျဝိုင် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတစ်ခုလုံးသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးအငြင်းပွားမှု၏ နောက်ဆက်တွဲပြဿနာများကို ဆက်လက်ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။ ယခင်က နိုင်ငံတွင်းထုတ်လုပ်မှု၏ ၁၀% ကို တရုတ်နိုင်ငံအတွက် လျာထားခဲ့သည်။ တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ပင်မှု၏ အကျိုးဆက်မှာ ဆက်လက်ကျယ်ပြန့်လျက် ရှိနေသည်။ ဝိုင်လုပ်ငန်းကဏ္ဍအချို့မှာ တရုတ်ဈေးကွက်ကို ဦးတည်၍ တင်ပို့လျက်ရှိရာ တရုတ်နိုင်ငံ၏ တန်ပြန်စုပုံတင်သွင်းခွန်များကြောင့် လက်ရှိတွင် ဈေးကွက်ပိတ်ခံရသည့် အနေအထားသို့ ရောက်ရှိနေသည်မှာ(၂) နှစ်နီးပါးကြာမြင့်နေပြီဖြစ်ကြောင်း သိရှိရသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………

## ယူကရိန်းစစ်ပွဲကြောင့် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးနိုင်ကြောင်း IMF ၏ ခန့်မှန်းချက်အား တင်ပြခြင်း

ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းစစ်ပွဲကြောင့် သိသိသာသာ နှေးကွေးနိုင်သည်ဟုခန့်မှန်းကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့-IMF က ၁၉-၄-၂၀၂၂ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း၊ ကမ္ဘာ့စီးပွားရေးသည် ယခုနှစ်တွင် ၃.၆ ရာခိုင်နှုန်း တိုးတက်နိုင်ပြီး ယမန်နှစ် ၆.၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ထက် တိုးတက်မှုလျော့နည်း ကျဆင်းနိုင်သည်ဟု IMF က ပြောကြားခဲ့ကြောင်း The Wall Street Journal တွင် ၂၀-၄-၂၀၂၂ ရက် နေ့က ဖော်ပြထားပါသည်။

ကမ္ဘာ့စီးပွားရေးအလားအလာ ခန့်မှန်းချက်အစီရင်ခံစာတွင် ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို ယခင် ဇန်နဝါရီလက တွက်ချက်ခန့်မှန်းချက်ထက် ယခုဧပြီလ ထုတ်ပြန်ချက်တွင် ၀.၂ ပွိုင့် လျှော့၍ ခန့်မှန်းခဲ့ကြောင်း၊ ယူကရိန်းစစ်ပွဲကြောင့် စားသောက်ကုန်နှင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်ခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုပျက်ပါးခြင်းတို့ကြောင့် စီးပွားရေးစရိတ်များ မြင့်တက်ကာ နှေးကွေးနိုင်ကြောင်း ဖော်ပြထားပါသည်။

IMF ၏အစီရင်ခံစာတွင် ယူကရိန်းနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၃၅ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ ရုရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၈.၅ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်တွင် ၂.၃ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ယမန်နှစ်က ရုရှား စီးပွားရေးသည် ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ယခုနှစ်တွင် အနောက်ဥရောပနိုင်ငံများသို့ စွမ်းအင်တင်ပို့မှု သိသိသာသာကျဆင်းခြင်း၊ အနောက်ဥရောပနိုင်ငံများမှ ရုရှားနိုင်ငံအပေါ် ကုန်သွယ်မှုနှင့် ဘဏ္ဍာရေး အရေးယူမှုများ၊ လေကြောင်းလိုင်းများ၊ ဘဏ်များနှင့် ဆေးဝါးဖ်ဝဲကုမ္ပဏီများစသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ ပြန်လည်ထွက်ခွာခြင်းတို့ကြောင့် ရုရှားနိုင်ငံ၏ စီးပွားရေးသိသိသာသာကျဆင်းနိုင်သည် ဟု IMF က ခန့်မှန်းထားကြောင်း ဖော်ပြထားပါသည်။

ဥရောပရှိ အခြားနိုင်ငံများသည်လည်း စစ်ပွဲအကြားတွင် စွမ်းအင်ဈေးနှုန်းမြင့်တက်ခြင်း နှင့် ဒုက္ခသည်အကြပ်အတည်းများကြောင့် ၎င်းတို့စီးပွားရေးသည်လည်း သိသိသာသာကျဆင်းနိုင် ကြောင်း၊ ဥရောပဒေသ၏စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၂.၈ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၂.၃ ရာခိုင်နှုန်းတိုးတက်နိုင်ပြီး ၂၀၂၁ ခုနှစ်တွင် ၅.၃ ရာခိုင်နှုန်း စီးပွားရေးတိုးတက်မှုနှုန်းထက် သိသိသာသာ ကျဆင်းနိုင်သည်ဟု IMF ကခန့်မှန်းကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် နှစ်ပေါင်း (၄၀) အတွင်း အမြင့်ဆုံးငွေကြေးဖောင်းပွမှုအား သက်သာလျော့နည်းစေရန်အတွက် ဗဟိုဘဏ်က အတိုးနှုန်းများ ပြန်လည်တိုးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင် အမေရိကန်၏စီးပွားရေးသည် ၃.၇ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၂.၃ ရာခိုင်နှုန်းတိုးတက်နိုင်ပြီး ယမန်နှစ် ၂၀၂၁ ခုနှစ်တွင် ၅.၇ ရာခိုင်နှုန်းတိုးတက်ခဲ့မှုထက် များစွာကျဆင်းနိုင်သည်ဟု ခန့်မှန်းကြောင်း၊ ယူကရိန်းစစ်ပွဲမတိုင်ခင် ဇန်နဝါရီလက ထုတ်ပြန်ချက်တွင် အမေရိကန်၏စီးပွားရေးကို ယခုနှစ်တွင် ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်တွင် ၂.၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံ၏စီးပွားရေးသည် ယမန်နှစ်တွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ကာလရှည်ကြာ အသွားအလာကန့်သတ်မှုများ ဆောင်ရွက်သည့်အတွက် ယခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၄.၄ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ စစ်ပွဲကြောင့် ထောက်ပံ့ရေးကွင်းဆက်များ ပြင်းပြင်းထန်ထန် ထိခိုက်ခဲ့သလို ကပ်ရောဂါကြောင့် နိုင်ငံများတွင် ငွေကြေးဖောင်းပွမှုဒဏ်ကို ခံစားကြရကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်သည့် ဖိအားဒဏ်ကိုလာမည့်ကာလများတွင် ပိုမိုခံစားလာရနိုင်ပြီး မူဝါဒချမှတ်သူများအနေနှင့် ယင်းဖိအားများကို တန်ပြန်ကာကွယ်နိုင်ရန် တင်းကျပ်သည့်အစီအမံများ ချမှတ်လာနိုင်သည်ဟု IMF ကပြောကြားခဲ့ကြောင်း၊ တစ်ပြန်တစ်လှည့်အားဖြင့် ချမ်းသာသည့်နိုင်ငံများရော ဖွံ့ဖြိုးဆဲနိုင်ငံများပါ ပိုမိုထိခိုက်လာနိုင်ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးလာခြင်းသည် ၎င်း၏အိမ်နီးချင်းအာရှနိုင်ငံများနှင့် ကုန်စည်တင်ပို့သူများအတွက် ထိခိုက်မှုရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ပြန့်နှံ့မှုမြင့်မားလာခြင်းနှင့် ဗိုင်းရပ်စ် အလုံးစုံကင်းစင်ရေးမဟာဗျူဟာတို့ကြောင့် အသွားအလာကန့်သတ်မှုများ မကြာခဏဆောင်ရွက်ခြင်းသည် ကမ္ဘာ့စီးပွားရေး ဒုတိယ အင်အားအကြီးဆုံးနိုင်ငံတွင် အိမ်ထောင်စုများ သုံးစွဲမှုကိုလျှော့ချလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အစိုးရ၏ အိမ်၊ခြံမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအပေါ် တင်းကျပ်သည့် လုပ်ထုံးလုပ်နည်းများကြောင့် ယင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည်လည်း ဆက်လက်ကျဆင်းလျက်ရှိသည်ဟု IMF ကပြောကြားကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/imf-sees-global-economic-slowdown-amid-ukraine-war-11650373202

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

Agribusiness & Trade

## အမေရိကန်နိုင်ငံ၊ ဈေးကွက်နှင့် မူဝါဒ ချိတ်ဆက်ပေးသည့် Poligage ကုမ္ပဏီ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Ms.Christine Davies နှင့် တွေ့ဆုံဆွေးနွေးခြင်း

အမေရိကန်နိုင်ငံ၊ ဈေးကွက်နှင့် မူဝါဒ ချိတ်ဆက်ပေးသည့် Poligage ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Ms.Christine Davies နှင့် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် စီးပွားရေးသံမှူးတို့သည် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးတွင် ၂၁-၄-၂၀၂၂ ရက်နေ့ မွန်းလွဲ ၀၁း၀၀ နာရီတွင် မြန်မာသံရုံး၌ တွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ရရှိရေး ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

တွေ့ဆုံတွေးနွေးရာတွင် Ms.Christine Davies က ယခု ကာလတိုအတွင်း နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ခေတ္တငြိမ်သက်လျက်ရှိသော်လည်း အခွင့်အရေးကောင်းများ ရရှိနိုင်ရေးရှာဖွေဆွေးနွေး ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကာ စီးပွားရေးဆောင်ရွက်လျက်ရှိသည့် အမေရိကန်စီးပွားရေးလုပ်ငန်းများသည် ပြန်လည်ကောင်းမွန်လာမည့်အချိန်အခါကို စောင့်မျှော်လျက်ရှိကြောင်း၊ မကြာသေးမီက အမေရိကန်- အာဆီယံစီးပွားရေးကောင်စီ (US–ASEAN Business Council) မှလည်း အမေရိကန်ရောက် မြန်မာကျောင်းသားများအတွက် ပညာသင်ဆု ပေးအပ်ခဲ့ခြင်းသည်လည်း မြန်မာနိုင်ငံသားများအတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် ကိစ္စရပ်များ ဆောင်ရွက်မှုတိုင်းအတွက် (သမ္မတအိမ်ဖြူတော်တွင် ဆောင်ရွက်သည့်ကိစ္စတိုင်းအပါအဝင်) လွှတ်တော်၏ ခွင့်ပြုချက်ရယူရကြောင်း၊ သို့ဖြစ်၍ လွှတ်တော်အမတ်များနှင့် ခင်မင်မှုသည်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေးအတွက် အရေးကြီးကြောင်း၊ ယခု အမေရိကန်တွင် ကပ်ရောဂါကန့်သတ်မှုများ ပြန်လည်ဖြေလျှော့လာသည့်အတွက် လွှတ်တော်၊ စီးပွားရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ မိမိနိုင်ငံ၏ အခြေအနေမှန်များ၊ စီးပွားရေးအရေးယူမှုများကြောင့် အခြေခံနှင့် လူလတ်တန်းစားများအပေါ် ထိခိုက်မှုနှင့် ကုစားပေးနိုင်သည့် အခွင့်အလမ်းများရရှိရေး ဆွေးနွေးညှိနှိုင်းစေလိုကြောင်း၊ မူဝါဒချမှတ်သူများအား လက်ရှိအခြေအနေမှန်ကို သိရှိနိုင်ရေး ဆောင်ရွက်ခြင်းသည် အရေးကြီးပါကြောင်း၊ အမေရိကန်စီးပွားရေးလုပ်ငန်းများအနေနှင့် ESG လို့ ခေါ်ကြသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဘဝလုံခြုံရေးနှင့် သတင်းအချက်အလက်လုံခြုံရေး (Cuber Security Data) စသည့် အချက်များကို အလေးထားဆောင်ရွက်ကြရကြောင်း၊ မြန်မာ - အမေရိကန် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် ယခုနှစ်ဇွန်လတွင် ကျင်းပမည့် SelectUSA Investment Summit 2022 တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရေးသည် အရေးကြီးပါကြောင်း အကြံပြု ဆွေးနွေးခဲ့ပါသည်။

Agribusiness & Trade

မြန်မာသံရုံးအနေနှင့် မြန်မာ–အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပါကြောင်း၊ အမေရိကန်သည် မြန်မာနိုင်ငံ၏ ပို့ကုန်အများဆုံးတင်ပို့သည့်ဈေးကွက်များအနက် တစ်ခုဖြစ်သည့်အပြင် အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာ့စီးပွားရေးတိုးတက်မှုအတွက် အရေးကြီးပါကြောင်း၊ အမေရိကန် စီးပွားရေးလုပ်ငန်းများသည် တာဝန်သိမှု၊ တာဝန်ခံမှု ရှိကြပြီး အဆွေတော်ဆွေးနွေးသကဲ့သို့ ESG ကို အပြည့်အဝ လိုက်နာဆောင်ရွက်သည်ကို သိရှိပါကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တည်တံ့ပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် သတင်းအချက်အလက်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲများ၊ ဆွေးနွေးပွဲများအား မိမိတို့ထံ အသိပေး ဖိတ်ကြားပေးစေလိုပါကြောင်း၊ SelectUSA Investment Summit 2022 တက်ရောက်နိုင်ရေးအတွက် မြန်မာ့စီးပွားရေးလုပ်ငန်းများအား အသိပေး အကြောင်းကြားထားပါကြောင်း၊ နှစ်နိုင်ငံ အကျိုးရှိမည့် ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးခဲ့ပါသည်။

ခင်မြမြထွေး၊ စီးပွားရေးသံမှူး
ဝါရှင်တန်

............................................................................................................

**ထိုင်းနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ**

## ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုဆိုင်ရာများ ဆွေးနွေးခြင်း

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစိုးရအဖွဲ့ဝင်ဝန်ကြီးများဆွေးနွေးပြီးနောက် ၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ(၂၅) ဘီလီယံအထိမြှင့်တင်သွားရန်ရည်မှန်းထားကြကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား လေးကြိမ်မြောက် ကုန်သွယ်မှုဆိုင်ရာပူးတွဲကော်မတီ အစည်းအဝေးကိုကျင်းပခဲ့ပြီးနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာဂျူရင်က ဗီယက်နမ်စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီး Nguyen Hong Dien နှင့် ဆွေးနွေးရာတွင် နှစ်နိုင်ငံကုန်သွယ်မှုကို၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၂၅) ဘီလီယံအထိ

တိုးမြှင့်သွားရန် မျှော်မှန်းခဲ့ကြကြောင်း ပြောကြားလိုက်ပါသည်။ အဆိုပါ ပူးတွဲကော်မတီအစည်း အဝေးကို ထိုင်းနိုင်ငံတွင်ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် အာဆီယံတွင် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ တရုတ်၊ ဂျပန်၊ အမေရိကန်၊ အီးယူနှင့်မလေးရှားတို့ပြီးပါက ကမ္ဘာ ပေါ်တွင် ထိုင်းနိုင်ငံ၏ ဆဋ္ဌမမြောက်အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။ ယမန်နှစ်က နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် အမေရိကန်ဒေါ်လာ(၁၉.၅) ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ၎င်းမှာ ၂၀၂၀ ခုနှစ်ကထက်(၁၇.၃%) တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကုန်သွယ်မှုပမာဏတွင် ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ(၁၂.၅) ဘီလီယံရှိခဲ့ပြီး(၁၂.၃%) တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ သွင်းကုန်တင်သွင်းမှုမှာအမေရိကန်ဒေါ်လာ(၆.၉၃) ဘီလီယံရှိခဲ့ပြီး၎င်းမှာ (၂၇.၆%) တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ တင်ပို့သည့်ပို့ကုန်များအနက် အရေးကြီးသည့်ပို့ကုန်များ တွင် မော်တော်ကားများနှင့် မော်တော်ကားအစိတ်အပိုင်းများ၊ ပလပ်စတစ်ကော်စေ့များ၊ သန့်စင်ပြီး ဆီများ၊ ဓါတုဗေဒပစ္စည်းများ၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများပါဝင်ကြပြီး၊ ဗီယက်နမ် နိုင်ငံမှတင်သွင်းသည့် အဓိကသွင်းကုန်ပစ္စည်းများတွင် လျှပ်စစ်ပစ္စည်းအသုံးအဆောင်များ၊ ရေနံစိမ်း လျှပ်စစ်နှင့် စက်ပစ္စည်းကရိယာအစိတ်အပိုင်းများ၊ စတီးနှင့် စတီးထုတ်ကုန်ပစ္စည်းများ၊ ဓါတုဗေဒ ပစ္စည်းများတို့ ပါဝင်ကြောင်း သိရှိရပါသည်။

မစ္စတာဂျူရင်၏အဆိုအရ ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံ၏ နယ်စပ်စစ်ဆေးရေး ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံ Youyiguan နယ်စပ်စစ်ဆေးရေးဂိတ်သို့ ထိုင်းနိုင်ငံ၏ သစ်သီးဝလံများ တင်ပို့မှုအပေါ် အဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးရန် ၎င်းအနေဖြင့် တောင်းဆိုထားကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံTongxing နယ်စပ်စစ်ဆေးရေးဂိတ် ပြန်လည်ဖွင့်လှစ် ချိန်တွင် တရုတ်နိုင်ငံ Youyiguan နယ်စပ်စစ်ဆေးရေးဂိတ်အပြင် Pingxiang မီးရထားစစ်ဆေးရေး ဂိတ်ကိုလည်းအချိန်နှင့် တပြေးညီဖွင့်လှစ်ပေးနိုင်ရေး ဗီယက်နမ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေး ရန်တောင်းဆိုထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

ဝန်ကြီးမစ္စတာဂျူရင်က တရုတ်နိုင်ငံသို့ ထိုင်းထုတ်ကုန်များတင်ပို့ရာတွင် ပျက်ဆီးမှုများကိုရှောင်ရှားနိုင်စေရေးနှင့် တင်ပို့မှုအရှိန်မြှင့်တင်နိုင်ရန်အတွက် တရုတ်နှင့် ဗီယက်နမ်နိုင်ငံများမှဖြင့် အစိမ်းရောင်လမ်း(Green Lanes)များကို တောင်းခံထားကြောင်း ပြောကြားခဲ့ပါသည်။

တရုတ် အာဏာပိုင်များအနေဖြင့် Zero-Covid မူဝါဒနှင့်အညီ တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ထိုင်းသစ်သီးဝလံကွန်တိန်နာများကို ၎င်းတို့၏နယ်စပ်စစ်ဆေးရေးဂိတ်များတွင် တင်းကြပ်စွာ စစ်ဆေးလျှက်ရှိနေဆဲဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းစဉ်သည် တင်ပို့မှုအပေါ် နှောင့်နှေးစေကြောင်းနှင့် တစ်ခါတစ်ရံ သစ်သီးဝလံ ပျက်ဆီးမှုများရှိနေကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ထိုင်းကုန်စည်ပြပွဲများအား ကူညီပေးရန်တောင်းဆိုထားကြောင်း၊ အထူးသဖြင့်မေလ(၂၀-၂၂) ရက်နေ့အထိ Can Tho တွင်ကျင်းပမည့်ကုန်စည်ပြပွဲနှင့် ဇွန်လ(၁၆-၁၉) ရက်နေ့အထိ Quang Ninth တွင်ကျင်းပသွားမည့် Mini Thailand Week Events ကုန်စည်ပြပွဲတို့အတွက် ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် သန့်ရှင်းသောစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဗီယက်နမ်လုပ်သားများအား ထိုင်းနိုင်ငံသို့ ပံ့ပိုးပေးရေး၊ လက်ရှိငါးဖမ်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးကဏ္ဍများတွင် လုပ်ကိုင်နေသော လုပ်သားများကို ပံ့ပိုးကူညီရေးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံထွက် Lamphun golden dried Longan လောင်ဂန်သီးအတွက် ဗီယက်နမ်တွင် ပထဝီဝင်အမှတ်အသားဆိုင်ရာ မှတ်ပုံတင်နိုင်ရေး ကူညီပေးရန်တောင်းဆိုထားကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ထိုင်းနိုင်ငံအား ဗီယက်နမ်နိုင်ငံထွက် သစ်သီးဝလံများဖြစ်သည့် ကျွဲကောသီး၊ ဩဇာသီး၊ ဖျော်ရည်သီး၊ (Star Apple)နှင့် ကြက်မောက်သီးတို့အား ထိုင်းနိုင်ငံသို့ အရှိန်မြှင့်တင်တင်သွင်းနိုင်ရေး ကူညီပေးခြင်းအားဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်နေမှုအား ကိုင်တွယ် ဖြေရှင်းဆောင်ရွက်သွားကြရန် ထိုင်းနိုင်ငံသို့တောင်းဆိုထားကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

…………………………………………………..

Agribusiness & Trade

## ကော်မတီအနေဖြင့် e-commerce လုပ်ငန်းစီမံချက်မူကြမ်းကို အတည်ပြုခြင်း (ထိုင်းနိုင်ငံ)

ထိုင်းအစိုးရအနေဖြင့် ၎င်း၏ e-commerce ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၂၀၂၇ ခုနှစ်တွင် e-commerce မှနေ၍ ဝင်ငွေဘတ်(၇.၁) ထရီလီယံကျော် ရရှိနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းထားပြီး နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း (၁၀%) အထိတိုးမြှင့်သွားရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

(၂၁.၄.၂၀၂၂) ရက်နေ့က ကျင်းပခဲ့သော ၂၀၂၂ ခုနှစ် e-commerce ကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Samalapa က အဆိုပါအဖွဲ့သည် အမျိုးသားe-commerce ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ဒုတိယအဆင့်(၂၀၂၃-၂၀၂၇) ကိုအတည်ပြုခဲ့ကြောင်း၊ ပထမအဆင့်မှာ(၂၀၂၁-၂၀၂၂) အထိဖြစ်ကြောင်း သိရှိရပါသည်။

ပထမအဆင့်တွင် အစိုးရအနေဖြင့် ယခုနှစ်အတွက် e-commerce ဝင်ငွေကို ဘတ်ငွေ (၅.၃၅) ထရီလီယံအထိ တိုးမြှင့်သွားရန် ရည်မှန်းခဲ့ကြကြောင်း၊ SMEs လုပ်ငန်းများ၏ e-commerce ဝင်ငွေကို တစ်နှစ်လျှင်အနည်းဆုံး(၅%)တိုးမြှင့်သွားရန်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ၂၀၂၂ ခုနှစ်အတွင်း ပြည်ပနယ်စပ်ဖြတ်ကျော် e-commerce ဝင်ငွေကို အနည်းဆုံး(၅%) တိုးမြှင့်ပေးရန်ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

အဆိုပါစီမံချက်သည် အစိုးရနှင့် ပုဂ္ဂလိကတို့အကြား e-commerce အချက်အလက်များကိုချိတ်ဆက်ပေးရန်မျှော်မှန်းသည်အပြင်၊ တိုင်းပြည်၏ကြီးမားသောဒေတာ အချက်အလက် Big Data analysis ဆန်းစစ်လေ့လာမှု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

အဆိုပါအစီအစဉ်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှတစ်ဆင့် e-commerce အော်ပရေတာများကို တစ်နှစ်လျှင်အနည်းဆုံး(၁၀,၀၀၀) ဦးအထိ မှတ်ပုံတင်စေလိုကြောင်း သိရှိရပါသည်။ ပထမအဆင့်သည် ပြည်နယ်(၂၀)၊ ဝန်ကြီးဌာန(၈) ခုနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပေါင်းစည်းမှုကို မြှင့်တင်သွားရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။ Electronic Transactions Development Agency ၏ အချက်အလက်များအရ ထိုင်းနိုင်ငံ၏ e-commerce တန်ဖိုးမှာ ၂၀၂၁ ခုနှစ်တွင် ဘတ်ငွေ(၄.၀၁) ထရီလီယံရှိကြောင်း၊ ၎င်းမှာ၂၀၂၀ ခုနှစ်ကရှိခဲ့သော (၃.၇၈) ထရီလီယံထက်(၆.၀၈%) တိုးခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

၂၀၂၂ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက SMEs များအပါအဝင် ရပ်ရွာလူမှုအသင်းအဖွဲ့များ၊ လယ်သမားများ၏ ကုန်သွယ်မှုယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်၍ အားကောင်းအောင်စီစဉ်ထားပြီး မညီမျှမှုများကို လျှော့ချကာအခြေခံလူတန်းစား စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အွန်လိုင်းပလက်ဖေါင်းများနှင့် စီးပွားရေးဆိုင်ရာတွေ့ဆုံမှုများမှတစ်ဆင့် BCG ဟုခေါ်သည့် ဇီဝ(Bio)၊ Circular နှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ဆိုင်ရာ ထုတ်ကုန်များအတွက် ဈေးကွက်ချဲ့ထွင်မှုမှနေ၍ ပြည်ပစားသုံးသူများ၏ ယုံကြည်မှု အကျိုးအမြတ်ရရှိစေရေးမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့်အမျိုးသားပုံရိပ်ကို တည်ဆောက်နိုင်ရေး အဓိကအာရုံစိုက်ထားကြောင်း သိရှိရပါသည်။

စီမံကိန်း၏ ဒုတိယအဆင့်တွင် လူအင်အား၊ နိုင်ငံသားများနှင့် ဒီဂျစ်တယ်စွန့်ဦးတီထွင်သူများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းထားကြောင်း၊ e-commerce ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေမည့် သဘာဝပတ်ဝန်းကျင်အဆင့်မြှင့်တင်ရေး၊ ယုံကြည်မှုများမြှင့်တင်ခြင်း၊ အွန်လိုင်းပလက်ဖေါင်းနှင့် ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများတွင် အွန်လိုင်းကုန်သွယ်မှုမြှင့်တင်ရေးတို့ပါဝင်ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

.............................................................

## ယခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့် ပြည်ပသို့လုပ်သား(၅၀,၀၀၀) စေလွှတ်ရန် ရှိနေခြင်း

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ အခြေအနေ တိုးတက်ကောင်းမွန်လာပြီးသည့်နောက် ယခုနှစ်အတွင်း ထိုင်းနိုင်ငံအနေဖြင့် ပြည်ပသို့ အလုပ်သမား(၅၀,၀၀၀) စေလွှတ်သွားရန် အလုပ်သမားဝန်ကြီးဌာနက ရည်မှန်းထားကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနနှင့် အလုပ်သမားအကျိုးဆောင်ကုမ္ပဏီ(၁၂၇) ခုတို့အကြား မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးတွင် အဆိုပါရည်မှန်းချက်အား လူသိရှင်ကြားထုတ်ပြန်ခဲ့ခြင်း

ဖြစ်ကြောင်း အလုပ်အကိုင်ရရှိရေးဌာန Department of Employment (DOE) ရုံး၏ အဆိုအရသိရှိရပါသည်။

အဆိုပါအစည်းအဝေးသို့ အလုပ်အကိုင်ရရှိရေးဌာန Department of Employment (DOE) ရုံး၏ ညွှန်ကြားရေးမှူးချုပ် Pairoj Chotikasathien လည်းတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံအများအပြားအနေဖြင့် ၎င်းတို့၏ အလုပ်သမားတင်သွင်းရန် အစီအစဉ်များကိုနှောင့်နှေးစေခဲ့ပြီး ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ချမှတ်ခဲ့ကြကြောင်း သိရှိရပါသည်။

သို့သော်လည်း ယခုအခါတွင် ကန့်သတ်ချက်များကို ကြီးမားစွာဖြေလျှော့ပေးခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အလုပ်သမားအများအပြားအား ပြန်လည်စတင်တင်ပို့ရန်စီစဉ်ထားကြောင်းသိရှိရပါသည်။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် ပြည်ပသို့အလုပ်သမား (၅၀,၀၀၀) ခန့်စေလွှတ်ရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍အစည်းအဝေးတွင် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း အစည်းအဝေးတွင် ထိုင်းရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးနှင့် တရားဥပဒေဆိုင်ရာ အကာအကွယ်ပေးရေးကဏ္ဍများ ဆွေးနွေးခဲ့ကြပြီး အဆိုပါကဏ္ဍများအနေဖြင့် တိုးတက်လာလိမ့်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်ပသို့လုပ်သားတင်ပို့မှုကို တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

သံတမန်ဆက်ဆံရေး ပုံမှန်ပြန်ဖြစ်ပြီးနောက် ဆော်ဒီအာရေးဗျနိုင်ငံ၊ ဂျပန်နိုင်ငံများနှင့် အလုပ်သမားတင်ပို့မှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။ တစ်ချိန်တည်းမှာပင် ဩစတြေးလျနိုင်ငံနှင့် လယ်ယာလုပ်ငန်းဗီဇာအစီအစဉ်တစ်ခုကိုလည်း လုပ်ဆောင်နေကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အလုပ်သမားတင်ပို့မှု အစီအစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိနေကြောင်း သိရှိရပါသည်။

အွန်လိုင်းတွင် မှားယွင်းသော အလုပ်ကြော်ငြာများဖြင့် လိမ်လည်လုပ်ဆောင်မှုများလည်း များပြားနေကြောင်း Mr.Suchart က မှတ်ချက်ပြုပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အခြားသော တိုင်းပြည်များတွင် အင်တာနက်မှ လိမ်လည်လှည့်ဖျားသည့်ဂိုဏ်းဖြင့် လူအများသည် လိမ်လည်လှည့်စားမှုများကို ခံနေရကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## ကားအစိတ်အပိုင်းများ၏ အကျပ်အတည်းကြောင့် ကားတင်ပို့မှုထိခိုက်ခဲ့ခြင်း (ထိုင်းနိုင်ငံ)

ရုရှား-ယူကရိန်း အကျပ်အတည်းကြောင့် ကားအစိတ်အပိုင်းများနှင့် ဆီမီးကွန်ဒတ်တာများပြတ်လပ်မှုဖြစ်ပေါ်ခဲ့ကာ ထိုင်းနိုင်ငံ၏ မော်တော်ကားပြည်ပတင်ပို့မှုသည် မတ်လတွင် နှစ်အလိုက်၌(၁၀.၂%) ကျဆင်းခဲ့ပြီး အစီးရေ(၉၃,၈၉၀) သာ ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်(FTI) ၏ အဆိုအရသိရှိရပါသည်။ အဆိုပါ မော်တော်ကားပစ္စည်းများ ပြတ်လပ်မှုကြောင့်ဩစတြေးလျနိုင်ငံ၊ ဥရောပနှင့် အာရှဈေးကွက်များသို့ မော်တော်ကားမော်ဒယ်များစွာ တင်ပို့မှု အပေါ်သက်ရောက်မှုရှိခဲ့ကြောင်း FTI ၏ ဒုတိယဥက္ကဋ္ဌနှင့် မော်တော်ကားကလပ်အသင်း၏ ပြောရေး ဆိုခွင့်ရှိသူ Surapong ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရှန်ဟိုင်းတွင် ကိုဗစ်-၁၉ lockdown ချထားခြင်းသည် မော်တော်ကား အစိတ်အပိုင်းများ ပြတ်လပ်မှု၏နောက်ကွယ်မှ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ နောက်ဆုံးတွင် မော်တော်ကားလုပ်ငန်း၏ ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်ကို ထိခိုက်စေခဲ့ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံနှင့် ကမ္ဘာ့ဈေးကွက်သို့ မော်တော်ယာဉ်အစိတ်အပိုင်းများ ထောက်ပံ့ပေးနေသည့် အဓိကစက်ရုံ(၂) ခုရှိနေကြောင်း၊ မိမိတို့အနေဖြင့် ကပ်ရောဂါမှာ မကြာမီပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း မစ္စတာ ဆူရာပေါင်၏ အဆိုအရ သိရှိရပါသည်။

FTI အနေဖြင့် ရုရှား-ယူကရိန်း အကျပ်အတည်းကြောင့် ထိုင်းနိုင်ငံရှိ မော်တော်ကား ထုတ်လုပ်သူများအပေါ် သက်ရောက်မှုများကို အနီးကပ်စောင့်ကြည့်လေ့လာလျက်ရှိနေကြောင်း၊ အဆိုပါ အကျပ်အတည်းက မော်တော်ကားတပ်ဆင်မှုအတွက် လိုအပ်သော အစိတ်အပိုင်းများ၏ ထောက်ပံ့ ပို့ဆောင်မှုအတွက် အရေးကြီးကြောင်း သိရှိရပါသည်။

FTI ၏အဆိုအရ ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ မော်တော်ကားပြည်ပသို့တင်ပို့မှုမှာ ယခင်နှစ်ကထက်(၅.၈၁%) ကျဆင်းခဲ့ကြောင်း၊ တင်ပို့မှုအနေဖြင့် နှစ်အလိုက်တွင်အစီးရေ(၂၄၃,၁၂၄) စီးရှိကြောင်း၊ ပို့ကုန်တင်ပို့မှုတန်ဖိုးအနေဖြင့်(၀.၈၆%) မြင့်တက်ခဲ့ပြီး ပို့ကုန်တန်ဖိုးအနေဖြင့် ဘတ်ငွေ(၁၄၄.၁၆) ဘီလီယံရှိခဲ့ကြောင်း၊ သို့ရာတွင် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက မတ်လတွင် မော်တော်ကားတင်ပို့မှုအစီးရေမှာ(၁၈%) မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မတ်လတွင် ပြည်တွင်းကားအရောင်းမှာ နှစ်အလိုက်တွင်(၉,၁%) တိုးတက်ခဲ့ပြီး အစီးရေ(၈၇,၂၄၅) စီးရောင်းချခဲ့ကြောင်း၊ ၎င်းမှာ ဖေဖော်ဝါရီလထက်(၁၇.၁၂%) တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဇန်နဝါရီလမှ မတ်လအထိ ပြည်တွင်းကားအရောင်းမှာ(၁၉%) တိုးတက်ခဲ့ပြီး နှစ်အလိုက်တွင်အစီးရေ(၂၃၁,၁၈၉) စီးရှိခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့တိုးတက်လာမှုမှာ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဖြေလျှော့ဆောင်ရွက်ပေးခဲ့မှုများ၊ လျှပ်စစ်ကားအရောင်းမြှင့်တင်ရန် လျှပ်စစ်ကား Ev များကို မက်လုံးများပေးသည့် အစီအစဉ်များနှင့် အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲတို့အား ကျင်းပခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ မောင်းထောင်းထာနီ Impact Challenger Hall ၌ (၁၂) ရက်ကြာကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲသည် ဧပြီလ(၃) ရက်နေ့တွင် ပြီးဆုံးခဲ့ကြောင်း သိရှိရပါသည်။

မတ်လတွင် ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုမှာ(၆.၂၅%) တိုးတက်ခဲ့ကြောင်းနှင့် ထုတ်လုပ်မှုအစီးရေအနေဖြင့် နှစ်အလိုက်တွင်(၁၇၂,၆၇၁) စီး ရှိခဲ့ကြောင်း သိရှိရပါသည်။ ဇန်နဝါရီလမှမတ်လအထိ မော်တော်ကားထုတ်လုပ်မှုမှာ နှစ်အလိုက်တွင်(၃.၀၆%) တိုးတက်ခဲ့ပြီး အစီးရေအားဖြင့်(၄၈၀,၀၇၈) စီး ရှိခဲ့ကြောင်း သိရှိရပါသည်။ ၎င်းတို့အနက်(၃၂%) မှာ ဗန်ကောက်အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲနှင့် ဆုန်ခရန်အားလပ်ရက် ပိတ်ရက်များအတွင်း တိုးတက်လာသည့် ဝယ်လိုအားမြင့်မားမှုအပေါ် ဖြည့်ဆည်းနိုင်ရန်အတွက် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

…………………………………………………………………………………………

## ဂျပန်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ

### ဂျပန်နိုင်ငံတွင် ယန်းငွေတန်ဖိုး ကျဆင်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် မတ်လအတွင်း ကုန်သွယ်မှုလိုငွေ ၄၂၁.၄ ဘီလီယံယန်း ရှိခဲ့

လောင်စာဆီ၊ စားနပ်ရိက္ခာနှင့် အခြားလိုအပ်သည့် ကုန်ပစ္စည်းများတင်သွင်းရာတွင် ကုန်ကျစရိတ်များ ပိုမိုမြင့်တက်လာခြင်းကြောင့် ကြိုတင်မျှော်မှန်းထားသည်ထက် ကုန်သွယ်မှုလိုငွေပြမှုကို ဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်အစိုးရမှ ထုတ်ပြန်ခဲ့ခြင်းကြောင့် ဂျပန့်ယန်းငွေတန်ဖိုး ကျဆင်းလာမှုအပေါ် စီးပွားရေးလုပ်ငန်းရှင်များအကြား ပိုမိုစိုးရိမ်လာကြပါသည်။

မတ်လအတွက် ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြမှုမှာ ယန်း ၄၂၁ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၃.၂ ဘီလီယံ) ရှိပြီး ယခင်လကထက် ယန်း ၆၇၀ ဘီလီယံကျော် လျော့နည်းခဲ့သော်လည်း လွန်ခဲ့သည့်တစ်နှစ်ကျော် ၂၀၂၀ ပြည့်နှစ်တွင် ကုန်သွယ်မှုပိုငွေတန်ဖိုး ယန်း ၆၁၅ ဘီလီယံ ရရှိခဲ့မှုနှင့် နှိုင်းယှဉ်ပါက ဆန့်ကျင်ဘက် အနေအထားအဖြစ် လျော့ကျခဲ့ကြောင်း စီးပွားရေး သုတေသီများ၏ သုံးသပ်ချက်အရ သိရပါသည်။

ယန်းငွေတန်ဖိုး ကျဆင်းလာခြင်းသည် ဂျပန်ပြည်ပပို့ကုန်တင်ပို့သူများအတွက် ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်စေပြီး ဒေါ်လာမှ ယန်းငွေသို့ လဲလှယ်ရာတွင် အမြတ်အစွန်းများ ရရှိစေပါသည်။ သို့သော် ပြည်တွင်းစားသုံးသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်များကိုလည်း တိုးမြင့်လာစေပါသည်။

ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး **Shunichi Suzuki** နှင့် အခြားသော အကြီးအကဲများသည် ဒေါ်လာဈေး အဆမတန်မြင့်တက်လာခြင်းအတွက် စိုးရိမ်ကြောင်းနှင့် ငွေလဲနှုန်းပြောင်းလဲမှုများမှာ စီးပွားရေးလုပ်ငန်းများအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း ပြောဆိုခဲ့ပါသည်။

ကိုရိုနာဗိုင်းရပ်ကူးစက်မှုများ လျော့ကျလာပြီးနောက် ကမ္ဘာ့နိုင်ငံများအကြား ခရီးသွားလာမှုနှင့် စီးပွားရေးဆိုင်ရာကူးလူးဆက်နွယ်မှုဆိုင်ရာ ကန့်သတ်ချက်များ လျှော့ချပြီးနောက်ပိုင်း မတ်လတွင် ဂျပန်နိုင်ငံ၏ သွင်းကုန်တင်သွင်းမှုများမှာ ၃၁ % မြင့်တက်လာသော်လည်း ပို့ကုန်တင်ပို့မှုများမှာ ၁၅ % ခန့်သာ မြင့်တက်လာကြောင်းသိရပါသည်။ ဂျပန်နိုင်ငံ၏ သွင်းကုန်ပမာဏ အားလုံးသည် ဂျပန်၏ စီးပွားရေးဆောင်ရွက်ချက်များ အားလုံး၏ ငါးပုံတစ်ပုံထက်လျော့နည်းသော်လည်း အဓိကတင်သွင်းသည့် ကုန်ပစ္စည်းများမှာ နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ ဖြစ်ကြပါသည်။

ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး စသည့်ကုန်ပစ္စည်းများအားလုံး တင်သွင်းမှုကုန်ကျစရိတ်သည် ပြီးခဲ့သည့်နှစ် မတ်လကထက် ၈၀ % ကျော် မြင့်တက်လာခဲ့ပြီး စားသောက်ကုန်တင်သွင်းမှုတွင် ၂၂ % နှင့် ဓာတုဗေဒပစ္စည်းများ တင်သွင်းမှုတွင် ၄၂ % ကျော်မြင့်တက် လာခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုမှာ ၁.၂ % ကျဆင်းခဲ့ပြီး ပြည်ပသို့တင်ပို့ခဲ့သည့် မော်တော်ယာဉ်အရေအတွက်မှာ ၁၄ % ကျော် ကျဆင်းခဲ့ပါသည်။ မော်တော်ယာဉ်ထုတ်လုပ်သူများနှင့် အခြားစက်ပစ္စည်း ထုတ်လုပ်သူများသည် ကူးစက်ရောဂါ၏ သက်ရောက်မှု

ကြောင့် ထုတ်လုပ်မှုတွင် အရေးပါသည့် ကွန်ပျူတာချိပ်စ်ပြားများ (chips) ပြတ်လပ်မှုကြောင့် အချို့သော ကုန်ထုတ်လုပ်ငန်းများမှာ ရပ်ဆိုင်းထားရပါသည်။

စီးပွားရေးသုတေသီများက အဆိုပါအကျပ်အတည်းများ လျော့ပါးသွားသည်နှင့် တပြိုင်နက် ဂျပန့်ပို့ကုန်များမှာ ပြန်လည်တိုးတက်လာမည်ဟု ခန့်မှန်းကြသော်လည်း မတ်လအတွင်း ပို့ကုန် အမှာစာများ ကျဆင်းသွားခဲ့ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ လက်ရှိဧပြီလ၌လည်း ပို့ကုန်တိုးတက်မှုမှာ အားနည်းနေဆဲဖြစ်ကြောင်း စီးပွားရေး သုတေသနဆောင်ရွက်သည့် Capital Economics မှ Tom Learmouth က သုံးသပ်ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ The Japan Today
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

..........................................................................

**ဂျပန်နိုင်ငံတဝှမ်း နိုင်ငံတကာလေကြောင်းလိုင်း ခရီးစဉ်လက်မှတ် ကြိုတင်မှာယူမှုများပြားလာခြင်းသည် လေကြောင်းလိုင်းများ ပြန်လည် ကောင်းမွန်လာသည့် လက္ခဏာဖြစ်ကြောင်း ပြသ**

လာမည့်ဧပြီလကုန်မှ မေလဆန်းအထိ ဂျပန်နိုင်ငံ၏ Golden Week အားလပ်ရက်ရှည် ကာလအတွင်း နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်များအတွက် ကြိုတင်စာရင်းပေး မှာယူမှုများ မြင့်တက်လာခြင်းသည် လေကြောင်းလိုင်းများ အသုံးပြုကာ ခရီးသွားလာမှုကဏ္ဍတွင် အခြေအနေ ပြန်လည်ကောင်းမွန်လာခြင်းကို ပြသနေကြောင်း ဂျပန်လေကြောင်းလိုင်း ကုမ္ပဏီကြီးများ၏ထုတ်ပြန်သောအချက်အလက်များအရ သိရပါသည်။

ပြီးခဲ့သည့်မတ်လအတွင်း ပြည်တွင်း၌ ချမှတ်ထားသည့် အစိုးရ၏ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါထိန်းချုပ်ရေးအရေးပေါ်အစီအမံများ ရုတ်သိမ်းခဲ့ပြီးနောက် ဧပြီလ ၂၉ ရက်နေ့မှ မေလ ၈ ရက်နေ့အထိ Golden Week အားလပ်ရက်ရှည်အတွင်း ခရီးသွားလာရန် ပြည်တွင်းလေကြောင်း ခရီးစဉ်များတွင် ကြိုတင်မှာယူသူဦးရေသည် ၂,၂၁၇,၄၇၀ အထိရှိရာ ၆၅ % ခန့်မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

Japan Airlines များ၏ ပြည်တွင်းလေကြောင်းခရီးစဉ်များတွင် ကြိုတင်မှာယူမှုများသည် နှစ်ဆတိုးလာသည့်အတွက် ကူးစက်ရောဂါမပြန့်ပွားမီ ၂၀၁၉ ခုနှစ်တွင် ရှိခဲ့သည့်အနေအထား၏ ၇၅ % ခန့်အထိ ရောက်ရှိလာခဲ့ပြီး ANA Holdings Inc. ၏ All Nippon Airways တွင် ကြိုတင်စာရင်းပေးသွင်းမှာယူမှုများမှာ ၄၆.၉ % အထိ မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

ထို့အပြင် ကမ္ဘာ့နိုင်ငံအတော်များများ၌ ကိုရိုနာကူးစက်ရောဂါထိန်းချုပ်ရေး ကန့်သတ်ချက်အစီအမံများ ဖြေလျှော့ပေးလိုက်သည့်အတွက် ဂျပန်နိုင်ငံ၏ Golden Week အားလပ်ရက်ရှည်ကာလအတွင်း နိုင်ငံတကာခရီးစဉ်များအတွက် လေယာဉ်လက်မှတ်မှာယူမှုများမှာ ၅ ဆနီးပါးမြင့်တက်သွားကြောင်း သိရပါသည်။

ဂျပန်နိုင်ငံနှင့် ဟာဝိုင်ယီဒေသအကြား Japan Airlines လေကြောင်းလိုင်းခရီးစဉ်များတွင် ကြိုတင်လက်မှတ်မှာယူမှုများသည် ကိုးဆတိုးလာကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများတွင် ကြိုတင်မှာယူမှုများ မြင့်တက်လာခြင်းသည် ပြည်ပလေကြောင်းလိုင်းခရီးစဉ်များ အခြေအနေကောင်းလာခြင်းကို ပြသနေကြောင်း Japan Airlines မှ တာဝန်ရှိသူမှ ဧပြီလ ၂၂ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ရင်းမြစ်။ The Japan Times
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

……………………………………………………………

## ငွေကြေးတန်ဖိုး ပြောင်းလဲမှုများနှင့်ပတ်သက်၍ ဂျပန်နှင့် အမေရိကန် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြ

ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး Suzuki Shunichi နှင့် အမေရိကန် ဘဏ္ဍာရေးဝန်ကြီး Janet Yellen တို့သည် နှစ်နိုင်ငံအကြား ငွေကြေးတန်ဖိုး ပြောင်းလဲမှုများနှင့် ပတ်သက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း သိရပါသည်။

ဝါရှင်တန်တွင် ကျင်းပနေသည့် G20 အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများပါဝင်သည့် အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးအဖြစ် အမေရိကန်နှင့် ဂျပန်ဘဏ္ဍာရေးဝန်ကြီးနှစ်ဦးတို့ တွေ့ဆုံကာ လတ်တလောရင်ဆိုင်နေရသည့် အမေရိကန်ဒေါ်လာနှင့်

ယန်းငွေလဲလှယ်ရာတွင် ယန်းငွေတန်ဖိုး ကျဆင်းနေသည့်ကိစ္စအပေါ် ဆွေးနွေးခဲ့ကြကြောင်း ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး Suzuki Shunichi က ပြောကြားခဲ့ပါသည်။

ထို့အပြင် အဆိုပါဘဏ္ဍာရေးဝန်ကြီး ၂ ဦးတို့သည် ရုရှားနိုင်ငံအပေါ် ပိတ်ပင်ကန့်သတ်ချက်များဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ဂျပန်နှင့် အမေရိကန်တို့အနေဖြင့် အခြားသော G7 အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းကာ ပိတ်ပင်ကန့်သတ်ချက်များ ဆက်လက်ဆောင်ရွက်သွားမည်ဟု သဘောတူညီခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်။ The Japan News

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

......................................................................................................................

## ရုရှား–ယူကရိန်း ပဋိပက္ခကြောင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ယူရိုဇုန်၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချခန့်မှန်းခဲ့ခြင်း

ရုရှား–ယူကရိန်းပဋိပက္ခသည် စွမ်းအင်ဈေးနှုန်းနှင့် ကုန်ထုတ်လုပ်ငန်းကွင်းဆက်တို့အား ရိုက်ခတ်စေနိုင်သဖြင့် ယူရိုဇုန်၏ စီးပွားရေးတိုးတက်မှုအပေါ် များစွာသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) အနေဖြင့် ယူရိုဇုန်၏ စီးပွားရေးတိုးတက်မှုအလားအလာအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလက (၃.၉) ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာမှ ယခုအခါ (၂.၈) ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း Euractiv ၏ ဝက်ဘ်ဆိုဒ်တွင် "IMF cuts eurozone 2022 growth forecast on Ukraine war" ခေါင်းစဉ်ဖြင့် သတင်းရေးသား ဖော်ပြထားပါသည်။

ယင်းပဋိပက္ခနှင့် ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကြောင့် ယူရိုဇုန်၏ စီးပွားရေးအပေါ် အဓိကသက်ရောက်မှုဖြစ်စေသည်မှာ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှုနှင့် စွမ်းအင်ဖူလုံမှုရှိစေရေးအပိုင်း တို့ဖြစ်သည်ဟု IMF က ယင်း၏ ကမ္ဘာ့စီးပွားရေးခန့်မှန်းချက်အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ရုရှား–ယူကရိန်း ပဋိပက္ခသည် အခြားဥရောပနိုင်ငံများထက် အီတလီနှင့် ဂျာမနီကဲ့သို့သော နိုင်ငံများအပေါ် ပို၍ထိခိုက်စေနိုင်ကြောင်း၊ အကြောင်းရင်းမှာ ၎င်းနှစ်နိုင်ငံအနေဖြင့် ကြီးမားသော ကုန်ထုတ်လုပ်ငန်းကဏ္ဍများကို ပိုင်ဆိုင်ထားပြီး၊ ရုရှားနိုင်ငံမှ စွမ်းအင်တင်သွင်းမှုအပေါ် ပို၍မှီခိုနေရခြင်းကြောင့် ဖြစ်သည်ဟု IMF ကဆိုသည်။

Agribusiness Trade

ဂျာမနီနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် (၃.၈) ရာခိုင်နှုန်းတိုးတက်မှုရှိမည်ဟု ယခင်က ခန့်မှန်းထားရာမှ ယခုအခါ (၂.၁) ရာခိုင်နှုန်းဖြင့်သာ တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း၊ အလားတူ အီတလီနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် (၃.၈) ရာခိုင်နှုန်း ရှိနိုင်သည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ (၂.၃) ရာခိုင်နှုန်းဖြင့်သာ တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း သိရပါသည်။

ရုရှား-ယူကရိန်း ပဋိပက္ခ ဖြစ်ပွားပြီးနောက် ယူရိုဇုန်နိုင်ငံများအပါအဝင် အနောက်နိုင်ငံများက ရုရှားနိုင်ငံအပေါ် ဘဏ္ဍာရေးစနစ်၊ လေကြောင်းကဏ္ဍနှင့် အခြားသော အဓိကစီးပွားရေးအစိတ်အပိုင်းများနှင့် ပတ်သက်၍ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ပဋိပက္ခဖြစ်ပွားမှု (၂) လနီးပါးကြာမြင့်ပြီးနောက်တွင် ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း၊ ရေနံစိမ်းဈေးနှုန်းမှာ ၂၀၂၂ ခုနှစ်၊ မတ်လတွင် သမိုင်းဝင်မြင့်တက်ခဲ့ပြီးနောက် တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၁၀၀) အထက်တွင် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း၊ ဓါတ်ငွေ့၊ ဂျုံ၊ အလူမီနီယံ၊ နီကယ်နှင့် အခြားကုန်ကြမ်းပစ္စည်း ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားပါသည်။

ထိုသို့ဈေးနှုန်းများမြင့်တက်လာမှု၏ အကျိုးဆက်အဖြစ် ယူရိုဇုန်တွင် စားသုံးသူဈေးနှုန်းဖောင်းပွမှုသည် (၇.၅) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး၊ အမြင့်ဆုံးအဆင့်ဖြစ်ခဲ့သည်ဟု ဆိုသည်။ ယူရိုဇုန်၌စီးပွားရေး နှေးကွေးမှုဖြစ်ပေါ်နိုင်သော်လည်း စီးပွားရေးကျကပ် (Recession) မဖြစ်ပေါ်နိုင်ဟု ခန့်မှန်းထားကြောင်း၊ ဥရောပဗဟိုဘဏ်အနေဖြင့်လည်း ပြီးခဲ့သည့်လအတွင်းက စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချခဲ့ပြီး၊ ယူရိုဇုန်တွင် ငွေကြေးဖောင်းပွမှုနှုန်း ဆက်လက်မြင့်တက်နေမည်ဟု သတိပေးထားကြောင်း သိရပါသည်။

ရင်းမြစ် - [https://www.euractiv.com/section/economy-jobs/news/imf-cuts-eurozone-2022-growth-forecast-on-ukraine-war/](https://www.euractiv.com/section/economy-jobs/news/imf-cuts-eurozone-2022-growth-forecast-on-ukraine-war/)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

.............................................................

## နယ်သာလန်နိုင်ငံသည် အီးယူတွင် ယူကရိန်းနိုင်ငံမှ နေကြာဆီကို အများဆုံးတင်သွင်းသူအဖြစ် ရပ်တည်ခဲ့ခြင်း

နယ်သာလန်နိုင်ငံ စာရင်းအင်းအဖွဲ့အစည်း (Statistics Netherlands – CBS) မှ ထုတ်ပြန်သည့် အချက်အလက်များအရ နယ်သာလန်သို့ တင်သွင်းသည့် နေကြာဆီများ၏ (၈၄) ရာခိုင်နှုန်းမှာ ယူကရိန်းနိုင်ငံမှဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံသည် ယူကရိန်းနိုင်ငံမှ နေကြာဆီနှင့် ပြောင်းတို့ကို အများဆုံးတင်သွင်းသည့် အီးယူနိုင်ငံဖြစ်ပြီး၊ နေကြာဆီတင်သွင်းမှုတန်ဖိုး ယူရို (၅၃၈) သန်းနှင့် ပြောင်းတင်သွင်းမှုတန်ဖိုး ယူရို (၅၃၆) သန်း အသီးသီးရှိခဲ့ကြောင်း သိရပါသည်။ နယ်သာလန်နိုင်ငံသို့ တင်သွင်းသည့် ပြောင်းများ၏ (၄၂) ရာခိုင်နှုန်းမှာ ယူကရိန်းနိုင်ငံထံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ယူကရိန်းနိုင်ငံထံမှ တင်သွင်းထားသည့် နေကြာဆီနှင့် ပြောင်းတို့မှာ နယ်သာလန်နိုင်ငံ၌ ပြုပြင်ထုတ်လုပ်ပြီးနောက် အခြားကမ္ဘာ့နိုင်ငံများသို့ ပြန်လည်တင်ပို့ခြင်းဖြစ်ကြောင်း၊ တင်သွင်းသည့် ပြောင်းများ၏ (၆၆) ရာခိုင်နှုန်းနှင့် တင်သွင်းလာသည့် နေကြာဆီ၏ (၈၅) ရာခိုင်နှုန်းတို့ကို ကမ္ဘာ့နိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရပါသည်။ နယ်သာလန်နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ယူကရိန်းနိုင်ငံထံမှ ကုန်စည်တင်သွင်းမှုမှာ တန်ဖိုးအားဖြင့် ယူရို (၂) ဘီလျံကျော် ရှိခဲ့ကြောင်း၊ ယင်းပမာဏ၏ (၈၈) ရာခိုင်နှုန်းမှာ ယူကရိန်းနိုင်ငံမှ ထွက်ရှိသည့် ပြောင်းနှင့် ဟင်းချက်ဆီအမျိုးမျိုးကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှား–ယူကရိန်း ပဋိပက္ခဖြစ်ပွားနေမှုကြောင့် နယ်သာလန်နိုင်ငံအနေဖြင့် အချို့ထုတ်ကုန်များ ပြတ်လပ်မည့် အခြေအနေကို ကြုံတွေ့ရနိုင်သည့် အလားအလာရှိလာကာ စူပါမတ်ကပ်များအနေဖြင့် အစားထိုးနိုင်မည့် အရင်းအမြစ်များ ရှာဖွေရခြင်း၊ စိုးရိမ်စိတ်ဖြင့် စုဆောင်းဝယ်ယူမှုများကြောင့် ကုန်ပစ္စည်းပြတ်လပ်ခြင်းစသည့် ဖိအားများရှိလာကြောင်း သိရပါသည်။

နယ်သာလန်နိုင်ငံ၌ ပြောင်းကို မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းဖြစ်ရာ ယူကရိန်းနိုင်ငံထံမှ ပြောင်းတင်သွင်းမှုအခက်အခဲနှင့် ပြတ်လပ်မှုပြဿနာကြောင့် အသားနှင့် နို့ထွက်ပစ္စည်းဈေးနှုန်းများ မြင့်တက်မှုဖြစ်လာစေနိုင်ကြောင်း၊ နေကြာဆီအတွက် အစားထိုးအရင်းအမြစ်များအဖြစ် ဆီအုန်းနှင့် ပန်းနှမ်းဆီတို့ကို ရရှိနိုင်သော်လည်း ၎င်းတို့မှာ နေကြာဆီထက်ပို၍ ကုန်ကျစရိတ်များပြားနိုင်ကြောင်း သိရပါသည်။

ရင်းမြစ် – [https://www.iamexpat.nl/expat-info/dutch-expat-news/netherlands-largest-importer-ukrainian-sunflower-oil-eu](https://www.iamexpat.nl/expat-info/dutch-expat-news/netherlands-largest-importer-ukrainian-sunflower-oil-eu)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## ဘယ်လ်ဂျီယံနိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်ငန်းများ၏ (၄၀) ရာခိုင်နှုန်းက လုပ်ငန်းလျှော့ချရန် စီစဉ်လျက်ရှိခြင်း

ဘယ်လ်ဂျီယံနိုင်ငံ စားသောက်ကုန်လုပ်ငန်းအသင်းချုပ် (Federation of Belgian Food Industry-Fevia) ၏ အဆိုအရ ဘယ်လ်ဂျီယံရှိ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီ/လုပ်ငန်းများ၏ (၄၀) ရာခိုင်နှုန်းက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ယာယီရပ်တန့်ထားရန် (သို့မဟုတ်) လျှော့ချသွားရန် စီစဉ်လျက်ရှိကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ထောက်ပံ့ရေးကွင်းဆက်အပေါ် သက်ရောက်နိုင်မှုနှင့် စပ်လျဉ်း၍ Fevia က ယင်း၏ ကော်ပိုရိတ်အဖွဲ့ဝင်လုပ်ငန်းများအား စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်ငန်းများအနေဖြင့် ထုတ်လုပ်ရာတွင် လိုအပ်သည့် ဆီနှင့် ဂျုံမှုန့်ကဲ့သို့သော ပါဝင်ပစ္စည်းကုန်ကြမ်းများပြတ်လပ်မှုကို ကြုံတွေ့နေရပြီး၊ ပြီးခဲ့သည့်နှစ်က တစ်တန်လျှင် ယူရို (၇၅၀) ဖြင့် ရရှိနိုင်သည့် ပန်းနှမ်းဆီမှာလည်း ယခုအခါ တစ်တန်လျှင် ယူရို (၂၂၀၀) ခန့်ကုန်ကျမှုရှိနေပြီး၊ (၃) ဆနီးပါး ဈေးနှုန်းမြင့်တက်လာသည်ဟု ဆိုသည်။ စားသောက်ကုန် ထုတ်လုပ်သည့်ကုမ္ပဏီများ၏ (၇၀) ရာခိုင်နှုန်းခန့်မှာ ၎င်းတို့၏ ထုတ်ကုန်များကို အပြောင်းအလဲပြုလုပ်ခြင်း (သို့မဟုတ်) များမကြာမီကာလတွင် ပြောင်းလဲခြင်းကို ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံအစိုးရအနေဖြင့် ကုန်ကြမ်းရရှိရန်ခက်ခဲသည့် စားသောက်ကုန်ပါဝင်ပစ္စည်းများအတွက် အစားထိုးကုန်ကြမ်းများကို အသုံးပြုရန် ခွင့်ပြုထားကြောင်း၊ ဥပမာအားဖြင့် အေးခဲအာလူးချောင်းနှင့် အချဉ်နှစ် ထုတ်လုပ်သူများသည် ၎င်းတို့၏ ထုတ်ကုန်များတွင် တံဆိပ်ကပ်ဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိစေကာမူ နေကြာဆီအစား မြေပဲဆီ (သို့မဟုတ်) ပဲပိစပ်ဆီတို့ကို အစားထိုး အသုံးပြု၍ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရပါသည်။

လက်ရှိတွင် ဘယ်လ်ဂျီယံနိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်ငန်းများ၏ ရှေ့အလားအလာနှင့် ပတ်သက်၍ ကောင်းမွန်သည့်အခြေအနေတွင် မရှိသော်လည်း ၂၀၂၁ ခုနှစ်တွင်မူ စားသောက်ကုန်လုပ်ငန်းကဏ္ဍ ပြန်လည်နိုးထခဲ့ပြီး၊ အဆိုပါကဏ္ဍမှ ဝင်ငွေ ယူရို (၆၁.၄) ဘီလျံဖြင့် နိုင်ငံ၏စီးပွားရေးတွင် မောင်းနှင်အားတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံသားဦးရေ (၁)သိန်း နီးပါးကိုလည်း စားသောက်ကုန်လုပ်ငန်းကဏ္ဍမှ အလုပ်အကိုင်များ ဖန်တီးပေးထားကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံ၏ စားသောက်ကုန်ထုတ်လုပ်ငန်းကဏ္ဍသည် ကပ်ရောဂါ၏ သက်ရောက်မှုဒဏ်မှ ပြန်လည်ရုန်းထလာခဲ့သော်လည်း ကပ်ရောဂါကြောင့် မြင့်တက်ခဲ့သည့် ထောက်ပံ့ရေးကွင်းဆက်

ကုန်ကျစရိတ်များသည် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ပို၍ပင်များလာခဲ့ရာ အမြတ်အစွန်းရရှိမှုပိုင်းတွင် တိုးတက်လာခြင်းမရှိကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းသည် စွမ်းအင်ပိုမိုသုံးစွဲရခြင်းဖြစ်ပြီး၊ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ဘယ်လ်ဂျီယံရှိ အဆိုပါလုပ်ငန်းများ၏ (၅၀) ရာခိုင်နှုန်းခန့်သည် စွမ်းအင်သုံးစွဲခ (၂) ဆအထိ မြင့်တက်လာမှုကို ကြုံတွေ့ရကြောင်း၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၏ သုံးပုံတစ်ပုံကျော်ခန့်မှာ စွမ်းအင်သုံးစွဲခ (၃) ဆအထိ မြင့်တက်မှုကို ကြုံတွေ့ကြရကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံရှိ စူပါမတ်ကပ်များအနေဖြင့် ဈေးနှုန်းတိုးမြှင့်ရေး ဆွေးနွေးမှုများကို များစွာကြိုဆိုကြခြင်းမရှိသောကြောင့် ထုတ်လုပ်သူများအနေဖြင့် ကုန်ကျစရိတ်ကို ကာမိစေရေးအတွက် အခက်အခဲရှိသည်ဟု Fevia က ဖော်ပြသည်။ ထို့ကြောင့် ဘယ်လ်ဂျီယံ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍအနေဖြင့် စားသောက်ကုန်များတွင် တံဆိပ်ကပ်ဖော်ပြမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ပိုမိုဖြေလျှော့ပေးခြင်းအပါအဝင် အစိုးရ၏ ထောက်ပံ့မှုများကို တောင်းဆိုလျက်ရှိကြကြောင်း၊ ထိုသို့ ဖြေလျှော့ပေးခြင်းဖြင့် ကုန်ကြမ်းအတွက် ကုန်ကျစရိတ်များကို သက်သာစေနိုင်ပြီး၊ ကုန်ကြမ်း ရှားပါးမှုပြဿနာကိုလည်း ထိန်းညှိပေးနိုင်ကြောင်း သိရပါသည်။

ရင်းမြစ် - [https://www.brusselstimes.com/215878/40-of-belgian-food-producers-to-halt-or-reduce-activity](https://www.brusselstimes.com/215878/40-of-belgian-food-producers-to-halt-or-reduce-activity)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.............................................................................................................

## ဟောင်ကောင်ဒေသရှိ ကုန်တိုက်/ဈေးဆိုင်များတွင် Easter Holiday အတွင်း ကုန်ပစ္စည်းအရောင်းအဝယ်များ (၅၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်း

ဟောင်ကောင်ဒေသရှိ ကုန်တိုက်/ဈေးဆိုင်များတွင် Easter Holiday ကာလ(၄) ရက်အတွင်း ရောင်းချမှုများ မြင့်တက်ခဲ့ပြီး ကုန်ပစ္စည်းအရောင်းအဝယ် (၅၀) ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ဒေသအစိုးရမှ ဟောင်ကောင်ဒေါ်လာ ၅,၀၀၀ တန်ဖိုးရှိ Consumption Voucher များအား ပထမဆုံးအကြိမ် အရစ်ကျပံ့ပိုးပေးခဲ့ခြင်း၏ အကျိုးကျေးဇူး ရလဒ်ပင်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့ ထုတ် The Standard သတင်းစာ၌ “Shopping malls saw

over 50 percent rise in business during Easter holiday” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ဟောင်ကောင်ဒေသ Tuen Mun ရှိ tmtplaza ၊ West Kowloon ရှိ Olympic City နှင့် Tsuen Wan ရှိ Citywalk တို့၌ ယခင်လနှင့် နှိုင်းယှဉ်လျှင်ကုန်ပစ္စည်းအရောင်းအဝယ် (၅၀) ရာခိုင်နှုန်းနှင့် ဝယ်ယူသူများ လာရောက်မှု(၂၅) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ ဒေသအစိုးရမှ ပထမအကြိမ် Consumption Voucher များအား ဒေသတွင်းအမြဲတမ်း နေထိုင်သူများထံသို့ ထောက်ပံ့ငွေအဖြစ် ဖြန့်ဝေပေးပြီး ရက်သတ္တပတ်(၂) ပတ်အကြာတွင် ဒေသတွင်းစားသုံးမှုနှင့် လက်လီရောင်းချမှုများ မြင့်တက်ခဲ့ကြောင်း၊ အချို့သော ကုန်သည်များမှ ပြောကြားခဲ့ရာတွင် Easter Holiday ကာလ (၄)ရက် အတွင်း ဈေးဝယ်လာရောက်သူများ များပြားခဲ့ပြီး ၎င်းတို့၏ ကုန်ပစ္စည်းအရောင်းအဝယ်များ နှစ်ဆမြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ Sino Group ၏ စားသောက်ဆိုင်များ၌ ညပိုင်းတွင် ဆိုင်ထိုင်စားသောက်ရန် ကြိုတင်စာရင်းပေးထားမှုများ လက်ခံရရှိထားသောကြောင့် ၂၁-၄-၂၀၂၂ (ကြာသပတေးနေ့) မှစတင်၍ စားသောက်ဆိုင်များ၌ ညပိုင်းတွင် ဆိုင်ထိုင်စားသောက်ရန် ဒေသအစိုးရမှ ခွင့်ပြုမှုကြောင့် စားသောက်ဆိုင်လုပ်ငန်းကဏ္ဍအတွက် ပြန်လည်ကောင်းမွန်ရန် မျှော်လင့်လျက်ရှိကြောင်း၊ ယခင်လနှင့် နှိုင်းယှဉ်လျှင် Easter Holiday ကာလ (၄) ရက် အတွင်း Sun Hung Kai properties ၏ ဈေးဝယ်စင်တာ (၁၅) ခုတွင် ကုန်ပစ္စည်းအရောင်းအဝယ် (၅၀) ရာခိုင်နှုန်းနှင့် ဝယ်ယူသူများလာရောက်မှု (၃၀) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ ဈေးဝယ်စင်တာများရှိ ရောင်းချသူ (၃၀၀) ဦးမှလည်း လွန်ခဲ့သော ရက်သတ္တပတ် (၂) ပတ်မှစတင်၍ ဝယ်ယူသည့် ပစ္စည်းများအပေါ် ပြန်အမ်းငွေများပေးရန် အစီအစဉ်များ ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ဈေးဝယ် Voucher များ အသုံးပြုဝယ်ယူသူများအတွက် ပြန်လည် ဆုချီးမြှင့်မှုအစီအစဉ် (၁၅,၀၀၀) ခု ဆောင်ရွက်ပေးခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………….

Agribusiness & Trade

## ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးပြီးနောက်စီးပွား ရေးလုပ်ငန်းများအနေဖြင့် အလုပ်သမားများ ရရှိရန် အခက်အခဲနှင့် ကြုံတွေ့လျက်ရှိခြင်း

ဟောင်ကောင်ဒေသ၌ လူမှုအသိုက်အဝန်းအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးပြီးနောက် အဆောက်အအုံများ သန့်ရှင်းရေးနှင့် ကြိုတင်စာရင်းပေးမှုများ လက်ခံခြင်းတို့ ဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းများ၌ အလုပ်သမားများရရှိရန် အခက်အခဲနှင့် ကြုံတွေ့လျက်ရှိသဖြင့် လုပ်ငန်းပြန်လည်စတင်ရန် အဆင်မပြေမှုများ ရှိနေကြောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “Businesses face staff woes as city ease curbs” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ အချို့သောလုပ်ငန်းများမှာ အလုပ်သမားများ လုပ်ငန်းပြောင်းလဲလုပ်ကိုင်မှုနှင့် အလုပ်မှ နုတ်ထွက်သွားခြင်းကြောင့် ၎င်းတို့၏လုပ်ငန်း အချို့ကိုသာ ပြန်လည်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးမှု ပထမအဆင့်အနေဖြင့် ၂၁-၄-၂၀၂၂ ရက်နေ့မှ စတင်၍ စားသောက်ဆိုင်များအား ညပိုင်း (၁၀ : ၀၀) နာရီအထိ ဖွင့်လှစ်ခွင့်ပြုပြီး စားပွဲတစ်ဝိုင်းလျှင် အများဆုံး လူ (၄) ဦးအထိ ထိုင်၍ စားသောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် ၇-၁-၂၀၂၂ ရက်နေ့မှ စတင်၍ပိတ်ထားခဲ့သည့် အားကစားခန်းမများ၊ အလှပြင်ဆိုင်များနှင့် အနှိပ်ခန်းများ၊ ရုပ်ရှင်ရုံများ၊ ဂိမ်းစင်တာများ၊ အထင်ကရ ပန်းခြံများနှင့် ဝတ်ပြုဆုတောင်းသည့်နေရာများနှင့် ဘုရားများအား ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ စားသုံးသူများနှင့် ဝန်ထမ်းများအနေဖြင့် ယခုသတ်မှတ်ထားသည့် Vaccine pass scheme အား ခံစားခွင့်ရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး (၁) ကြိမ်စီ ထိုးနှံထားရမည်ဖြစ်ကြောင်း၊ သို့သော် ၃၀-၄-၂၀၂၂ ရက်နေ့မှ ၃၀-၅-၂၀၂၂ ရက်နေ့အတွင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး (၂) ကြိမ်စီ ထိုးနှံထားရမည်ဖြစ်ပြီး ၃၁-၅-၂၀၂၂ ရက်နေ့နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး(၃) ကြိမ် ထိုးနှံထားရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ နေ့စဉ် အတက်အကျရှိနေပြီး ၂၀-၄-၂၀၂၂ ရက်နေ့တွင် ကူးစက်မှုအသစ် အတည်ပြုလူနာ (၆၆၈) ဦးနှင့် သေဆုံးသူ (၁၀) ဦး ရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက် (၁၀၀) အောက်ရှိရန် မျှော်လင့်လျက်ရှိကြောင်း၊ လက်သည်းခြေသည်း အလှပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ အနှိပ်ခန်းများနှင့် အလှပြင်ဆိုင်များ၌ ကြိုတင်စာရင်းပေးမှုများ မြင့်မားလျက်ရှိကြောင်း၊ ဝန်ထမ်းများအားလုံးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး

အပြည့်အဝ ထိုးနှံပြီးပြီဖြစ်ကြောင်း၊ အားကစားခန်းမများမှာ ရက်ပေါင်း(၁၀၀) ကျော် ပိတ်ထားခဲ့ရသောကြောင့် ဝင်ငွေအနည်း ဆုံးဟောင်ကောင်ဒေါ်လာ(၁) သန်းကျော် ဆုံးရှုံးခဲ့ကြောင်း၊ အလှပြင်ဆိုင်များ၌ ၂၁-၄-၂၀၂၂ ရက်နေ့တွင် အလုပ်သမား (၄၀) ရာခိုင်နှုန်းခန့်မှာ လုပ်ငန်းခွင်သို့ လာရောက်နိုင်ခြေမရှိနိုင်ဟု ခန့်မှန်းထားကြောင်း၊ မရေရာ မသေချာသေးသော အခြေအနေတွင် တရုတ်ပြည်မကြီး၌ ပြည်သူများအား နေအိမ်များ၌ နေထိုင်ရန် သတ်မှတ်ထားကြောင်း၊ ဟောင်ကောင်ဒေသအစိုးရအနေဖြင့်လည်း လုပ်ငန်းများဖွင့်လှစ်ထားမှုအား အချိန်မရွေး ရပ်တန့်ခိုင်းနိုင်ကြောင်း၊ အနှိပ်ခန်းများဖွင့်လှစ်ရာတွင် ဝန်ထမ်းနှင့် အနှိပ်ခံသူအားလုံးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးရန် သတ်မှတ်ထားကြောင်း၊ ခရီးသွားလုပ်ငန်း အနေဖြင့်လည်း ဟောင်ကောင်ဒေသတွင်း ခရီးသွားလာမှုများ ပြန်လည်လုပ်ကိုင်ရန် မျှော်လင့်လျက်ရှိကြောင်း၊ ခရီးသွားဧည့်လမ်းညွှန်များ၊ ဘတ်စ်ကားမောင်းနှင်သူများနှင့် အခြားဝန်ထမ်းများမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး (၃) ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း၊ ဘတ်စ်ကားများအားလည်း ပြန်လည်မပြေးဆွဲမီ ပိုးသတ်ဆေး ဖျန်းထားမည်ဖြစ်ကြောင်း၊ အလှပြင်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရန် လေဝင်လေထွက်ကောင်းအောင် ပြင်ဆင်ထားမည်ဖြစ်ကြောင်း၊ သို့သော် ဆိုင်ပိတ်ထားခဲ့စဉ် ကာလအတွင်း ဝန်ထမ်းများ အလုပ်မှနုတ်ထွက်သွားသောကြောင့် ဝန်ထမ်းအင်အား အပြည့်အဝ ထိန်းသိမ်းထားရန်မှာ အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## ဂျာမနီနိုင်ငံတွင် လောင်စာစွမ်းအင်တင်သွင်းမှုအပေါ် ကန့်သတ်မှုနှင့် စီစဉ်ဆောင်ရွက်မှုများ

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဂျာမနီ၊ အီတလီ၊ ဟန်ဂေရီနှင့် ဩစတြီးယားနိုင်ငံများသည် ရုရှားနိုင်ငံမှ လောင်စာစွမ်းအင်တင်သွင်းမှုအပေါ် များစွာမှီခိုအားထားနေသည့် နိုင်ငံများဖြစ်ကြသည်။ အီးယူက ဧပြီလအတွင်း ရုရှားနိုင်ငံမှ ကျောက်မီးသွေးတင်သွင်းမှုကို ပိတ်ပင်လိုက်ပြီးသည့်နောက်ပိုင်း အီးယူနိုင်ငံဆိုင်ရာဝန်ကြီးများအကြား ရုရှားနိုင်ငံမှ လောင်စာဆီ တင်သွင်းမှုအား တားမြစ်ပိတ်ပင်မည့် အလားအလာအတွက် ဆွေးနွေးတိုင်ပင်ကြဆဲဖြစ်သည်။ ရုရှားနိုင်ငံအပေါ် တားမြစ်ပိတ်ဆို့မှုများရှိနေသော်လည်း အီးယူနိုင်ငံများသည်ရုရှားနိုင်ငံမှ တစ်နေ့လျှင် အမေရိကန်ဒေါ်လာသန်း(၈၅၀) ခန့်တန်ဘိုးရှိသော လောင်စာဆီနှင့် ဓါတ်ငွေ့များကို တင်သွင်းနေရဆဲဖြစ်သည်။

ဥ်အတောအတွင်း ရုရှားနိုင်ငံက ၎င်းတို့ဓါတ်ငွေ့တင်ပို့မှုအတွက် ရူဘယ်ငွေကြေးဖြင့်ပေးချေရန် တောင်းဆိုမှုကို G7 အဖွဲ့ဝင်နိုင်ငံများက ငြင်းဆန်ပယ်ချခဲ့ပါသည်။

ဂျာမနီနိုင်ငံတွင် ရုရှားနိုင်ငံမှ လောင်စာဆီ၊ ဓါတ်ငွေ့နှင့် ကျောက်မီးသွေးများ တင်သွင်းမှုကို ထိန်းချုပ်ကန့်သတ်မှုများပြုလုပ်ရန် ဆောင်ရွက်လျှက်ရှိပြီး တစ်ဖက်တွင်လည်း လုပ်ငန်းရှင်များနှင့် Trade Union များက ဈေးနှုန်းများကြီးမြင့်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ထိခိုက်နိုင်မှုများကို ဝေဖန်ထောက်ပြလာကြသည်။ ဂျာမနီနိုင်ငံအနေဖြင့် အဓိကထုတ်လုပ်မှု အချက်အခြာဒေသဖြစ်ခြင်းကြောင့် တင်သွင်းမှုကို ချက်ခြင်းရပ်တန့်ရန်ထက် လောင်စာဆီကို ယခုနှစ်ကုန်ပိုင်းနှင့် ဓါတ်ငွေ့ကို ၂၀၂၄ နှစ်လယ်ပိုင်းလောက်တွင် ကန့်သတ်မှုများပြုလုပ်ရန် စီစဉ်ထားရှိသည်။ ဂျာမနီနိုင်ငံဝန်ကြီးချုပ် Mr.Olaf Scholz ကလည်း မိတ်ဘက်နိုင်ငံများအား ရုရှားနိုင်ငံမှ လောင်စာဆီနှင့် ဓါတ်ငွေ့များတင်သွင်းမှုကို ရုတ်ချည်းကန့်သတ်ပိတ်ပင်မှု ပြုလုပ်လျှင် အီးယူနိုင်ငံများအတွက် ပိုမိုထိခိုက်စေနိုင်ကြောင်း သတိပေးပြောဆိုခဲ့သည်။

အီးယူ(၂၇) နိုင်ငံသည် ရုရှားနိုင်ငံမှ ၎င်းတို့၏ ဓါတ်ငွေ့ ၄၀ ရာခိုင်နှုန်းနှင့် လောင်စာဆီ ၂၅ ရာခိုင်နှုန်းကို တင်သွင်းလျှက်ရှိသည်။ ဂျာမနီနိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ လောင်စာဆီ တင်သွင်းမှုမှာ ယခုကာလအတွင်း ၃၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဓါတ်ငွေ့တင်သွင်းမှုမှာ ၅၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့လည်းကောင်း ကျဆင်းခဲ့ပါသည်။ ကျောက်မီးသွေးတင်သွင်းမှုကို မူလ ၅၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ ရောက်ရှိရန် ဆောင်ရွက်နေသည်။

ဂျာမနီနိုင်ငံ၏ Ministry of Economy and Climate Action ၏ ဝန်ကြီးဖြစ်သူ Robert Habeck ကမူ ရုရှားနိုင်ငံမှ လောင်စာစွမ်းအင်တင်သွင်းမှုအပေါ် မှီခိုအားထားနေခြင်းကို ပြီးဆုံးရန် လုပ်ဆောင်နေကြောင်း၊ ဓါတ်ငွေ့တင်သွင်းမှုလျှော့ချနိုင်ရန် ဖက်ဒရယ်အစိုးရ၊ ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ကုမ္ပဏီများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် ရုရှားဓါတ်ငွေ့တင်သွင်းမှုမှ ကင်းလွတ်ရန် ဖြစ်နိုင်ချေရှိကြောင်း၊ ဖက်ဒရယ်အစိုးရအနေဖြင့် floating LNG terminals (၃) ခုကို သီးသန့်အရန်ထားရှိရန် စတင်ဆောင်ရွက်နေကြောင်း၊ ပြောဆိုခဲ့ပြီး မတ်လ(၃၀) ရက်နေ့တွင် အမျိုးသားအရေးပေါ် ဓါတ်ငွေ့အစီအစဉ်အတွက် early warning level ကို စတင်ခဲ့ကာ စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများသို့ ဓါတ်ငွေ့နှင့် အခြား လောင်စာစွမ်းအင်များကို ချွေတာသုံးစွဲကြရန် တောင်းဆိုခဲ့ပါသည်။

Agribusiness & Trade

ဂျာမနီနိုင်ငံ ဘာလင်အနောက်ပိုင်းတွင် လယ်ကွင်းများမှ မြေသြဇာအငွေ့များနှင့် ပြောင်း၊ မြက်စသည့် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများဖြင့် လောင်စာစွမ်းအင်ထုတ်လုပ်ရရှိနိုင်ရန် ဆောင်ရွက်နေကြသည်။ ဘက်တီးရီးယားများကို လောင်ကျွမ်းစေခြင်းဖြင့် မီသိုင်းဓါတ်ငွေ့ကို ထုတ်လုပ်ရယူခြင်းဖြစ်သည်။ လယ်သမားများက လောင်စာစွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် ဂုဏ်ယူစွာဆောင်ရွက်နေကြပြီး နိုင်ငံအတွင်း ဘိုင်အိုဂက်စ်တွင်ကျယ်စွာထုတ်လုပ်နိုင်ရန် အစိုးရက ရိုးရှင်းသောစည်းမျဉ်းများချမှတ်ဆောင်ရွက်ပေးရန် တောင်းဆိုနေကြသည်။ လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်းစစ်ပွဲ၏ ရိုက်ခတ်မှုကြောင့် ရုရှား၏လောင်စာစွမ်းအင်ပေါ် မှီခိုနေရခြင်းမှလွတ်ကင်းရန် ဘိုင်အိုဂက်စ်ထုတ်လုပ်မှုသည် လျင်မြန်စွာတိုးတက်လာမည့်အလားအလာများ တွေ့မြင်လာရသည်။ ဖက်ဒရယ်အစိုးရအနေဖြင့်လည်း လောင်စာဆီဈေးနှုန်းမြင့်တက်လာနေမှုကို ကာမိစေရန် Green gas ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လိုကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ဂျာမနီနိုင်ငံအနေဖြင့် ကာဗွန်ဓါတ်ငွေ့ထုတ်လုပ်မှုလျော့ချခြင်းနှင့် ညူကလီးယား လျှပ်စစ်ဓါတ်အားပေးစက်ရုံများ ပိတ်သိမ်းရန် ဆောင်ရွက်ထားခြင်းကြောင့် သဘာဝဓါတ်ငွေ့ တင်သွင်းရန်နှင့် ထုတ်လုပ်ရန် လိုအပ်နေခြင်းဖြစ်ပါသည်။ လက်ရှိတွင် ရုရှားနိုင်ငံအပြင် နယ်သာလန်နှင့် နော်ဝေနိုင်ငံတို့မှလည်း တင်သွင်းလျှက်ရှိပါသည်။ လက်ရှိအခြေအနေတွင် ဂျာမနီနိုင်ငံတွင် လောင်စာဆီဈေးနှုန်းများမြင့်တက်မှုကြောင့် ရုရှားနိုင်ငံ၏ လောင်စာဆီအပေါ် မှီခိုရခြင်းနှင့် နိုင်ငံသားများအတွက် ငွေကြေးကြပ်တည်းမှုအခြေအနေမှ လျော့ချနိုင်ရန် စွမ်းအင်စုဆောင်းမှုနှင့် ထိရောက်အကျိုးရှိမှုဆိုင်ရာ သက်သာကုစားမှုအစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ **Building Energy Law (GEG)** ကို ထပ်မံပြင်ဆင်ဖြည့်စွက်၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ အဆောက်အဦအသစ်များအတွက် လိုက်နာဆောင်ရွက်ရမည့် စံချိန်စံညွှန်းများကို ရေးဆွဲထားရှိကာ လုပ်ငန်းရှင်များအား ဆွဲဆောင်မက်လုံးပေးမှု အစီအစဉ်များလည်း ပါဝင်ထားရှိပါသည်။ ထို့ပြင် အပူပေးမှုစနစ် (heating systems) များအတွက်လည်း ယခင် ၂၀၂၅ ခုနှစ်တွင် စတင်ရန် စီစဉ်ချမှတ်ထားသည့်ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များ (renewable sources) ၆၅ ရာခိုင်နှုန်း ဖြင့်အသုံးပြုလည်ပတ်စေခြင်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင်စတင်ရန်၊ နိုင်ငံတစ်ဝှမ်း municipal heat planning ကို စတင်မိတ်ဆက်အသုံးပြုရန်နှင့် ၂၀၃၀ ခုနှစ်တွင် လေထုညစ်ညမ်းမှု လုံးဝမရှိသည့် Climate Neutral စနစ်ဖြင့်အနည်းဆုံး ၅၀ ရာခိုင်နှုန်း အပူပေးနိုင်ပြီး စွန့်ပစ်ပစ္စည်း အသုံးပြုအပူပေးစနစ်နှင့် ပေါင်းစပ်ဆောင်ရွက်ရန်တို့ကို ချမှတ်ထားရှိပါသည်။

Sources: https://www.euronews.com/https://www.gtai.de/en/invest/industries/energy/german-relief-package-emphasizes-energy-efficiency--823858

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်